www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


၈၉၅.၈၃

ပညာဒီပ

ပုဏ္ဏကကျိန်စာ/တြိစက္ခ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၁၆၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) တြိစက္ခ

စာမူခွင့်ပြုချက်အမှတ် ၅၀၀၇၇၆၀၅၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၆၄၀၉၁၁၊

ထုတ်ဝေသူ ။ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် ။ ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊သုဝဏ္ဏ၊ ရန်ကုန်မြို့

ဖြန့်ချိရေး ။ ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ကျောက်မြောင်း၊ ရန်ကုန်မြို့

ပထမအကြိမ် - ၂၀၁၂ ခုနှစ်၊ (ဇွန်လ)၊ အုပ်ရေ(၅၀၀) ၊တန်ဖိုး(၂၀၀)ကျပ်




www.burmeseclassic.com

www.burmeseclassic.com

# ဒဿယနလက်ဆောင်

❁ ငယ်ရွယ်စဉ်အချိန်က…
ချစ်သူက "ချစ်တယ်" လို့ပြောတဲ့
စကားတစ်ခွန်းကို
အပြောခံရတဲ့သူက
ဘယ်တော့မှ မမေ့ပါဘူး။
ပြောတဲ့သူကသာ မေ့သွားလေ့ရှိကြပါတယ်။

❁ ငိုကြွေးခြင်းကြောင့် ကျလာသောမျက်ရည်သည်
စိတ်၏ထွက်ပေါက်ပင်ဖြစ်၏။
ထိုမျက်ရည်ကို သိမ်းထားပါက
အသည်းနှလုံးကို…
တဖြည့်ဖြည့် လောင်ကျွမ်းပါလိမ့်မည်။

❁ အတိတ်မှ မှားယွင်းမှုများကို
မှတ်ဉာဏ်ထဲမှာ ရှာလျှင်တွေ့နိုင်ပါသည်။
အနာဂတ်၏အောင်မြင်မှုများကို
ရှာချင်လျှင်တော့
စဉ်းစားတွေးခေါ်မှုများ၌သာ တွေ့နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဒဿယနုလက်ဆောင်

❁ လေပူများက မီးပုံးတစ်လုံးကို
မိုးပေါ်ပျံတက်အောင် လုပ်ပေးနိုင်သည်။
သို့သော် လေပူနှင့်မီးပုံး ထိတွေ့ရန်အတွက်တော့
လူသားက လုပ်ပေးရပါသည်။

❁ သမိုင်းတစ်လျှောက်မှာ
နာမည်ကောင်း တွင်ကျန်ခဲ့သူများမှာ
သူတို့ ယူသွားသောအရာများကြောင့် မဟုတ်ပေ။
သူတို့ ပေးထားခဲ့သည့်
အရာများကြောင့်ပင် ဖြစ်ပေသည်။

❁ အကယ်၍ သင့်ကို အနာတရဖြစ်အောင်
ပြုလုပ်ခဲ့သောအရာမှန်သမျှကို
အမြဲတစေ သတိရနေခြင်းမှာ
နောက်တစ်ကြိမ် မဖြစ်အောင်
တားဆီးနိုင်သောအရာပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# ဒုသယနှလက်ဆောင်

❁ အမှန်တရားတစ်ခုအတွက်
မိမိကိုယ်ကို အမှတ်ပေးဖို့ လိုအပ်လျှင်
အမှားများစွာ ပြုလုပ်ခဲ့ခြင်းအတွက်
အမှတ်ပေးဖို့ ဝန်မလေးသင့်ပေ။

❁ ပျော်ရွှင်မှုများကို
မျှော်လင့်နေရင်းမှပင်...
မမျှော်လင့်ဘဲ ဝေဒနာက
ရောက်လာတတ်ကြသည်။
သို့သော် ဝေဒနာကြားမှ
မျှော်လင့်ချက်အချို့ကို တွေ့နိုင်ပါသေးသည်။

❁ အမှားကို ရှုထောင့်အမျိုးမျိုးမှ မြင်ကြသည်။
အချို့က မိမိအမှားဟု မြင်ကြသည်။
အချို့ကတော့ အခြားသူအမှားဟု မြင်ကြသည်။
မည်သို့ပင်ရှိစေ...
အမှားကတော့ ရှိနေမြဲပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# ဒသယနုလက်ဆောင်

❁ အကြေကွဲဆုံးသော မျက်ရည်မှာ..
သင် ငိုမထွက်ခဲ့သော
မျက်ရည်ပင် ဖြစ်သည်။
ထိုမျက်ရည်သည် ရင်ထဲတစ်နေရာမှာ
မခမ်းမခြောက် ရှိနေတတ်သည်။

❁ သေခြင်းတရားကို
အတော်များများက သိကြသည်၊
သို့သော် အတော်များများက မေ့ထားကြသည်၊
ထိုကဲ့သို့ မေ့ချင်ယောင်ဆောင်သူများထံသို့
သေခြင်းက အလျင်အမြန် ရောက်လာလေ့ရှိသည်၊

❁ ကိုယ်တွေ့ကြုံမှ အဖြစ်မှန် သိရသည်ထက်
မကြုံခင် သိရသည်က ပိုကောင်းပါသည်၊
ကိုယ်တွေ့ကြုံမှ သိရလျှင်...
အတော်ကလေး နောက်ကျနေတတ်ပါသည်၊

www.burmeseclassic.com

www.burmeseclassic.com

# (ကျမ်းတွင်ပါဝင်သောအခန်းများ)


အခန်း(၁) ဘူတန်နိုင်ငံနှင့် ဆန်းကြယ်မှုများ

အခန်း(၂) လိပ်ပြာဝိညာဉ် ခေါ်ယူခြင်းနှင့် ရှေးခေတ်ဆေးပညာ

အခန်း(၃) အသက်ဝင်လာသည့် မံမီအလောင်းများ

အခန်း(၄) သုသာန်ဟောင်းမှ တွေ့ရသော ညှော်သည်

အခန်း(၅) ဒေါက်တာဆင်းနားဝိညာဉ်နှင့် ထူးဆန်းသောမြင်ကွင်း

အခန်း(၆) မံမီရုပ်အလောင်းပြုလုပ်ခြင်း အစီအရင်များ

အခန်း(၇) ကိုယ်စားဝင်သည့် ကိုယ်ပွားဝိညာဉ်

အခန်း(၈) မြေအောက်အခန်းမှ ကျပ်စည်းသောနေရာ

အခန်း(၉) ထူးဆန်းသော ဆေးမင်ကျိန်စာ

အခန်း(၁၀) ကြောက်မက်ဖွယ်ရာ နတ်ဆိုးကျိန်စာ

အခန်း(၁၁) နတ်ဆိုးလှောင်အိမ်မှ ဝိညာဉ်များ

အခန်း(၁၂) ပျောက်ကွယ်သွားသော မံမီအလောင်းများ

အခန်း(၁၃) တားခွင့်မသာသော ဘဝအခြေအနေ


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

# ဘူတာနိုင်ငံနှင့် ဆန်းကြယ်မှုများ

ကမ္ဘာပေါ်တွင် မြင့်မားသော တောင်စဉ်တောင်တန်းများပေါ်တွင် တည်ထားသောမြို့များရှိသည်။ ထိုနေရာများသည် လူသူအရောက်အပေါက်နည်းသောနေရာ များ ဖြစ်ကြလေသည်။

တိဗက်တောင်တန်းများသည် ကမ္ဘာ့အမြင့်ဆုံးနေရာများ၌ ပါဝင်လေသည်။

ထို့ကြောင့် တိဗက်တို့နေသောမြို့ကို ကမ္ဘာခေါင်မိုးနေရာဟူ၍ တင်စားခေါ်ဝေါ်ကြသည်။

မြင့်မားလှသော တောင်တန်းများပေါ်မှာ မြို့တည်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မြေပြန့်မှာ နေထိုင်ကြသူများ သွားလာရန် မလွယ်ကူလှပေ။

သို့ကြောင့် လူသူအရောက်အပေါက်နည်းပြီး သီးခြားတည်ရှိသောနေရာများဖြစ်သည်။

မြန်မာနိုင်ငံ မြောက်ဖျားဒေသများမှာ ပေပေါင်းတစ်သောင်းကျော် မြင့်သောနေရာများ ရှိကြလေသည်။

မြန်မာနိုင်ငံအတွင်း အမြင့်မားဆုံးတောင်ထွတ်မှာ ခါကာဘိုရာဇီတောင်ထွတ်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ထိစပ်လျက်ရှိသော နိုင်ငံများမှာလည်း ကမ္ဘာ့ကျော် တောင်ထွတ်များ ရှိကြပေသည်။

တရုတ်ပြည်တွင် ခွန်လွန်တောင်တန်းကြီးမှာ နာမည်ကျော်ကြားလှပြီး ဂန္ဓာရီပင်မဌာနကြီးဟုပင် သတ်မှတ်ထားကြလေသည်။

အိန္ဒိယမှာတော့ ဟိမဝန္တာတောင်တန်းကြီးမှာ ကမ္ဘာကျော် ဖြစ်ပေသည်။

ဟိမဝန္တာတောင်တန်းကြီး နာမည်ကျော်ရခြင်းမှာ ကမ္ဘာ့အမြင့်မားဆုံးတောင်ထွတ်တစ်ခုဖြစ်သော ဧဝရတ်တောင်ထွတ် ရှိသောကြောင့်လည်း ပါဝင်လေသည်။

ထို့ပြင် ဟိမဝန္တာသည် သူတော်စင်တို့ တရားဓမ္မ ရှာမှီးရာနေရာတစ်ခုအဖြစ်လည်း သတ်မှတ်ထားကြလေသည်။

ထို့ပြင် အိန္ဒိယပြည် မြောက်ပိုင်း၊ နီပေါ၊ ဘူတန်၊ လာဒက်နှင့် တိဗက်တို့ အလယ်ဗဟိုတွင် ရှမ်ဗဲလား ရှိသည်ဟု ယုံကြည်မှုကြောင့်လည်း ထိုနေရာဒေသများကို ဂန္ဓာရီခရီးကို သွားလာလိုသူတို့အတွက် စိတ်ဝင်စားဖွယ်ဖြစ်ခဲ့လေသည်။

အများအားဖြင့်တော့ လူအများ စိတ်ဝင်စားခဲ့ကြသည့် ရှမ်ဗဲလားဟု သတ်မှတ်ကြသောနေရာများမှာ ဟိမဝန္တာမြောက်ပိုင်းဒေသ၌



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့သည်ကိုတော့ လူအတော်များများက ယုံကြည်လက်ခံထားကြလေသည်။

ရှမ်ဗဲလားသည် ဟိမဝန္တာတောင်၏မြောက်ဘက် ကေလာသတောင်အနီး၌ ရှိသည်ဟူသောအကြောင်းများကို (Bhaga Vata Purana) "ဘာဂ်ဝါတာပူရာဇ်ကျမ်း" ၌လည်းကောင်း၊ အခြားကျမ်းများ၌သော်လည်းကောင်း အထောက်အထားများဖြင့် ရေးသားဖော်ပြကြသည်။

ရှမ်ဗဲလား (Shambhala) ဟူသောအဓိပ္ပါယ်သည် 'ရှမ်' ဟူသောဝေါဟာရနှင့် 'လား' ဟူသော ဝေါဟာရကို ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်၏။

"Sham" ဟူသောအဓိပ္ပါယ်မှာ 'ငြိမ်းအေးခြင်း၊ စိတ်တည်ငြိမ်ခြင်း' သဘောကိုဆောင်ပြီး 'လား' ဟူသည်မှာ 'တောင်ကြား' ဟု အဓိပ္ပါယ်ရလေသည်။

အမှန်တော့ ထိုအဓိပ္ပါယ်တို့ကို ပေါင်းစပ်သောအခါ 'ငြိမ်းအေးသောတောင်ကြား' ဟု အဓိပ္ပါယ် ကောက်ယူနိုင်ပါသည်။

ထိုအဓိပ္ပါယ်အယူအဆမှာ 'တိဗက်' အယူအဆနှင့် ပိုမိုနီးစပ်မှုရှိပါသည်။

တိဗက်တို့က ၎င်းတို့နေရာဒေသမှ တောင်တန်းကြီးများကို အထွတ်အမြတ် နေရာများအဖြစ်သော်လည်းကောင်း၊ အိန္ဒိယနိုင်ငံသားတို့က ဟိမဝန္တာတောင်တန်းကြီးများကို ဂန္ဓာရီပင်မဒေသအဖြစ်သော်လည်းကောင်း သတ်မှတ်ယုံကြည်ကြသည်။

တရုတ်တို့က ခွန်လွန်တောင်တန်းကြီးကို ဂန္ဓာရီပင်ရင်းဒေသကြီးအဖြစ် သတ်မှတ်ကြလေသည်။

ကျောက်စိမ်းတောင်ထွတ်ကြီးနှင့် အမတသစ်တော်သီးပင် ရှိသော နန္ဒဝန်ဥယျာဉ်တော်ကြီး ရှိသည်ဟု ယုံကြည်ထားသော ခွန်လွန်



www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းကြီးမှာ တရုတ်တို့၏ဘာသာရေးအရ အထွတ်အမြတ်ထားသော နေရာတစ်ခုလည်းဖြစ်ပေသည်။

တရုတ်လူမျိုးတို့၏ လက်ဖက်ရည် အဖန်သောက်သောဓလေ့မှာ ထိုခွန်လွန်တောင်တန်းများမှ စတင်ခဲ့ကြောင်း ဒေါက်တာ လာအိုဝင်ဆိုသူ ရေးသားသော 'ရှမ်ပဲလားမျှော်စင်' ဆိုသော ဆောင်းပါး၌ ဖော်ပြထားလေသည်။

အထက်ပါ ဆိုခဲ့သည့်အတိုင်း တောင်စဉ်တောင်တန်း ထူထပ်သည့် နေရာဒေသများမှာ လူသူအရောက်အပေါက် နည်းကြသည်ဆိုသော်လည်း ထူးခြားသော ဓလေ့များနှင့် ထူးဆန်းသောနေရာများ ရှိကြလေသည်။

ထိုအထဲတွင် ဘူတန်နိုင်ငံလည်း တစ်နေရာ ပါဝင်လေသည်။

ဘူတန်နိုင်ငံသည် ဂမ္ဘီရဆန်သောနေရာတစ်ခုဖြစ်သည်။

ဘူတန်နိုင်ငံသည် ကျယ်ဝန်းသောနေရာတစ်ခု မဟုတ်သော်လည်း ဂမ္ဘီရဆန်သောနေရာတစ်ခုဖြစ်သည်။

အရှေ့ဘက်တွင် တရုတ်ပြည်၊ တောင်ဘက်တွင် တိဗက်၊ အနောက်ဘက်တွင် နီပေါနှင့် အိန္ဒိယ ရှိသည်။ တောင်ဘက်တွင် မြန်မာနိုင်ငံ တည်ရှိပြီး ၎င်းနိုင်ငံတို့၏အလယ်နေရာတွင် တည်ရှိလေသည်။

တောင်စဉ်တောင်တန်းများ ထူပြောလှပြီး လူဦးရေအနည်းဆုံးနိုင်ငံတွင် ပါဝင်သည်။

တိဗက်သည် ကမ္ဘာ့လူဦးရေ အနည်းဆုံးနိုင်ငံများတွင် တစ်နေရာပါဝင်သလို ဘူတန်သည်လည်း လူဦးရေအနည်းဆုံးနေရာတွင် ပါဝင်လေသည်။

ဘူတန်နိုင်ငံ၏ (၇၀)ရာနှုန်းမှာ သစ်တောကြီးများက ဖုံးလွှမ်း



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ကျန်နေရာများမှာလည်း တောင်စဉ်တောင်တန်းကြီး နေရာယူထားကြသည်။ န်ထက်

နေထိုင်သော လူဦးရေကလည်း သိပ်မများလှဘဲ ယခု သောင်းဂဏန်း အရေအတွက်မျှသာ ရှိသည်။

ယခုနောက်ပိုင်း စစ်တမ်းများအရ လူဦးရေ(၇၀၀,၀၀၀)မျှသာ ရှိပေသည်။

မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးမှာ ရောဝတီတိုင်းဖြစ်ပြီး လူဦးရေ(၆၆)သိန်းကျော် ရှိသည်။

မန္တလေးတိုင်းမှာ ဒုတိယအများဆုံးဖြစ်ပြီး (၆၄)သိန်းကျော် ရှိပေသည်။

မြန်မာနိုင်ငံ၏ လူဦးရေအနည်းဆုံးဒေသမှာ ချင်းပြည်နယ် ဖြစ်ပြီး လူဦးရေ(၅)သိန်းကျော်မျှသာ နေထိုင်ကြ၏။

ဘူတန်နိုင်ငံသည် မြန်မာနိုင်ငံ၏လူဦးရေအနည်းဆုံး ချင်းပြည် နယ်တစ်ခုစာသာသာမျှသာ လူဦးရေ ရှိပေသည်။

ဘူတန်နိုင်ငံသည် သစ်တောကြီးများစွာရှိပြီး ပြုန်းတီးမှု မရှိသောကြောင့် ရာသီဥတုကောင်းသည်။

မြေဩဇာများ ကောင်းမွန်လေသည်။

သစ်တောကြီးများမှာ လူတို့၍မရအောင်ရှိပြီး နေပြောက်မထိုးနိုင်လောက်အောင် ရှိကြသည်။

အချို့သစ်ပင်ကြီးများမှာ နှစ်ပရိစ္ဆေရ ကြာမြင့်ပြီဖြစ်သောကြောင့် အထိကရသစ်ပင်ကြီးများပင် ဖြစ်နေကြပေပြီ။

ထိုနိုင်ငံမှာရှိသော သစ်တောဧရိယာအကျယ်အဝန်းမှာ ဆွစ်ဇာလန်နိုင်ငံ တစ်နိုင်ငံစာမျှ ကျယ်ဝန်းလေသည်။

သစ်တောကြီးများထဲမှာ နေကြသော တောရိုင်းတိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



တောင်ငါတို့လည်း ရှိကြလေသည်။

သော ထိုတောနက်နှင့် တောင်မြင့်ကြီးများပေါ်မှာ နှင်းလူကြီးများ ၂ည်း ရှိနေကြသည်။

ဒေသခံများကတော့ နှင်းလူများကို ယေတီဟု ခေါ်ဝေါ်ကြသည်။

နှင်းလူနှင့် ကိုယ်တွေ့ကြုံသူများရှိပြီး ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးများနှင့် ကြုံတွေ့ခဲ့ရသူများလည်း ရှိသည်။

၎င်းတို့၏ပြောပြချက်များအရ နှင်းလူများမှာ သာမန်လူများထက် အရပ်အမောင်းရော ကိုယ်လုံးကိုယ်ထည်ပါ မြင့်မားထွားကြိုင်းကြသည်။

ဒေသခံများ၏ပြောပြချက်အရ နှင်းလူတစ်ယောက်၏ ခြေရာတစ်ဖက်သည်ပင်လျှင် တစ်ပေကျော် နှစ်ပေနီးပါး ရှည်လျားပေသည်။

ဘူတန်နိုင်ငံ၏တောင်ကြောတစ်နေရာတွင် ဂန်တေဂွန်ပါ ဘုရားကျောင်း ရှိသည်။

ထိုဘုရားကျောင်း၏လျှို့ဝှက်သော အခန်းတစ်ခန်းထဲ၌ သေဆုံးနေတာ ကြာပြီဖြစ်သော နှင်းလူရုပ်ကြွင်းတစ်ကောင်ကို ချိတ်ဆွဲထားလေသည်။

ထိုအခန်းအတွင်းသို့ အခြားမှ ရောက်လာသော အနောက်နိုင်ငံသားများ ဝင်ရောက်ကြည့်ရှုခွင့် မပေးဘဲ ပိတ်ပင်ထားလေသည်။

ဦးခေါင်းမှာ သာမန်ထက် ပိုကြီးပြီး ခြေတံလက်တံတို့က အတော်ရှည်လျားသည်။

အရေပြားများ ခြောက်ကပ်နေပြီဖြစ်သောကြောင့် အသက်ရှင်စဉ်က ပုံပန်းသဏ္ဌာန်ကို ခန့်မှန်းမရသော်လည်း ပုံပန်းသဏ္ဌာန်မှာတော့ လူဝံတစ်ကောင်ကဲ့သို့ ရှေ့သို့ ခပ်ကိုင်းကိုင်းအနေအထား ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

နှာခေါင်းပေါက်မှာ ကျဉ်းပြီး ပါးစပ်ပေါက်က သာမန်ထက် ပိုကျယ်လေသည်။

ပါးစပ်တွင်းမှာ ချွန်ထက်သော သွားနှင့်အစွယ်များရှိသည်။

မျက်လုံးကတော့ အတွင်းသို့ ချိုင့်ဝင်နေပြီ ဖြစ်သောကြောင့် အပြင်မှ ကြည့်သောအခါ မမြင်နိုင်တော့ပေ။

ခြောက်ကပ်နေပြီဖြစ်သော နှင်းလူရုပ်ကြွင်းမှာ လူတစ်ယောက်နှင့် ပုံပန်းသဏ္ဌာန်တူသလို မျောက်ဝံတစ်ကောင်ပုံနှင့်လည်း နီးစပ်မှု ရှိလေသည်။

ထိုဒေသတွင် နှင်းလူနှင့် ပတ်သက်ပြီး ကြောက်မက်ဖွယ်ရာကောင်းသော အဖြစ်အပျက်များ ရှိခဲ့လေသည်။

ဘူတန်နိုင်ငံအဝှမ်း သစ်တောကြီးများ ကောင်းမွန်စွာ ရှိနေသော်လည်း ဖျက်ဆီးမည့်သူများ မရှိကြပေ။

သို့ကြောင့် ထိုသစ်တောကြီးများအတွင်းမှာ နှင်းလူများ ခိုအောင်းနေနိုင်သည်ဆိုသောအချက်မှာ အငြင်းပွားစရာ မရှိတော့ပေ။

သစ်တောကြီးများနှင့်အတူ နေရာအနှံ့အပြား၌ တွေ့နိုင်သည်က ဝါးတောကြီးများပင်ဖြစ်သည်။

ဝါးတောကြီးများမှာ တောင်မြင့်ကြီးအပေါ်၌ပင် ပေါက်ရောက်ကြသည်။

နှင်းလူတို့သည် ဝါးတောများမှ ထွက်သော မျှစ်နုများကို များစွာနှစ်သက်ကြသည်။

တောင်မြင့်ကြီးများ၏အောက်ဘက်တွင် တောင်ကြားကြီးများ၌ ဂူပေါက်ကြီးများ ရှိကြလေသည်။

တောင်ကြားများမှာ တမျှော်တခေါ် ရှည်လျားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေသခံများကတော့ ထိုတောင်ကြားများအတွင်း၌ နှင်းလူများ ခိုအောင်းနေကြသည်ဟု ထင်မြင်ယူဆကြလေသည်။

နွေဦးပေါက်ရာသီ ရောက်လာသောအခါ မျှစ်စို့အပေါက်များ ထွက်လာကြသည်။

ထိုအခါ မျှစ်စို့ပေါက်များကို ကြိုက်နှစ်သက်ကြသည့် နှင်းလူ များ လာရောက်စားသောက်ကြရာ ၎င်းတို့ ပြန်သွားသောအခါ မျှစ်ခွံ များမှာ တောင်ပုံရာပုံ ကျန်ရစ်ခဲ့ကြောင်း ကိုယ်တွေ့ကြုံသူများက ပြော ပြသည်။

တစ်ခါက နှင်းလူရှာဖွေရန် ထွက်လာသော သုတေသနအဖွဲ့ တစ်ဖွဲ့မှာ နှင်းလူနှင့် ရင်ဆိုင်တွေ့ရန် များစွာနီးစပ်ခဲ့ကြသည်။

၎င်းတို့သည် ရာသီဥတုဆိုးဝါးသော အချိန်တွင် တောင်ထိပ် ပေါ်မှာ ရပ်နေသည့် နှင်းလူဟု ထင်ရသည့် သတ္တဝါကြီးတစ်ကောင်ကို တွေ့မြင်ကြရသည်။

လူနှင့် ပုံပန်းသဏ္ဍာန် ဆင်တူသော်လည်း တစ်ကိုယ်လုံး အဖြူ ရောင် အမွေးရှည်များက ဖုံးလွှမ်းထားသည်။

ဦးခေါင်းမှာ အတော်ကြီးပြီး ခြေတံလက်တံများက တုတ်ခိုင် ကြီးမားရုံမက လူ၏လက်တံခြေတံများထက် ပိုမိုရှည်လျားလေသည်။

မျက်နှာမှာ ခက်ထန်ကြမ်းတမ်းပြီး ရက်စက်ကြမ်းကြုတ်သော လူဝံတစ်ကောင်၏မျက်နှာဖြင့် ဆင်ဆင်တူသည်။

၎င်းတို့အနေနှင့် ရာသီဥတု ဆိုးဝါးသောအချိန် ဖြစ်နေသော ကြောင့် တောင်ထိပ်ပေါ်သို့ တက်ရောက်ရန် အခွင့်မသာတော့ပေ။

ထိုအချိန်များမှာပင် တောင်ထိပ်ပေါ်မှ အရှိန်ဖြင့် ပစ်ချလိုက် သော ကျောက်တုံးကျောက်ခဲများ ကျလာသောကြောင့် ဘေးလွတ်ရာ သို့ ရှောင်တိမ်းပေးကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက်တော့ အခွင့်အရေးတစ်ခု လက်လွတ်ဆုံးရှုံးသွားခဲ့ရခြင်းပင်ဖြစ်သည်။

အချိန်ကလည်း မရှိတော့ပေ။

တိုက်ခတ်လာသော လေကလည်း တဖြည်းဖြည်း ပြင်းထန်လာပြီးနောက် လေနှင့်အတူ နှင်းမှုန်နှင်းခဲများပါ ပါလာကြလေသည်။

နှင်းမုန်တိုင်းများ ကျရောက်တော့မည့် လက္ခဏာမျိုးပင် ဖြစ်ပေသည်။

ထို့ကြောင့် နီးစပ်ရာ ဂူပေါက်တစ်ခု ရှိရာသို့ သွားပြီး အတွင်းမှာ ဝင်နေကြရသည်။

ဂူပေါက်ဝမှာ ကျယ်ဝန်းသလို အတွင်းရောက်သောအခါမှာလည်း အတော်ကျယ်ဝန်းလေသည်။

သူတို့အနီးရောက်သောအခါ ဂူပေါက်ဝမှာ မီးပုံကြီးတစ်ခု ဖိုထားလိုက်သည်။

အနွေးဓါတ် ရစေရန်နှင့် အပြင်မှ တောတိရစ္ဆာန်များ ဝင်ရောက်မလာစေရန်ဖြစ်သည်။

သူတို့သည် အတွင်းရောက်သောအခါ မီးရောင်ဖြင့် လိုက်လံကြည့်သောအခါ ဖုန်ထုများ တက်နေသော ကြမ်းပြင်ပေါ်မှာ ထင်နေသည့် ကြီးမားသောခြေရာကြီးများကို တွေ့ရသဖြင့် များစွာအံ့သြသွားကြလေသည်။

ခြေရာကြီးများမှာ လူခြေရာထက် နှစ်ဆခန့် ပိုမိုရှည်လျားကြီးမားပြီး ခပ်ခွင်ခွင် အနေအထားမျိုးဖြစ်သည်။

ရှေ့ပိုင်းကြီးပြီး နောက်ပိုင်းရှုံးနေသည်။

ထိုခြေရာကြီးများကို မှတ်တမ်းတင်ပြီး အခြားနေရာများကို လိုက်လံကြည့်ရှုသောအခါ ကျောက်တုံးများမှာ ကပ်နေသည့် အမြှ



www.burmeseclassic.com

www.burmeseclassic.com



ရောင်နှင့်အနက်ရောင် ရောနေသည့် အမွေးရှည်အချို့ကိုပါ တွေ့ရသည်။

၎င်းတို့သည် ထိုအမွေးရှည်များကို သုတေသနပြုလုပ်ရန် အတွက် တရိုတသေ စုဆောင်းသိမ်းယူကြလေသည်။

ထိုအခိုက်မှာပင် အပြင်ဘက်မှ သံရှည်ဆွဲပြီး စူးစူးဝါးဝါး အော်လိုက်သောအသံကြီးကို ကြားလိုက်ကြရသည်။

သူတို့ တစ်ခါမှ မကြားဖူးသေးသော တိရစ္ဆာန်တစ်ကောင်၏ အော်သံမျိုးဖြစ်သည်။

ထိုအော်သံကြောင့် အဖွဲ့သားများမှာ များစွာစိုးရိမ်ထိတ်လန့်သွားကြလေသည်။

သူတို့ရောက်နေသည့်ဂူမှာ နှင်းလူခိုအောင်းနေရာဂူဖြစ်ပြီး ယခုအခါ နှင်းလူကြီး ပြန်ရောက်လာပြီဟု ထင်လိုက်ကြသောကြောင့် ဖြစ်သည်။

သို့သော် သူတို့သည် သေနတ်များကို အဆင်သင့် ပြင်ထားလိုက်ကြသည်။ အကယ်၍ ၎င်းတို့အား ရန်မူရန် ကြိုးစားလာပါက ပစ်ခတ်ရန်အတွက်ဖြစ်သည်။

သို့သော် အပြင်ဘက်မှသာ ဒေါသတကြီးဖြင့် အဆက်မပြတ် အော်နေသောအသံကြီးကို ကြားနေကြသော်လည်း ဂူပေါက်ဝကိုတော့ ရောက်မလာပေ။

ဂူပေါက်ဝမှာ အရှိန်ရနေပြီဖြစ်သော မီးပုံကြီးကိုပဲ ကြောက်ရွံ့လို့လား၊

ဒါမှမဟုတ် သူတို့အဖွဲ့ကို ကြောက်ရွံ့၍လားတော့ မပြောတတ်ပါချေ။

အပြင်ဘက်မှာတော့ လေက ပိုမိုပြင်းထန်နေပြီး နှင်းမုန်တိုင်းခဲ



www.burmeseclassic.com

www.burmeseclassic.com



များက သိပ်သည်းစွာ ကျနေသဖြင့် ကောင်းစွာမမြင်ရပေ။

တစ်ကြိမ်မှာတော့ ဂူအပြင်ဘက် နှင်းတောအတွင်းမှ ရိပ်ခနဲ ဖြတ်ပြေးသွားသော သတ္တဝါန်တစ်ခုကို ရိပ်ခနဲ လှမ်းမြင်လိုက်ကြရသည်။

တစ်ကိုယ်လုံး အမွေးရှည်များ ဖုံးနေပြီး လူထက် အရွယ်အစားပိုကြီးသော သတ္တဝါန်တစ်ခုပင်ဖြစ်သည်။

အခြားသတ္တဝါများကဲ့သို့ ခြေလက်လေးချောင်းကို အသုံးမပြုဘဲ လူကဲ့သို့ ခြေထောက်နှစ်ချောင်းဖြင့်သာ လျင်မြန်စွာ ပြေးလွှားနိုင်သောကြောင့် အံ့သြနေကြသည်။

တစ်ညလုံး ဂူအတွင်းသို့ မဝင်လာစေကာမူ အပြင်ဘက်မှ အသံရှည်ကြီးဖြင့် အော်လိုက်၊ ဂူပေါက်ဝမှ ဖြတ်ပြေးသွားလိုက်နှင့်သာ လုပ်နေသည်။

ရင်းတို့ကလည်း အပြင်သို့ မထွက်ဝံ့ကြပေ။

သူတို့ ရောက်နေသောဂူမှာ နှင်းလူတစ်ကောင်၏ဂူပေါက် ဖြစ်မည်ဟုတော့ ခန့်မှန်းမိသည်။

နှင်းလူရှာပုံဖွင့်ကြသူများမှာ ဂူအတွင်းမှာ တွေ့ရသောခြေရာများကို ဓာတ်ပုံရိုက်ယူခြင်း၊

ကျောက်တုံးများပေါ်မှာ ကပ်နေသည့် အမွေးအမှင်များကို နမူနာယူခြင်းများ ပြုလုပ်ကြလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် လေငြိမ်သွားသလို နှင်းများလည်း ကွဲသွားလေသည်။

တောင်ကြောများပေါ်မှာ နေရောင်ခြည်အချို့ပင် လင်းလက်လာပြုလာချေပြီ။

သုတေသနအဖွဲ့သည် ထိုအခါမှ ကျောက်ဂူအပြင်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး အခြေအနေ ကြည့်ကြသည်။

တောင်ရင်ပြင်ပေါ်မှာတော့ နှင်းများ ဖုံးနေသောကြောင့် ခြေရာလက်ရာများကတော့ မကျန်တော့ပေ။

ဘာမှ မတွေ့ရတော့ပေ . . .။

ထိုပတ်ဝန်းကျင်သို့ လိုက်လံကြည့်သောအခါမှာတော့ လူနှစ်ယောက်စာ ဝင်လောက်အောင် ကြီးမားသော သစ်ခေါင်းကြီးတစ်ခုကို တွေ့ရသည်။

ထိုသစ်ခေါင်းကြီးအတွင်းသို့ စစ်ဆေးကြည့်သောအခါ အတွင်း၌ ကပ်နေသည့် အမွေးရှည်အချို့ကို ထပ်တွေ့ရသည်။

ကျောက်ဂူအတွင်းမှာ တွေ့ခဲ့သော အမွေးရှည်များနှင့် အတော်ဆင်တူလေသည်။

နှင်းမုန်တိုင်းများ ကျရောက်လာသဖြင့် သူနေသောဂူ ရှိရာသို့ ပြန်လာသော နှင်းလူမှာ ဂူအတွင်း၌ လူများ ရောက်နေသောကြောင့် ထိုသစ်ခေါင်းအတွင်းမှာ ဝင်ရောက်ခိုအောင်းသွားခဲ့ကြောင်း သိကြရသည်။

မိမိတို့နိုင်ငံသို့ ပြန်ရောက်ပြီး ထိုအမွေးအမှင်များကို DNA စစ်ဆေးနည်းများဖြင့် စစ်ဆေးကြည့်သောအခါ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသေးသည့် သတ္တဝါတစ်ကောင်၏ အမွေးအမှင်များဖြစ်ကြောင်း တွေ့ကြရသည်။

ဂျူတန်နိုင်ငံသည် ထိုကဲ့သို့သော ဆန်းကြယ်မှုများနှင့် ပြည့်နှက်နေချေသည်။

အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

# လိပ်ပြာဝိညာဥ်ခေါ်ယူခြင်းနှင့် ရှေးခေတ်ဆေးပညာ

ဘူတန်နိုင်ငံသည် ပြင်ပလောကနှင့် ထိတွေ့ဆက်ဆံမှု နည်းသည်ကတစ်ကြောင်း၊ ရှေးအယူအဆများကို ယုံကြည်လက်ခံမှု များသည်ကတစ်ကြောင်းကြောင့် အချို့ကိစ္စများတွင် အန္တရာယ် အနှောင့်အယှက်များနှင့် တွေ့ရသည်လည်း ရှိကြလေသည်။

ရှေးအခါက ဘူတန်မြို့စွန်တစ်နေရာ၏ တောင်ကုန်းတစ်ခုပေါ်မှာ ရှေးဟောင်းအဆောက်အအုံတစ်ခု ရှိလေသည်။

တိုက်တစ်ခုလုံးကို နီညိုရောင်လေးများ သုတ်ထားသောကြောင့် တိုက်နီကြီးဟု ခေါ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကတော့ ထိုအဆောက်အအုံမှာ ဘူတန်မြို့သူမြို့သား များ အားထားရာ တစ်ခုတည်းသော ဆေးရုံအဆောက်အအုံ ဖြစ်လေသည်။

ထိုဆေးရုံ၌ တာဝန်ယူ ကုသပေးသူမှာ 'ဒေါက်တာဆင်းနား' ဆိုသူဖြစ်သည်။

ဒေါက်တာဆင်းနားသည် အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး ဆေးပညာ၌ များစွာထူးချွန်သူတစ်ဦးဖြစ်သည်။

သူသည် အိန္ဒိယနိုင်ငံသားဖြစ်သော်လည်း အနောက်တိုင်း ဘာသာရပ်များနှင့် ဝေါဟာရများကို ကျွမ်းကျင်နှံ့စပ်သူတစ်ဦးဖြစ် သည်။

ဒေါက်တာဆင်းနားသည် ထိုခေတ်အချိန်က ခွဲစိတ်ကုသရာ တွင် ထူးချွန်ထင်ရှားသော ဆရာဝန်ဖြစ်ပေသည်။

၎င်း၏အမည် 'ဆင်းနား' ဆိုသည်မှာ အလယ်ခေတ်တွင် ထင်ရှားကျော်ကြားခဲ့သော ပညာတတ်တစ်ဦးဖြစ်သည့် 'အဗီဆင်းနား' ၏ အမည်ကို အတုယူပြီး မှည့်ခေါ်ထားခြင်းဖြစ်ပေသည်။

'အဗီဆင်းနား' သည် မွတ်စလင်သမားများအနက် ပညာအ တတ်ဆုံးဟု ချီးကျူးခံရသူ ဖြစ်သည်။

သူသည် ဗိုခါးရားမြို့သားတစ်ဦးဖြစ်ပြီး ဆယ်နှစ်သားအရွယ်၌ ကိုရမ်ကျမ်းတစ်စောင်လုံး အာဂုံဆောင်နိုင်ကြောင်း ရေးသားဖော်ပြကြ သည်။

အသက်(၁၆)နှစ်အရွယ်တွင် 'ကုထုံးသစ်' များကို တီထွင်နိုင် ပြီး (၁၇)နှစ်သားအရွယ်တွင် 'သမားတော်ရာထူး' ရခဲ့လေသည်။

ထို့နောက် မင်းအဆက်ဆက်တို့ထံတွင် ဆေးပညာဖြင့် အမှု ထမ်းခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်ကြီးလာသောအခါ ဟာမဒန်နှင့် အစ်ဆဖာဟန်မြို့များ၌ နေထိုင်ခဲ့သည်။

အဗီဆင်းနား(Avicenna) ပြုစုခဲ့သော ကွန္နုန်း(Quanun) ဆေးကျမ်းသည် လွန်စွာပြည့်စုံပြီး နှစ်ပေါင်းများစွာ ကြာမြင့်သည်အထိ သမားတော်များလက်စွဲ ဖြစ်ခဲ့ပေသည်။

အဗီးဆင်းနားသည် ဒဿနိကဗေဒ၊ ဂဏန်းသင်္ချာ၊ ကြယ်တာရာဗေဒ(Astronomy)၊ ရူပဗေဒ၊ အယ်လ်လခဲမီဗေဒ (Alchemy)၊ ဘူမိဗေဒနှင့် ဂီတပညာကျမ်းများကို ရေးသားပြုစုခဲ့လေသည်။

ကွန္နုန်းကျမ်းသည် ကမ္ဘာတစ်ဝှမ်းလုံးမှာ ရှိသော ဆေးပညာရပ်များကို စုစည်းထားသောကျမ်းဖြစ်ပြီး ၎င်းကုသပေးခဲ့သော လူနာမှတ်တမ်းများဆိုပါကလည်း မများပေ။

ထို့ပြင် ကုသပေးခဲ့သည့် လူနာမှတ်တမ်းများကိုပါ ပူးတွဲဖော်ပြထားသည်။

ဒေါက်တာဆင်းနားသည် အဗီဆင်းနားကို လေးစားအားကျသူ တစ်ဦးဖြစ်သောကြောင့် ၎င်းအမည်ကိုပင် 'ဒေါက်တာဆင်းနား' ဟု ပေးထားခဲ့ခြင်းဖြစ်သည်။

သူသည် ခေတ်သစ် ဆေးပညာကုထုံးများအပြင် ရှေးခေတ်ဗေဒင်ကုထုံးများကိုပါ အသုံးပြု၍ ရောဂါများကို ကုသပေးလေသည်။

လူနာများမှာ စွဲကပ်နေသော မကောင်းဆိုးဝါး ဝိညာဉ်များကို ဖယ်ထုတ်ပေးခြင်းနှင့် ဝိညာဉ်ကင်းကွာနေသည့် ကိုယ်ခန္ဓာအတွင်းသို့ ၎င်းဝိညာဉ်ကို ပြန်လည်ခေါ်ယူထည့်သွင်းပေးခြင်း အစရှိသော ကုထုံးများလည်း ပါဝင်လေသည်။

ဒေါက်တာဆင်းနားသည် အိန္ဒိယလူမျိုးတစ်ဦးဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ခေတ်သစ်ဆေးပညာနှင့် ဝိညာဉ်နှင့် သက်ဆိုင်သည့် ရှေးဟောင်း အယူအဆများကို ထည့်သွင်းကုသပေးခဲ့လေသည်။

ဤနေရာတွင် အိန္ဒိယဆေးပညာနှင့် ပတ်သက်ပြီး အနည်းငယ် ရေးသားပေးပါမည်။

အိန္ဒုမြစ်ဝှမ်းတွင် တိမ်မြုပ်နေ၍ ရှေးဟောင်းသိုက်တူးရာမှ ပြန်၍တွေ့ရသော မိုဟင်ဂျိုဒါရိုပြည် (Mohen Jodaro)၊ ဟရပ္ပာပြည် (Harappa) နှင့် အခြားမြို့ကြီးတို့သည် ရှေးဆူးမားတိုင်းပြည်(Sumer) နှင့် အဆက်အသွယ်ရှိခဲ့ကြောင်း အထောက်အထားများ တွေ့ရှိခဲ့ရလေသည်။

ထို့ကြောင့် အိန္ဒိယသည် ရှေးမက်ဆိုပိုတေးမီးယား၊ အီဂျစ်တို့နှင့်တန်းတူ လူသားတို့၏ယဉ်ကျေးမှုကို စတင်ထူထောင်ခဲ့သော တိုင်းပြည်တစ်ခုဖြစ်ကြောင်း အိန္ဒိယသမိုင်းပညာရှင်တို့က ဂုဏ်ယူပြောဆိုကြလေသည်။

မိုဟင်ဂျိုဒါရို ပြည်သားတို့ ရေးသားထားခဲ့သော စာများ၏ အဓိပ္ပါယ်ကို မဖော်နိုင်သေးသောကြောင့် ထိုတိုင်းပြည်တွင် အနာရောဂါကုသမားများ ရှိခဲ့ကြောင်း မပြောဆိုနိုင်ချေ။

သို့ရာတွင် သန့်ရှင်းရေးဘက်တွင် ထူးခြားသော အဆောက်အအုံများကို မိုဟင်ဂျိုဒါရိုပြည်၌ တွေ့ရလေသည်။

ထိုခေတ်တွင် အတုမရှိသော ရေညစ်နှုတ်မြောင်းကြီးတစ်ခု၊ ရေချိုးကန်ကြီးတစ်ခုနှင့် ချွေးထုတ် ရေချိုးခန်းများ ဆောက်လုပ်ထားခဲ့ကြောင်း တွေ့ရလေသည်။

လူနေအိမ်များ၌ ရေညစ်တွင်းတစ်ခုစီ ဆောက်လုပ်ထား၍ ဤတွင်းများမှ ရေညစ်နှုတ်မြောင်းများသည် လမ်းမအောက် မြောင်းကြီးနှင့် ဆက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမအောက် မြောင်းကြီးမှာ တစ်လံမှနှစ်လံအထိ နက်၍ အုတ် သို့မဟုတ် ကျောက်ပြားများဖြင့် ဖုံးအုပ်ထားလျက်ရှိသည်။

မြောင်းကြီးကို ဆေးကြောသုတ်သင်ရန် လူဆင်းတွင်းများ ဆောက်လုပ်ထားသည်။

လမ်းမအောက် မြောင်းကြီးတို့မှ ရေညစ်ကို မြောင်းကျယ်ကြီး များက မြစ်ထဲသို့ နုတ်ယူသွားကြလေသည်။

ရှေးအိန္ဒိယ သမားတော်တို့သည် မိမိတို့ခေတ်တွင် တိုင်းတစ်ပါးသမားတော်တို့ထက် ခွဲစိတ်ဘက် ဆာဂျရီ အတတ်ပညာတွင် (Operative Surgery) ထူးချွန်ခဲ့လေသည်။

ရဂ္ဂုဗေဒကျမ်း(Rig Veda 1500B.C)တွင် အာသဝိ(Asvins)နတ် အမြွှာညီနောင်တို့ကို ကိုး၍ အနာရောဂါကုသသည့် သမားများကို ညွှန်းသည့်စာများ၊ ဆေးဘက်ဝင်သော သစ်ပင်များကို ညွှန်းသည့်စာ များ၊ အလင်းကွယ်နေသည့် မျက်စိကို ပြန်၍လင်းအောင် ကုသပေး ကြောင်း စာများနှင့် စစ်ပွဲတွင် ခြေပြတ်သွားသူတစ်ဦးအား သံခြေတပ် ပေးကြောင်း စာများကို တွေ့ရလေသည်။

ဗြာဟ္မဏခေတ်တွင် (၈၀၀- ဘီစီ- ၁၀၀၀ အေဒီ) ဗြာဟ္မဏ ရှင်ကြီးများနှင့် ပညာရှိများတို့က ဆေးအတတ်ပညာကို မြှင့်တင်ခဲ့ကြ လေသည်။

ဗာရာဏသီ(Benares)ပြည်၌ ဆေးအတတ်ပညာကို မြှင့်တင်ခဲ့ ကြသည့်အနေဖြင့် ဆေးအတတ်ပညာသင်ကျောင်းတစ်ဆောင် တည် ဆောက်ခဲ့ကြလေသည်။

ဘုရင်အာသောက၏ကျောက်စာတစ်ခုတွင် (ဘီစီ ၂၂၆ ခုခန့်) မိမိသည် ဆေးရုံများ တည်ဆောက်ခဲ့ကြောင်း ဆိုသည်။

သီဟိုဠ်ကျွန်း မှတ်တမ်းများတွင်လည်း ဘီစီ(၄၃၇)ခုနှစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



(၁၃၇)ခုနှစ်တို့တွင် ဆေးရုံများ ရှိခဲ့ကြောင်း ဆိုသည်။

အေဒီ(၃၆၈)ခုနှစ်အထိ အိန္ဒိယနှင့်သီဟိုဠ်ဆေးရုံများ ရှိခဲ့သည်။

ဗြဟ္မဏခေတ် ဆေးအတတ်ပညာကျမ်းသုံးစောင်ရှိသည်။

(၁) ဆရကသံဟိတကျမ်းသည် သမားဆရာအတြိယ (Atreya B.C ၆ ရာစု)၏ပို့ချစာများကို မူတည်၍ သမားအဂ္ဂနိဝေရ (Agrvivera) ပြုစုသောကျမ်းကို သမားဆရက (Charaka A.D ဒုတိယရာစု) အတိုချုံးပြုစုသောကျမ်းဖြစ်သည်။

(၂) သုသရုတသံဟိတကျမ်းသည် သမားသုသရုတ(Susruta about 400 A.D) ပြုစု၍ ဆာဂျရီကုထုံးအများ စုဆောင်း၍ ဖော်ပြထားသောကျမ်းဖြစ်သည်။

(၃)ဘဂဝတပူရာဏ်ကျမ်း(A.D. သတ္တမရာစု) ဤသုံးစောင်တည်း။

ဤကျမ်းတို့သည် အာယုဗေဒ (Aju Veda)ကျမ်းတွင် အကျုံးဝင်သည်။

အထက်ပါ ကျမ်းသုံးစောင်အနက် သုသရုတသံဟိတသည် အရာရောက်ဆုံး ကျမ်းဖြစ်ပေသည်။

ဆာဂျရီသမား သုသရုတသည် ခွဲစိတ်ကုသရေးတွင် အသုံးပြုသော ကိရိယာတန်ဆာပလာမျိုး(၁၂၀)ကို ဖော်ပြထားခဲ့သည်။

ဤကိရိယာများတွင် အသားလှီးဓါးများ၊ လုံငယ်များ၊ လွှများ၊ ကတ်ကြေးများ၊ ချုပ်အပ်များ၊ ချိတ်များ၊ စမ်းတံများ(probes)၊ ညွှန်တံများ (directors)၊ အခေါင်းပေါက်စမ်းတံများ (sounds)၊ ညှပ်များ၊ စူးနှင့်စူးအိမ်(Trocar)၊ ဆီးချူတံ၊ ပြွတ်များ၊ အပေါက်ချဲ့တံများ (bougies)နှင့် စအိုတွင်းအမြင်ကူ (rectal speculum)တစ်ခု ပါဝင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်ဆာဂျရီသမားတို့သည် သွေးကြောပြတ်စများကို သွေးတိတ်အောင် ချည်နှောင်ခြင်းအတတ်မှလွဲ၍ အခြားသော ခွဲစိတ်ကုသနည်းတို့ကို တတ်ကြွမ်းရှိကြသည်။

ခြေလက်အင်္ဂါတို့ကို ဖြတ်တောက်ရာတွင် သွေးကြောပြတ်စများကို သွေးတိတ်အောင် မီးရှို့ကြသည်။

ကျိုးသောအရိုးကို ဝါးစိုအားဖြင့် စီရင်ထားသော ကျပ်ဖြင့် စည်း၍ ကုသကြသည်။

ဆီးကျောက်ကို ခွဲထုတ်ကြသည်။

သားအိမ်ကို ခွဲ၍ သားဆွဲကြသည်။

အသားပိုများကို ဖြတ်ပယ်ကြသည်။

မျက်စအတွင်းတိမ်(cataract) ထုတ်ပယ်ကြသည်။

အိန္ဒိယ ဆာဂျရီသမားတို့ ကျင့်သုံးကြသော နှာခေါင်းပုံ ပြန်ဖော်ပေးနည်း (rhinoplasty) ကို အာရေဗျ ဆာဂျရီသမားများမှ အတု ယူကြရသည်။

မေ့ဆေးမပေါ်သေးသည့်ခေတ်၌ ခွဲစိတ်ကုသရာတွင် လတ် မြောက်ခြင်းနှင့် လျင်မြန်ခြင်း ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံရမည် ဖြစ်သော ကြောင့် သမားဆရာတို့က တပည့်များတို့ကို ဦးစွာ သစ်ပင်များနှင့် တိရစ္ဆာန်အသေကောင်တို့တွင် လေ့ကျင့်စေခဲ့သည်။

ယခုခေတ် ဆာဂျရီအတတ်ပညာသည် အနာတိုမီပညာနှင့် ဖီဆီယိုလိုဂျီပညာတို့ကို မှီ၍တိုးတက်လာသော အတတ်ပညာဖြစ် သည်။

သို့ဖြစ်သောကြောင့် ရှေးအိန္ဒိယသမားတို့သည် ဤအခြေခံ ပညာနှစ်ရပ်၌လည်း ထူးချွန်ခဲ့ကြပေမည်ဟု အောက်မေ့ရသည်။

သို့ရာတွင် ဝေဒလိယာ အလျင်ခေတ်များ၌ အနာတိုမီပညာ



www.burmeseclassic.com

www.burmeseclassic.com



မတိုးတက် မထွန်းကားနိုင်ခဲ့ကြောင်း ဖော်ပြပြီး ဖြစ်သည့်အတိုင်း ရှေးအိန္ဒိယ အနာတိုမီပညာနှင့် ဖီဆီယိုလိုဂျီ ပညာတို့သည်လည်း မဖြစ်လောက်ခဲ့ချေ။

သို့သော်လည်း "ဆေးအတတ်ပညာဝတ္ထုကြီး" ကို ပြုစုသူ သမားကင်းနက်ဝါကာ (Kenneth Walker)၏အဆိုအားဖြင့် "အာယုဗေဒကျမ်းတွင် သွေးကြောများ အဖွဲ့အကြောင်း ဖော်ပြစာများ၊ အဖွဲ့အကြောင်း ဖော်ပြစာများကို ဖတ်ရသောအခါ၌ ရှေးအိန္ဒိယသမားတို့သည် သွေးအလျဉ်မှာ တစ်ကိုယ်လုံးသို့ ပတ်လည်လှည့်နေကြောင်း ဟာဗီ (Harvey) အလျှင်ဦးစွာ စိတ်ကူးရခဲ့ကြလေသလော" ထင်ရကြောင်း ဆိုသည်။

သုသရုတ သံဟိတ ကျမ်းတွင် ကိုယ်တွင်းရောဂါ အမျိုးပေါင်း (၁၁၂၀)ကို သွေးရိုးသားရိုးရောဂါတစ်ခု၊ အပမှီရောဂါတစ်ခု ဟူ၍ အစုနှစ်စုခွဲ၍ ဖော်ပြထားလေသည်။

လူနာကို စမ်းသပ်ကြည့်နည်းများတွင် ရှုစားခြင်း၊ လက်ဖြင့် စမ်းကြည့်ခြင်း၊ နားထောင်ကြည့်ခြင်း၊ အနံ့ခံခြင်း၊ အရသာခံခြင်း အားဖြင့် တွေ့မြင်နိုင်သော ဝေဒနာလက္ခဏာများကို ဖော်ပြထားသည်။

ငှက်ဖျားရောဂါ၏ဝေဒနာလက္ခဏာများကို ဖော်ပြထားသည့် အပြင် ခြင်ကိုက်ခံရသောကြောင့် ဤရောဂါသင့်ကြောင်းလည်း ဖော်ပြထားသည်။

ကြွက်နာကျလျှင် ပလိပ်ရောဂါ ကျရောက်တတ်ကြောင်းလည်း ဖော်ပြထားသည်။

ချောင်းဆိုး၊ အဖျားတက်၊ ခွဲသလိပ်နှင့်အတူ သွေးပါလာ၍ ပိန်ချုံးနေသော သူတို့၏ရောဂါ(မြစ်ခြောက်နာ) (Consumpthon)ကိုလည်း ဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကျောက်ရောဂါ ကာကွယ်ရန် ကျောက်ဖုမှ အရည်ကို ယူ၍ အရေပြားထဲသို့ ထိုးသွင်းနည်းကိုလည်း ဖော်ပြထားသည်။

ဆေးဘက်ဝင်သော သစ်ပင်အမျိုးပေါင်း(၇၀၀)ကျော် ဖော်ပြထားသည်။

(Rauwolfia serpentina)ဆေးမြစ်မှ ထုတ်ယူရရှိသော (reserpine) ရီဆောပင်ဆေးကို ယခုခေတ်တွင် သွေးတိုးအားလွန်ကဲရောဂါအတွက် များစွာအသုံးပြုလျက်ရှိသည်။

အထက်ပါဖော်ပြချက်များမှာ အိန္ဒိယဆေးပညာနှင့် ပတ်သက်သော အကြောင်းအရာများကို ရှေးဟောင်းကျမ်းများ၌ ဖော်ပြထားသော အချက်များပင်ဖြစ်ပေသည်။

ဒေါက်တာဆင်းနား အသုံးပြုသော ဝိဇ္ဇာဉ် ပယောဂများနှင့် သက်ဆိုင်သည့် ကုထုံးများမှာ ဆန်းကြယ်လှသည်။

ရှေးခေတ်ကတည်းက ဆေးအတတ်ပညာနှင့် တစ်ပြိုင်နက်တည်း ပေါ်ပေါက်လာသော နောက်ထပ်ပညာရပ်တစ်မျိုးမှာ ပြုစားတတ်သည့် ပညာပင်ဖြစ်သည်။

ခေတ်အဆက်ဆက်တွင် ပြုစားနည်းအမျိုးမျိုးတို့ ပေါ်ပေါက်ခဲ့ပေသည်။

(၁) အပင်းသွင်းခြင်း

(၂) ရုပ်တုပြုလုပ်၍(ယခုခေတ်၌ ဓါတ်ပုံယူ၍) အပ်စိုက်ခြင်း၊ မီးရှို့ခြင်းနှင့် အခြားအစီအရင်များဖြင့် ပြုလုပ်ခြင်း၊

(၃) ဆံပင်ဖြတ်စ၊ လက်သည်းခြေသည်းဖြတ်စ၊ ကျင်ကြီး ကျင်ငယ် သို့မဟုတ် အကျီအဝတ်အစား၊ အခြားအသုံးအဆောင်တို့ကို ယူ၍စီရင်ခြင်း၊

(၄) လိပ်ပြာဖမ်းချုပ်ထားခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



(၅) အစိမ်းတိုက်ခြင်း၊

စသောပြုစားခြင်းများ ရှိခဲ့လေသည်။

ထိုကဲ့သို့သော ပြုစားမှုများ ရှိခဲ့သောကြောင့် သာမန်ဆေးဆရာများအပြင် နတ်ဆရာ၊ ပယောဂဆရာများပါ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။

ရှေးအခါက နတ်ဆရာ ပယောဂဆရာတို့ အသုံးပြုသော လွယ်အိတ်များကို သားရေဖြင့် ပြုလုပ်၍ လွယ်အိတ်ထဲတွင် အရိုးများ၊ ခါတ်ကျောက်ခဲများ၊ ပုတီးစေ့များ၊ ခရုခွံများ၊ ရောင်ခြည်ဆေးများ၊ ဆေးပင်ဆေးမြစ်များနှင့် ပယောဂ ကုရာတွင် အသုံးပြုသောပစ္စည်းများ ပါကြသည်။

ရှေးအခါက ဆေးဆရာအချင်းချင်း တွေ့ပါက သိဒ္ဓိမြောက်သော ဆေးဝါးများနှင့် အရာဝတ္ထုများ လဲလှယ်ခြင်း၊ ရွတ်ဆိုရသော ဂါထာမန္တန်များ ဖလှယ်ကြခြင်းများ ပြုလုပ်ခဲ့ကြောင်း ရှေးမှတ်တမ်းများ၌ တွေ့ရလေသည်။

မိမိတို့ ဆေးကုပေးရမည့်လူနာနှင့် ပတ်သက်သော အကြောင်းအရာများကို သိလိုသည့်အခါ သက်ဆိုင်ရာဝိညာဉ်ကို ခေါ်ယူ၍သော်လည်းကောင်း၊

နတ်များကို ခေါ်ယူ၍သော်လည်းကောင်း မေးမြန်းရသည်များ ရှိသည်။

လူမျိုးအလိုက်၊ ယုံကြည်ကိုးကွယ်ရာအလိုက် နတ်မေးနည်းလည်း အမျိုးမျိုး ကွဲပြားခြားနားလေသည်။

ဆော်လမွန်ကျွန်း(Solomon Islands)တွင် သမားသည် တပည့်တစ်ယောက်နှင့် ရောက်လာပြီး သမားလုပ်သူက ရှေ့မှာ ထိုင်၍ တပည့်က ကျောဘက်၌ ထိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တုတ်တစ်ချောင်း၏တစ်ဖက်စွန်ကို တပည့်က ကိုင်၍ ကျန်တစ်ဖက်ကို ဆရာက ကိုင်ထားရသည်။

ထို့နောက် သမားသည် မိမိကိုင်ထားသော တုတ်အစွန်ကို လက်ဖြင့် ပုတ်ကာ မကြာသေးမီအချိန်က ကွယ်လွန်သွားသူတို့၏ အမည်များကို တစ်ခုပြီးတစ်ခု ခေါ်သည်။

ဖမ်းစားထားသော တစ္ဆေအမည်ကို ခေါ်မိသောအခါ၌ ကိုင်ထားသောတုတ်သည် ကြမ်းတမ်းစွာ လှုပ်ပြသည်။

အိန္ဒိယနိုင်ငံရှိ ဆော့ရ (Sauras) အမျိုးသား သမားသည်လည်း အလားတူ နတ်မေးနည်းကို ကျင့်သုံးသည်။

လူနာအား ဆီမီးခွက်တစ်ခုကို ကိုင်ထားစေ၍ ဆန်စေ့များကို တစ်စေ့စီ ဆီမီးခွက်ထဲသို့ချကာ တစ္ဆေတစ်ဦးဦး၏အမည်ကိုခေါ်သည်။

ဖမ်းစားထားသော တစ္ဆေ၏အမည်ကို ခေါ်မိသောအခါ ဆန်စေ့သည် မီးထတောက်လောင်သည်။

အာဖရိကတိုက်ပြင်သစ်ပိုင် အီကွေတာပိုင်းရှိ လိုအန်ဂို (Loango) အမျိုးသား သမားသည် ညဥ့်အချိန်၌ ဘာဝနာ သမာဓိ ဝင်စား၍ မိမိ၏ဝိညာဉ်အားဖြင့် မျိုးရိုးနတ်များနှင့် ဆွေးနွေးတိုင်ပင်သည်။

ဘာဝနာသမာဓိမှ ထွက်သောအခါ၌ လူနာအား ကျရောက်သည့်ဝေဒနာသည် သူတစ်ပါး ပြုစားထားသောကြောင့် ဖြစ်ကြောင်း သို့မဟုတ် နတ်မကြိုက်သော အပြစ်တစ်ခုခုကို ကျူးလွန်မိသောကြောင့် ဖြစ်ကြောင်း အမှန်ပြောနိုင်သည်။

ဆိုက်ဗီးရီးယား ရှာမန်သည်လည်း စည်တီး၍ ကိုယ်စောင့်နတ်ကို ပင့်ဖိတ်သည်။

ကိုယ်စောင့်နတ်၏အကူအညီအားဖြင့် လူနာဝေဒနာ၏ အကြောင်းရင်းကိုသိရသည်။



www.burmeseclassic.com

www.burmeseclassic.com



အာဖရိကတိုက်တွင် ဗန်တု(Bantu) အမျိုးသား သမားသည် နတ်မေးရာတွင် အန်စာကဲ့သို့ ပြုပြင်ထားသော တိရစ္ဆာန်အရိုး၊ သို့မဟုတ် ဦးချို၊ သို့မဟုတ် ခွာတို့ကို ခတ်သည်။

အန်စာများမှာ ဖိုမတစ်စုံစီ ရှိ၍ သမားကိုယ်တိုင်သတ်သော တိရစ္ဆာန်သို့မဟုတ် ဦးချို၊ သို့မဟုတ် အစွယ်တို့အားဖြင့် ပြီးရမည်။

နတ်များအား တိုင်တည်၍ အံစာများကို ခတ်ပြီးနောက် ပေါ်သည့်မျက်နှာများအစုံကို ကြည့်၍ နိမိတ်ဖတ်ရသည်။

အရိုးအံစာ၏မျက်နှာတစ်ခုကို နိမိတ်တစ်ခု သတ်မှတ်ထားသည့်အပြင် တိရစ္ဆာန်တစ်မျိုးကို လူတန်းစားတစ်မျိုးဟု သတ်မှတ်ထားခြင်းအားဖြင့် ကိစ္စအလုံးစုံအတွက် နိမိတ်ဖတ်နိုင်သည်။

ပုံစံအားဖြင့်. . .

ရှန်ဂါတွန်းဂါး (Shangana Tonga)အမျိုးသား သမားသည် အင်ပါလား(Impala) သတ္တဝါ၏အရိုးကို ရွာသူကြီးနှင့် သူကြီးကတော်တို့နှင့် သက်ဆိုင်ကြောင်း၊ မျောက်လွှဲကျော်၏အရိုးကို ရွာသားတို့နှင့် သက်ဆိုင်ကြောင်း၊ တောဝက်၏အစွယ် သို့မဟုတ် အရိုးကို သမားနှင့် သက်ဆိုင်ကြောင်း၊ ကျားသစ်၏အရိုးကို မျက်နှာဖြူလူမျိုးတို့နှင့် သက်ဆိုင်ကြောင်း၊ ဒရယ်၏အရိုးကို မှော်ဆရာနှင့် သက်ဆိုင်ကြောင်း၊ ကြွေအန်များကို လူတို့၏ဂုဏ်အင်္ဂါများနှင့် သက်ဆိုင်ကြောင်း သတ်မှတ်ထားသည်။

ရှေးအခါက ရောဂါဖြစ်ကြသောအခါ ထိုကဲ့သို့သော ဆန်းကြယ်သည့် အကြောင်းအရာများက ပိုမိုများပြားလေသည်။ နတ်နှင့် သက်ဆိုင်သော ပယောဂများ၊ စုန်း၊ ကဝေ၊ ဖုတ်၊ တစ္ဆေ၊ သရဲတို့နှင့် ပတ်သက်သော ရောဂါများအပြင် ဝိညာဉ်နှင့် ပတ်သက်သည့် ရောဂါများပါ အဖြစ်များသည်။ ကိုယ်ခန္ဓာမှ လိပ်ပြာထွက်ခွာသွားခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာလွင့်ခြင်းဟု သတ်မှတ်ကြသည်။

တစ္ဆေသရဲတို့ ခြောက်လှန့်မှုကြောင့် လိပ်ပြာလွင့်ခြင်းမျိုး ဖြစ်ရာမှ လိပ်ပြာက ပြန်မဝင်နိုင်တော့ဘဲ အသက်ဆုံးရှုံးရခြင်းမျိုးလည်း ရှိသည်။

မြောက်အမေရိကတိုက်မှာ ရှိကြသော အိန္ဒိယအမျိုးသား ဆေးဆရာများသည် ဝိညာဉ်လွင့်သည့်အခါ ပြန်လည်ခေါ်ယူနိုင်သည့် လိပ်ပြာဖမ်းကိရိယာကို အသုံးပြုကြလေသည်။

ယခုဝတ္ထု၌ ပါဝင်သော ဒေါက်တာဆင်းနားသည် ဝိညာဉ်နှင့် ပတ်သက်သည့်ကုထုံးများကို ကျွမ်းကျင်တတ်မြောက်သူတစ်ဦးဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

# အသက်ဝင်ဟာသည့် ပုံပြင်အဟောင်းများ

ဒေါက်တာဆင်းနားမှာ ၎င်း၏ဆေးရုံသို့ ရောက်လာကြသောလူနာများကို ၎င်း၏တပည့်လက်သားများဖြင့် ရောဂါပျောက်ကင်းအောင် ကုသပေးလေသည်။

ထိုသို့ကုသပေးရာမှာလည်း နည်းမျိုးစုံဖြင့် ကုသပေးခြင်း ဖြစ်သည်။

ခေတ်သစ်ဆေးဝါးဖြင့် ကုသပေး၍ရသော လူနာများကို သင့်တော်သောဆေးဝါး ပေး၍သော်လည်းကောင်း၊ ခွဲစိတ်၍သော်လည်းကောင်း ကုသပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပယောဂနှင့် ဆက်နွယ်လာသော ရောဂါများကိုတော့ ပယောဂနှင့် သက်ဆိုင်သော ကုထုံးများကို အသုံးပြုပြီး ကုသပေးလေသည်။

ပယောဂနှင့် သက်ဆိုင်သော ကုထုံးများကို အသုံးပြုရာ၌ တိုင်းရင်းဆေးများကို အသုံးပြု၍ ကုသပေးရသည်လည်း ပါဝင်လေသည်။

ဒေါက်တာ့ဆင်းနားသည် ခွဲစိတ်ကုသရာတွင် ကျွမ်းကျင်လှသလောက် အလောင်းကောင်များကို မပုပ်မသိုးရအောင် စီမံရာ၌လည်း များစွာကျွမ်းကျင်လေသည်။

အချို့ သေဆုံးသူတို့၏ဆန္ဒအရ သေဆုံးသွားသူများ၏ အလောင်းများကို မပုပ်မသိုးဘဲ ကြာရှည်ခံအောင် စီမံဆောင်ရွက်ပေးရသည်လည်း ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာမှာတော့ ၎င်း၏ယုံကြည်စိတ်ချရသည့် တပည့်များနှင့် လုပ်ကိုင်ပေးလေသည်။

ထိုကဲ့သို့ အလောင်းကောင်များကို မံမီပြုလုပ်သောနည်းမှာ ရှေးခေတ်အီဂျစ်တို့ အသုံးပြုခဲ့သောနည်းဖြစ်သည်။

အမှန်တော့ မံမီရုပ်အလောင်း ပြုလုပ်သောနည်းမှာ သမုဒ္ဒရာ ရေအောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားခဲ့သော အတ္တလန်တစ် မြို့ ဟောင်းမှ ဆင်းသက်လာသော ပညာရပ်များပင်ဖြစ်၏။

အတ္တလန်တစ် မြို့ကြီး ရေအောက်သို့ နစ်မြုပ်ကာနီးတွင် အချို့ ဘေးလွတ်ကင်းရာသို့ နေရာရွှေ့ပြောင်းကြရာမှ အီဂျစ်သို့ ရောက်လာကြသော လူမျိုးစုများတွင် ရှေးခေတ်ယဉ်ကျေးမှု အတတ်ပညာများနှင့် အတူ လူသေကို မပုပ်မသိုးအောင် စီမံသော မံမီအတတ်ပညာများ လည်း ပါလာကြသည်။

ထိုမှ အဆင့်ဆင့် ပြန့်ပွားသွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့နေရာအနှံ့အပြားတွင် လူသေအလောင်းကို နည်းအမျိုးမျိုးဖြင့် သင်္ဂြိုဟ်ကြသည်။

အများအားဖြင့်တော့ မြေမြှုပ်၊ မီးသင်္ဂြိုဟ်ခြင်းများ ပြုကြသော်လည်း နေရာဒေသအလိုက် မိမိတို့ဓလေ့အတိုင်း သင်္ဂြိုဟ်ကြသည်လည်း ရှိသည်။

ဉပမာ. . . ကမ္ဘာ့ခေါင်မိုးအရပ်ဒေသဟု တင်စားခေါ်ဝေါ်ကြသည့် တိဗက်ဒေသတွင် အလောင်းကို သင်္ဂြိုဟ်ပုံက တစ်မျိုးဖြစ်သည်။

ထိုအရပ်ဒေသမှာ ကျောက်တောင်များချည်း ရှိသောကြောင့် မြေမြှုပ်၍မရပေ။

မီးသင်္ဂြိုဟ်ရန်လည်း ထင်းရှားသောကြောင့် လုပ်၍မရပေ။ သို့ကြောင့် လူတစ်ယောက် သေဆုံးသွားလျှင် အလောင်းကို ဖျက်ဆီးသူများလက်သို့ အပ်လိုက်ကြသည်။

ထိုသူများက အလောင်းကို ဖျက်ဆီးပြီး လင်းတစာ ကျွေးကြလေသည်။

အမှန်တော့ ထိုသူများမှာ သုဘရာဇာများပင်ဖြစ်သည်။

ဒေါက်တာဆင်းနားသည် ၎င်းဆေးရုံတွင် တက်ရောက်ကုသသူများထဲမှ သေဆုံးသွားသူများအား အချို့ကို သင်္ဂြိုဟ်ပေးသည်။

အချို့ကိုတော့ မံမီပြုလုပ်ပြီး စိတ်ချရသောနေရာများမှာ သိမ်းဆည်းထားလေသည်။

၎င်းဆေးရုံနှင့် မဝေးလှသောနေရာ၌ သင်္ချိုင်းရှိသည်။ သေဆုံးသွားသူတို့၏အလောင်းများ ထိုသင်္ချိုင်း၌ မြှုပ်နှံ၍သော်လည်းကောင်း၊ ဂူသွင်း၍သော်လည်းကောင်း သင်္ဂြိုဟ်ကြလေသည်။

တစ်နေ့မှာတော့ မိသားစုတစ်စုလုံး ရောဂါဆိုးတစ်ခု ဝင်ရောက်လာသောကြောင့် ဆေးရုံရောက်လာကြသည်။ ထိုအထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



အသက်(၁၅)နှစ်အရွယ် မေရီဆိုသော မိန်းကလေးတစ်ဦးလည်း ပါသည်။

မိသားစုများမှာ စုစုပေါင်း(၆)ယောက်ဖြစ်သည်။

ထိုမိသားစုများ ဖြစ်ပွားနေသည့်ရောဂါမှာ ကူးစက်တတ်သော ရောဂါဖြစ်သောကြောင့် မိသားစုတစ်စုလုံးကို ဆေးရုံနှင့် မနီးမဝေးမှာ ရှိသော သီးသန့်အဆောက်အအုံမှာ ထားပြီး ကုသပေးလေ့ရှိသည်။

သို့သော်လည်း ၎င်းတို့မှာ ဆေးရုံရောက်လာသည့်အချိန်၌ ရောဂါကျွမ်းနေပြီဖြစ်သောကြောင့် မကြာမီမှာပင် တစ်ယောက်ပြီးတစ် ယောက် သေဆုံးသွားကြလေသည်။

သေဆုံးကာနီးအချိန်တွင် ကြောက်မက်ဖွယ်ရာကောင်း လောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်ပြီးမှ သေဆုံးသွားကြခြင်းဖြစ် သည်။

၎င်းတို့(၆)ယောက် သေဆုံးသွားသောအခါ လာရောက် သတင်းမေးမည့်သူ မရှိသလို အလောင်းများကို တာဝန်ယူ၍ သင်္ဂြိုဟ် ပေးမည့်သူပင် မရှိပေ။

ထို့ကြောင့် ထိုအလောင်းများကို ဒေါက်တာဆင်းနားကပင် တာဝန်ယူ၍ သင်္ဂြိုဟ်ပေးရန် စီမံရလေသည်။

သူသည် အလောင်းများကို မသင်္ဂြိုဟ်မီ မေရီဆိုသော မိန်းကလေး၏တစ်ကိုယ်လုံးတွင် ရှေးခေတ်အီဂျစ်စာများနှင့် တူသော အက္ခရာစာလုံးများကို ရေးထည့်ပေးလေသည်။

"ဆရာကြီး. . . အဲဒါ ဘာစာတွေပဲဟင်"

"မှော်ပညာနဲ့ ပတ်သက်တဲ့ ဆုတောင်းစာတွေပါ"

"ဘာကြောင့် သူ့ကိုယ်ပေါ်မှာ ထိုးပေးလိုက်တာလဲဟင်"

"နောက်ဘဝမှာ ဒီလိုရောဂါဆိုးမျိုးတွေနဲ့ မကြုံရစေဖို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းရာဘုံဘဝကို အမြန်ဆုံး ရောက်စေဖို့ ဆုတောင်းပေးတဲ့ စာတွေပါပဲ"

ဒေါက်တာဆင်းနားက သူမ၏တစ်ကိုယ်လုံး နေရာလပ် မကျန်အောင် စာလုံးများ ရေးထိုးပေးလေသည်။

ထို့နောက်မှာတော့ ထူးဆန်းသောအရာတစ်ခုကို ပြုလုပ်ပြန်လေသည်။

အခြားမဟုတ်ပေ. . .။

သေဆုံးနေပြီဖြစ်သော အလောင်းများမှ မျက်ခွံများကို ဓားဖြင့်လှီးဖြတ်ယူလေသည်။

"ဆရာကြီး. . . လူသေအလောင်းမျက်ခွံတွေကို ဘာကြောင့်ဖြတ်ယူနေတာလဲ"

"မျက်လုံးကို ဖုံးပိတ်ထားတဲ့ မျက်ခွံတွေကို ပယ်ပစ်လိုက်တော့ သူတို့မျက်လုံးတွေက ပြန်ပွင့်လာမယ်၊

သူတို့ဝိညာဉ်တွေ ဘယ်နေရာ ရောက်နေရမယ်ဆိုတာလည်း မြင်နိုင်မယ်၊ နောက်တစ်ချက်က သူတို့လျှောက်ရမယ့် ဘဝကူးလမ်းကိုလည်း မြင်နိုင်စေဖို့ အခုလို သေသူတွေရဲ့မျက်ခွံတွေကို ဖြတ်ယူထားလိုက်တာပဲ"

ဟု ပြောပြီး သေဆုံးသူ(၆)ယောက်စလုံး၏မျက်ခွံများအား လှီးဖြတ်ယူလေသည်။

ပြီးသောအခါ ထိုအလောင်းများကို မံမီရုပ်အလောင်းများအဖြစ် ပြုလုပ်ကာ သင်္ဂြိုဟ်လိုက်ခြင်းပင်ဖြစ်သည်။

ခေါင်းတလားများအတွင်းသို့ ထည့်ပြီး သချိုင်းသို့ ပို့ကာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ခြင်းပင်ဖြစ်သည်။

ယခင်ကလည်း ဆေးရုံပေါ်မှာ သေဆုံးသောအလောင်းများ၏



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူ သင်္ဂြိုဟ်မည့်သူ မရှိပါက ဆေးရုံမှပင် တာဝန်ယူကာ မြေမြှုပ် သင်္ဂြိုဟ်ပေးလေ့ရှိသည်။

ဒေါက်တာဆင်းနား နေသောအိမ်မှာ ဆေးရုံအဆောက်အဦး နှင့် မဝေးလှပေ။

ထိုအဆောက်အဦးမှာ ဒေါက်တာဆင်းနားနှင့် အခြားတပည့် နှစ်ဦးတို့သာ နေကြလေသည်။

ထိုအိမ်မှာ ရှေးဟောင်းအဆောက်အဦးဖြစ်ပြီး ဆေးရုံ အဆောက်အဦးများကဲ့သို့ နီညိုရောင်ဆေးများ သုတ်ထားလေသည်။

ထိုအဆောက်အဦးအတွင်း၌ ဆေးနှင့် ပတ်သက်ပြီး သုတေသနပြုသောအခန်း၊ သေဆုံးပြီးသောလူနာများကို ခွဲစိတ်သုတေသနပြု သော အခန်းများလည်း ရှိလေသည်။

တစ်ညမှာတော့ ဒေါက်တာဆင်းနားအတွက် ကြောက်မက် ဖွယ်ရာကောင်းသော အန္တရာယ်ဆိုးတစ်ခုနှင့် ကြုံတွေ့ရလေသည်။

သူတစ်ယောက်တည်း အောက်ထပ်အခန်းထဲမှာ ဆေးဝါး ဖော်စပ်မှုတစ်ခုအတွက် ပြုလုပ်နေစဉ် အခန်းအပြင်ဘက်မှ တရှပ်ရှပ် နှင့် လျှောက်သွားသည့် ခြေသံလိုလို ကြားလိုက်ရသည်။

ထိုအချိန်မျိုးမှာ သူ့တပည့်နှစ်ယောက်ကလည်း သူရှိသော အခန်းဘက်သို့ တကူးတက လာစရာ အကြောင်းမရှိပေ။

ထို့ပြင် အကြောင်းမရှိပါဘဲနှင့်လည်း မလာကြပေ။

လှည့်ကြည့်လိုက်သောအခါ အခန်းပေါက်ဝမှ ဖြတ်လျှောက် သွားသော သဏ္ဌာန်တစ်ခုကို မသဲမကွဲ လှမ်းမြင်လိုက်ရသည်။

သို့သော်လည်း ဂရုမထားဘဲ သူ့အလုပ်ကိုသာ ဆက်လုပ်နေ လေသည်။

နောက်တစ်ကြိမ်မှာတော့ ခြေသံက လူနှစ်ယောက် လျှောက်



www.burmeseclassic.com

www.burmeseclassic.com



နေသည့်ခြေသံမျိုးကဲ့သို့ ပိုများလာသည်။

ဒေါက်တာဆင်းနားက လှည့်ကြည့်လိုက်သောအခါ မှန်တံခါးမှ တစ်ဆင့် ရိပ်ခနဲ ဖြတ်လျှောက်သွားသည့် ပုံရိပ်သဏ္ဌာန်အချို့ကို မြင် လိုက်ရသည်။

"ဘယ်သူတွေလဲ"

လှမ်းမေးလိုက်သော်လည်း အပြင်ဘက်ကတော့ ပြန်ဖြေသံ မကြားရပေ။ စိတ်မသက်သာသောကြောင့် လုပ်လက်စ အလုပ်များကို ရပ်ပြီး နေရာမှ ထကာ အခန်းတံခါးကို ဖွင့်ကြည့်လိုက်သည်။

အခန်းအပြင်ဘက်မှာရော စင်္ကြံလမ်းတစ်လျှောက်မှာပါ မည် သူမှ မတွေ့ရပေ။

စိတ်ထဲမှာ အနည်းငယ်တော့ ဇဝေဇဝါဖြစ်သွားလေသည်။

သူသည် နေ့စဉ်နှင့်အမျှ လူသေများနှင့် ထိတွေ့နေရသည် ကိုင်တွယ်ခွဲစိတ်ပေးနေရသည်။

သို့ကြောင့် သရဲတစ္ဆေ ပရလောကသားများနှင့် တွေ့ကြုံ သည်မှာ အဆန်းအကြယ်တော့ မဟုတ်ပေ။

ထို့ပြင် ကြောက်ရွံ့ခြင်းလည်း မရှိလှပေ။

"အကောင်အထည် မရှိတဲ့ ဝိညာဉ်တွေက လူတွေကို ဘာ လုပ်နိုင်မှာ မဟုတ်ဘူး"

ဟုလည်း ယူဆထားသည်။

ထိုနေ့ညကတော့ ကြီးကြီးမားမား အနှောင့်အယှက်မျိုး နော ထပ်မတွေ့ရတော့သဖြင့် ညဉ့်နက်ပိုင်းအထိ အလုပ်လုပ်ပြီးမှ အိပ် ဝင်လေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။ တစ် တစ်ယောက်က လှုပ်နိုးလိုက်သကဲ့သို့ ရှိသောကြောင့် ပြန်နိုးလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မျက်စိဖွင့်ကြည့်လိုက်သောအခါ သူ့ခုတင်နံဘေး၌ ရပ်နေကြသည့် သဏ္ဌာန်များကို တွေ့ရလေသည်။

သူ့အခန်းထဲမှာ ထွန်းထားသောမီးအိမ်၏ အလင်းရောင်ကြောင့် မှုန်ဝါးဝါးမျှသာ ရှိလေသည်။

ထိုအလင်းရောင်ကြောင့် ခုတင်ဘေးမှာ ရပ်နေကြသူများကို မြင်တွေ့ရခြင်းဖြစ်သည်။

သာမန်လူများတော့ မဟုတ်ကြပေ။

တစ်ကိုယ်လုံး မဲမီစည်းထားသူများပင်ဖြစ်လေသည်။

တစ်ကိုယ်လုံး မဲမီစည်းထားသောကြောင့် မည်သူမည်ဝါမှန်း မသိသော်လည်း ထိုလူများ၏ပုံပန်းသဏ္ဌာန်များကိုတော့ ကောင်းစွာမှတ်မိလေသည်။

မကြာသေးမီကမှ ဆေးရုံပေါ်မှာ မိသားစုလိုက် သေဆုံးသွားသော လူ(၆)ယောက်တို့ပင်ဖြစ်သည်။

၎င်းတို့က ခုတင်ဘေးမှ ပတ်ဝိုင်းထားကြခြင်းဖြစ်ပေသည်။

"ငါတို့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို ပြန်တပ်ပေးပါ"

"ကျွန်မကိုယ်ပေါ်မှာ ရေးထားတဲ့ကျိန်စာတွေကို ဖျက်ပေးပါ"

"ကျုပ်တို့ရဲ့ဝိညာဉ်တွေကို လွတ်လပ်ခွင့်ပေးပါ"

"ကျုပ်တို့ တစ်နေရာကို လွတ်လွတ်လပ်လပ် သွားချင်တယ် လွှတ်ပေးပါ"

ဟူသော တောင်းဆိုချက်များကို အသံဩဩကြီးဖြင့် ဝိုင်းပြောကြလေသည်။

ထိုအသံများ ကြားသောအခါ ဒေါက်တာဆင်းနားမှာ များစွာ ထိတ်လန့်ကြောက်ရွံ့သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်သက်တာတွင် ထိုကဲ့သို့သောအဖြစ်မျိုး တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသေးချေ။

"မင်းတို့ ဘာတွေလာပြောနေတာလဲ၊ မင်းတို့အားလုံး သေပြီးသားဆိုတာရော ကိုယ့်ကိုယ်ကို သိကြရဲ့လား၊

အသက်ဝိညာဉ် မရှိတဲ့လူတွေဟာ ဒီလိုနေရာမျိုးမှာ မနေရဘူး၊ မင်းတို့နေရာက သင်္ချိုင်းမှာပဲ၊ မင်းတို့ သင်္ချိုင်းကို ပြန်သွားကြ"

ဟု အော်ပြောလိုက်သည်။

သို့သော် ခုတင်ဘေးမှာ ရပ်နေကြသော မံမီများကတော့ တစ်လက်မမှ နေရာရွှေ့မသွားကြပေ။

"ငါတို့ရဲ့ဝိညာဉ်တွေကို လွတ်လပ်ခွင့်ပေးပါ"

"ငါတို့ကို ပိတ်လှောင်မထားပါနဲ့၊ တစ်နေရာကို သွားခွင့်ပေးပါ"

"ကျွန်မကိုယ်ပေါ်က ကျိန်စာတွေကို ဖျက်ပေးပါ၊ ဒီကျိန်စာတွေ မပျောက်မချင်း ဘယ်မှ သွားလို့မရဘူး"

ဟု တစ်ယောက်တစ်မျိုး ဝိုင်းပြောနေကြရာ ဒေါက်တာဆင်းနားမှာ နေရာမှ ထရန် ကြိုးစားလေသည်။

သို့သော် သူ့အတွက် အခွင့်အရေး မရတော့ပေ။

မံမီရုပ်အလောင်းများက သူ့ကိုယ်ပေါ်သို့ လက်များနှင့် ဝိုင်းဖိထားလေသည်။

ထိုအခါမှ ဒေါက်တာဆင်းနားမှာ ကြောက်လန့်တကြား ရှန်းကန်လေတော့သည်။

"ကယ်ကြပါ. . . ကယ်ကြပါ. . . ငါ့ကို ကယ်ကြပါဦး"

ထိုသို့အော်ဟစ်ရင်းနှင့် ရှန်းကန်လေရာ အိပ်ရာနံဘေးရှိ စားပွဲပေါ်မှာ တင်ထားသောမီးအိမ်သည် အောက်သို့ ပြုတ်ကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရေနံဆီများ ထွက်လာပြီးနောက် မီးတောက်ကြီးများ ထလာလေတော့သည်။

အခန်းတစ်ခုလုံး မီးတောက်ကြီးများ စွဲလောင်နေပြီဖြစ်သော်လည်း မံမီရုပ်အလောင်းများက ၎င်းကို အလွတ်မပေးဘဲ ဝိုင်းထားကြသောကြောင့် အပြင်သို့ ထွက်ခွင့်မရတော့ပေ။

နောက်ဆုံးမှာတော့ အဆောက်အဦးတစ်ခုလုံး မီးစွဲလောင်သွားလေတော့သည်။

နောက်ပိုင်းမှာတော့ ဆေးရုံမှ လူများ ရောက်လာပြီးနောက် မီးတောက်များကို ဝိုင်းဝန်းငြိမ်းသတ်လိုက်ကြသော်လည်း ဒေါက်တာဆင်းနား အသက်ကိုတော့ မကယ်နိုင်ခဲ့ကြပေ။

မီးလောင်ထားသောအခန်းများကို ရှင်းလင်းသောအခါ ၎င်းအိပ်ခန်းခုတင်ပေါ်မှာပင် သေဆုံးနေသော ဒေါက်တာဆင်းနား၏ အလောင်းကိုသာ တွေ့ကြရတော့သည်။

အဆောက်အဦးကို မီးလောင်နေသောအချိန်တွင် ဒေါက်တာဆင်းနားတစ်ယောက် အဘယ်ကြောင့် လွတ်အောင်ထွက်မပြေးဘဲ အိပ်ရာပေါ်မှာ ဒီအတိုင်းရှိနေသည် ဟူသောအချက်ကိုတော့ မည်သူမှ မသိနိုင်ကြတော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

# သုသာန်ပေါင်းမှ တွေ့ရသောညွှန်သည့်

**ဒေါက်**တာဆင်းနား သေဆုံးသွားပြီးသည့်နောက်ပိုင်းမှာ မြို့သူမြို့သားများက ဒေါက်တာဆင်းနား၏ရုပ်အလောင်းကို ဂူသွင်းပြီး ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ကြသည်။

အဘယ်ကြောင့်ဆိုသော် မြို့သူမြို့သား အတော်များများ၏ အသက်ကို ကယ်တင်ပေးခဲ့သည့်အနေဖြင့် ဆေးကုပေးခဲ့သောကြောင့် ဖြစ်သည်။

၎င်း၏အုတ်ဂူမှာ ဆေးရုံရှိသောနေရာနှင့် မနီးမဝေးတောင် တုန်းပေါ်၌ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူအတော်များများကတော့ ဒေါက်တာဆင်းနား မရှိတော့သော်လည်း ၎င်း၏ဆေးပညာများကိုတော့ ယုံကြည်အားကိုးနေကြရဆဲပင်ဖြစ်သည်။

၎င်းပြုစုခဲ့သောဆေးကျမ်းများ၊ ဆေးမှတ်တမ်းများမှာ နောက်လူတို့အတွက် များစွာအထောက်အပံ့ ဖြစ်ခဲ့လေသည်။

ထို့ထက် ဒေါက်တာဆင်းနားကို မိစ္ဆာပယောဂများကို နိုင်နင်းသော မှော်ဆရာတစ်ဦးကဲ့သို့ ယုံကြည်ကြသူများလည်း ရှိသည်။

သူမရှိတော့သော်လည်း သူ၏ရုပ်ကလပ်ကို သင်္ဂြိုဟ်ထားသော ဂူသို့ သွားရောက်၍ ဆေးကုသခံသူများပင် ရှိလာကြသည်။

အုတ်ဂူသို့ သွားရောက်ပြီး ရောဂါကုသခံသူများမှာလည်း အတော်များများ ရောဂါပျောက်ကင်းခဲ့ကြသည်လည်း ရှိကြလေသည်။

ထိုကဲ့သို့သော ပြုလုပ်မှုများမှာ ယခုမှ ပေါ်ပေါက်လာကြခြင်းမဟုတ်ဘဲ ရှေးအခါကတည်းက ရှိခဲ့ဖူးလေသည်။

အလယ်ခေတ် ဆေးပညာလောကတွင် ထင်ရှားခဲ့သည့် ဒေါက်တာအဗီဆင်းနားသည် အသက်(၅၈)နှစ်အရွယ်မှာပင် သေဆုံးသွားခဲ့လေသည်။

အဗီဆင်းနား၏ရောဂါမှာ ယခုခေတ်ကာလတွင် လူသိများနေသော 'အေအိုင်ဒီအက်စ်' ရောဂါပင်ဖြစ်သည်။

အဗီဆင်းနားသည် သူ့ကိုယ်မှာ စွဲကပ်လာသော ရောဂါဆိုးအတွက် ပျောက်ကင်းအောင် ကုသနိုင်မည့်ဆေး မရှိသေးကြောင်းသဘောပေါက်ခဲ့သည်။

မကြာခင် ထိုရောဂါနှိပ်စက်မှုကြောင့်ပင် သူသေရတော့မည်ကိုလည်း ခန့်မှန်းမိသည်။

သို့ကြောင့် မသေခင်အချိန်တွင် ၎င်းပိုင်ဆိုင်သော ငွေကြေးပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



များကို ထုခွဲရောင်းချပြီးနောက် ဆင်းရဲသားများကို ဝေငှ လှူဒါန်းပေးခဲ့လေသည်။

သုံးရက်တစ်ကြိမ် ကိုရန်ကျမ်းကို အစအဆုံး ဖတ်ရှုခဲ့သည်။

သေဆုံးသောအခါ၌ ရမ္ဗဒန်လမြတ်အတွင်း သေဆုံးသွားခြင်းဖြစ်သည်။

ထို့နောက်မှာတော့ အဗီဆင်းနားကို သင်္ဂြိုဟ်ထားသောဂူသို့ သွားရောက်ပြီး လူနာများက ဂါရဝပြု ဆုတောင်းကြရုံဖြင့် ရောဂါများ ပျောက်ကင်းခဲ့ကြသော အဖြစ်အပျက်များ ရှိခဲ့ကြသည်။

ယခုလည်း ဘူတန်မှာ နေထိုင်ကြသူများအပါအဝင် အခြားအရပ်ဒေသမှ လူများပါ ဒေါက်တာဆင်းနား ဂူရှိရာသို့ ရောက်လာပြီး ဂါရဝပြု ဆုတောင်းကြရုံနှင့် ရောဂါပျောက်ကင်းမှုများ ရှိခဲ့ကြသည်။

ယုံကြည်မှု ပြင်းထန်သောကြောင့်လည်း ရောဂါများ ပျောက်ကင်းမှု ရှိကြောင်းလည်း ဖြစ်နိုင်စရာ ရှိလေသည်။

အချို့ကတော့ ထိုသို့မဟုတ်ပေ. . . ။

ဒေါက်တာဆင်းနား၏အုတ်ဂူသို့ သွားရောက်၍ ဆေးကုသခံကြရာတွင် မမြင်ရသောဝိညာဉ်က ရောက်လာပြီး သင့်တော်သော ဆေးကုသပေးခြင်းများ ပြုလုပ်ပေးသည်ဟု ထင်မြင်ယူဆကြလေသည်။

နောက်ပိုင်းမှာတော့ ဒေါက်တာဆင်းနား အုတ်ဂူမှ ဒေါက်တာဆင်းနား ဝိညာဉ်က ထွက်လာပြီး ဆေးကုပေးသည်ဟူသော သတင်းများပင် ဖြစ်ပေသည်။

နောက်ပိုင်းမှာတော့ ဒေါက်တာဆင်းနား နောက်ဆုံးနေသွားသောအိမ်မှာ အချို့မီးလောင်သွားသဖြင့် ပျက်စီးသွားသည်များကို မြင်ပြီး ရှေးဟောင်းအဆောက်အဦးအဖြစ် အမှတ်တရထားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

နောက်ပိုင်းမှာ ဆေးရုံကိုလည်း မြို့နှင့် နီးသောနေရာသို့ ပြောင်းရွှေ့ခဲ့ကြပြီး မူလဆေးရုံအဟောင်းကို ဖြိုဖျက်ပစ်လိုက်ကြသည်။

တောင်ကုန်းပေါ်မှာ ဒေါက်တာဆင်းနား နေသွားခဲ့သော အိမ်တစ်လုံးသာ ကျန်ခဲ့လေသည်။

ထိုအိမ်ကိုတော့ ရက်ရှည်နေထိုင်ချင်သူများ၊ ဆေးကုသရန် လာရောက်သူများအတွက် အခကြေးငွေဖြင့် ငှားရမ်းပေးလေသည်။

အတော်များများကတော့ အပန်းဖြေ အနားယူရန် သွားရင်း နေထိုင်ခြင်းမျိုး မဟုတ်ဘဲ ဆေးကုသမည့်သူများသာ မိသားစုလိုက် လာရောက်ငှားရမ်းခြင်း များလေသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများက ထိုအိမ်ကို ပြန်လည်ပြုပြင်ထားသည်ဆိုသော်လည်း ရှေးဟောင်းလက်ရာလည်း မပျက်၊ နေချင်စဖွယ် လှပအောင်လည်း မွမ်းမံပြင်ဆင်ထားကြခြင်းဖြစ်သည်။

ထိုအဆောက်အဦးမှာ အပေါ်ထပ်အောက်ထပ် ပါသည့် အပြင် မြေအောက်မှာ လူနေနိုင်လောက်သောအခန်းများလည်း ရှိနေသေးသည်။

ထိုအခန်းများမှာ အတော်အတန် ကျယ်ဝန်းပြီး ဘေးပတ်လည်မှာ နံရံကပ်ဗီရိုကြီးများ အပြည့်ထောင်ထားလေသည်။ ထိုဗီရိုကြီးများမှာ အဖွင့်အပိတ် ပြုလုပ်ရန် တံခါးများ တပ်ဆင်မထားသောကြောင့် အတွင်း၌ မည်ကဲ့သို့သောပစ္စည်းများ ထည့်ထားသည်ကို မသိနိုင်ပေ။

ဒေါက်တာဆင်းနား ရှိစဉ်ကတော့ ထိုအခန်းထဲတွင် လူနာများကို ခွဲစိတ်ကုသခြင်း၊ မံမီရုပ်အလောင်းများ ပြုလုပ်ခြင်းများအတွက် အသုံးပြုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဆောက်အဦးမှာ လာရောက်ဌားရမ်းနေထိုင်သူ အများစုကတော့ နာတာရှည်ရောဂါများ၊ ကုသ၍ မပျောက်ကင်းနိုင်သည့် ရောဂါရှင်များသာ ဖြစ်ကြသည်။

၎င်းတို့အနေနှင့် ထိုအဆောက်အဦးမှာ ငှားရမ်း၍ လာရောက်နေထိုင်ခြင်းဖြင့် ရောဂါပျောက်ကင်းနိုင်သည်ဟုလည်း ယူဆထားကြလေသည်။

ဒေါက်တာဆင်းနား မရှိတော့သော်လည်း ၎င်း၏ဝိညာဉ်က လာရောက်ကုသပေးသောကြောင့် နာတာရှည်ရောဂါများ ပျောက်ကင်းသည်ဟု ထင်မြင်ယူဆထားကြလေသည်။

အချို့ဆိုလျှင် ထိုအဆောက်အဦး၌ လပိုင်းနှင့် ငှားရမ်းနေထိုင်သူများ ရှိသလို အချို့ ရောဂါမပျောက်မချင်း နှစ်နှင့်ချီပြီး ငှားရမ်းနေထိုင်သူများပင် ရှိကြသည်။

သို့သော်လည်း သူတို့အနေနှင့် အေးအေးချမ်းချမ်း နေကြရသည်မျိုးတော့ မဟုတ်ပေ။

ထိုအဆောက်အဦးတွင်းမှာ လူများစွာ သေခဲ့ဖူးသောကြောင့် ဝိညာဉ်တို့၏ခြောက်လှန့်မှုများကိုတော့ ခံကြရလေသည်။

ဘယ်ပုံဘယ်နည်း ခြောက်လှန့်ကြသည်၊

ဘယ်လောက်အထိ ခြောက်လှန့်ကြသည်ကိုတော့ ကာယကံရှင်များမှလွဲပြီး အခြားသူများ မသိနိုင်ကြပေ။

ယခုတော့ ထိုအဆောက်အဦးမှာ ငှားရမ်းနေထိုင်သူ မရှိသောကြောင့် ပိတ်ထားရသည်မှာ ကြာပြီဖြစ်ပေသည်။

တစ်နေ့သ၌ ထိုအဆောက်အဦး ရှိရာသို့ မော်တော်ကားတစ်စီး ရောက်လာလေသည်။

ကားပေါ်မှာ ကားမောင်းသူနှင့် ညှိသည်နှစ်ယောက် ပါလာ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုနှစ်ယောက်မှာ အခြားတော့ မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့နှစ်ဦးပင် ဖြစ်ကြလေသည်။

သူတို့နှစ်ဦးသည် ထိုနေရာသို့ ရောက်လာသော အဓိကအချက်မှာ သေဆုံးသွားသော ဒေါက်တာဆင်းနား၏ဆေးမှတ်တမ်းများကို ကြည့်ရှုလေ့လာရန် ရည်ရွယ်ချက်ပင်ဖြစ်သည်

ဒေါက်တာမင်းထင်ကျော်သည် သုတေသနသမားတစ်ဦးဖြစ်သော်လည်း ရှေးဟောင်း ဆေးပညာရပ်များကို များစွာစိတ်ဝင်စားသူ ဖြစ်လေသည်။

အထူးသဖြင့် ရှေးခေတ်လူတို့ အသုံးပြုခဲ့ကြသည့် ဆေးဝါးဖော်စပ်ပုံနည်းများနှင့် (ဆေးနည်းများ) ကုသပုံနည်းများအား များစွာစိတ်ဝင်စားကြလေသည်။

ဦးဇန်ကောင်းကလည်း ထိုနည်းအတူပင်ဖြစ်သည်။

သူတို့သည် မြန်မာနိုင်ငံမှာ ရှိကြစဉ်ကပင်လျှင် ဒေါက်တာဆင်းနား၏အကြောင်းနှင့် ၎င်း၏ဆေးဝါးကုသပုံအကြောင်းများကို သိထားကြသူများဖြစ်သည်။

သို့ကြောင့်လည်း အခြားကိစ္စများအတွက် တိဗက်နှင့် အိန္ဒိယနိုင်ငံများသို့ လှည့်လည်ရင်းနှင့် ဘူတန်သို့ လှည့်ဝင်လာကြခြင်းဖြစ်သည်။

၎င်းတို့ ကားဝင်လာသည်ကို မြင်သောအခါ အစောင့်နှစ်ယောက်က ထွက်လာပြီး ခရီးဦးကြိုပြုကြလေသည်။

"မင်္ဂလာပါခင်ဗျာ. . . ဘယ်နိုင်ငံက လာကြတာပါလဲ"

"မြန်မာပြည်က လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အော်. . . အလွန်သာယာတဲ့နိုင်ငံပဲ၊ အခု ဘာအတွက် လာ ကြတာလဲ၊ ကျွန်တော်တို့ ဘာများ ဆောင်ရွက်ပေးရပါမလဲခင်ဗျာ"

"ဒါ. . . ဒေါက်တာဆင်းနား နေခဲ့တဲ့အိမ် မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ကျွန်တော်တို့ ဒီအိမ်ကို ငှားချင်လို့ပါ၊ ဘယ်လိုငှားနိုင်ပါသလဲ"

"ရက်ပိုင်းလပိုင်း ငှားမယ်ဆိုရင်လည်း ရပါတယ်၊ သဘော လို့ နှစ်နဲ့ချီပြီး ငှားမယ်ဆိုရင်လည်း အဆင်ပြေပါတယ်"

"လေ့လာရုံသက်သက်ဆိုတော့ ရက်ပိုင်းလောက်ပဲ ယူချင်တ ပါ၊ ကျသင့်သလောက် ပေးပါမယ်"

"ရပါတယ်. . . ရပါတယ်၊ သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေနဲ့ တွေ့ အဆင်ပြေအောင် စီစဉ်ပေးပါ့မယ်"

ဟု ပြောပြီး နောက်ပိုင်းမှာတော့ ၎င်းတို့ကပင် စီစဉ်ဆော ရွက်ပေးသောကြောင့် ထိုအဆောက်အဦးကို ငှားရမ်းနေထိုင်ခွင့် ရ လေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကို ငှားရမ်းပြီးသောအခါ အစော တစ်ယောက်က အဝင်စကြံလမ်းထိပ် လမ်းဘေးတွင် ထောင်ထ သော ဆိုင်းဘုတ်ကို ပြန်နုတ်ယူလာလေသည်။

ထိုဆိုင်းဘုတ်မှာ သူတို့ဝင်ရောက်လာစဉ်က သတိမပြု သော မမြင်ခဲ့သောဆိုင်းဘုတ်ပင်ဖြစ်၏။

ဆိုင်းဘုတ်ပေါ်၌ 'ဤအဆောက်အဦးကို ငှားရမ်းနေနိုင် သည်' ဟူသောစာသားများကို ရေးသားထားလေသည်။

အဆောက်အဦး ငှားရမ်းပြီးနောက် မိမိတို့ တည်းခိုနေသ နေရာမှ ခရီးဆောင်အိတ်နှင့် ပစ္စည်းအချို့ကိုပါ သယ်ယူလာပြီးနော ကားကို ပြန်လွှတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ နှစ်ယောက်သား ပစ္စည်းများကို အတွင်းသို့ သွင်းပြီးနောက် အဆောက်အဦး၏အခြေအနေကို လိုက်လံကြည့်ရှုကြလေသည်။

ထိုအဆောက်အဦးမှာ မူလကတည်းက ဆရာဝန် နေရန် ဆောက်လုပ်ထားသောကြောင့် သူ့နေရာသူ စနစ်ကျပြီး သပ်ရပ်မှုလည်း ရှိလေသည်။

ဒေါက်တာဆင်းနား ရှိစဉ်က နေသွားခဲ့သည့်အတိုင်း အချို့ပစ္စည်းများကို ခြေရာလက်ရာမပျက်ပင် ထားလေသည်။

ဒေါက်တာဆင်းနား၏စာကြည့်ခန်းမှာ တံခါးပိတ်ထားလေသည်။

မှန်တံခါးမှ အတွင်းသို့ လှမ်းကြည့်ရာ အခန်းတစ်ခုလုံး စာအုပ်စင်များ၊ စာအုပ်များဖြင့် ပြည့်နေသည်ကို တွေ့မြင်ရသည်။

အခန်းတံခါး သော့ခတ်ထားသောကြောင့် အတွင်းသို့ ဝင်ခွင့်မရပေ။

ဒေါက်တာမင်းထင်ကျော်ကတော့ စာအုပ်ပေါင်း မြောက်မြားစွာကို မြင်ကတည်းက အတွင်းသို့ ဝင်ကြည့်ချင်နေသည်။

ထိုနေရာမှ မပြန်ခင် စာကြည့်ခန်းအတွင်းသို့ ရောက်အောင် ဝင်ပြီးကြည့်ရှုရန်တော့ စိတ်ကူးထားလေသည်။ အခြားနေရာများမှာ ဆရာဝန်များ အသုံးပြုသော ဆေးဝါးပစ္စည်းများနှင့် ပစ္စည်းကိရိယာများ တွေ့ကြရသည်။

တစ်အိမ်လုံး နှံ့နှံ့စပ်စပ် လိုက်လံကြည့်သောအခါမှာလည်း ထူးထူးခြားခြားတော့ ထပ်မတွေ့ရတော့ပေ။

"ဒေါက်တာဆင်းနားက ဆေးပညာမှာ ထူးချွန်သလို ခံစိတ်ကုသရာမှာလည်း သူမတူအောင် ကျွမ်းကျင်တဲ့လူတစ်ယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ပြောတော့ ဦးဇန်ကောင်းက ခေါင်းတစ်ချက်ညိတ်ပြသည်။

"ဒုအပြင် ဝိညာဉ်တွေကိုလည်း ဆက်သွယ်နိုင်ခဲ့တယ်"

"ကျုပ်သိရသလောက်တော့ သူက ခေတ်ပညာတတ် ဆရာဝန်တစ်ဦးသာဆိုတယ်၊ ဂမ္ဘီရဆန်တဲ့ ဆရာဝန်တစ်ယောက်ပဲ၊ သေဆုံးသူတွေရဲ့ဝိညာဉ်တွေကို ခေါ်ယူနိုင်တယ်လို့လည်း သိရတယ်"

"ဟုတ်ပါတယ်. . . ဒုအပြင် သေဆုံးသွားပြီးတဲ့ အလောင်းတွေကို မံမီပြုလုပ်တဲ့ အတတ်ပညာလည်း တတ်တယ်၊ သူရှိစဉ်အခါက မံမီရုပ်အလောင်းအတော်များများကို ပြုလုပ်ထားခဲ့တယ်"

"အဲဒါတွေရော ဘယ်နေရာမှာ ထားခဲ့သလဲမသိဘူး"

"ကျွန်တော်အထင် ပြောရရင်တော့ တစ်နေရာရာမှာ ရှိနေမလား မသိဘူး"

"စိတ်ဝင်စားစရာပဲနော်. . . ဒါထက် သူဘယ်လိုဖြစ်ပြီး သေရတာလဲ၊ မောင်ထင်ကျော် သိသလားဟင်"

"အဲဒါတော့ ကျွန်တော်မသိဘူး၊ ဒါပေမယ့် ဒီနေရာမှာ ရက်ကြာကြာနေပြီးရင်တော့ ဒီပတ်ဝန်းကျင်မှာ ရှိနေတဲ့ လူတစ်ယောက်ကို မေးကြည့်ရင်တော့ သိမှာပါ"

"ကျုပ်တော့ ဒီအိမ်ထဲ ရောက်လာပြီးမှ စိတ်ထဲမှာ တစ်မျိုးဖြစ်နေသလိုပဲ၊ ကျုပ်တို့ပတ်ဝန်းကျင်မှာ မမြင်ရတဲ့ဝိညာဉ်တွေ ရှိနေသလိုပဲ"

"ဒီနေရာက ခွဲစိတ်ကုသမှုတွေ လုပ်ခဲ့တယ်၊ မံမီရုပ်အလောင်းတွေ ပြုလုပ်ခဲ့တဲ့နေရာဆိုတော့ မကျွတ်လွတ်တဲ့ ဝိညာဉ်အတော်များများတော့ ရှိနေမှာပါ"

ဟု ပြောပြီး နှစ်ယောက်သား နေရာအနှံ့အပြားသို့ လိုက်ထံကြည့်ရှုသော်လည်း ထူးထူးခြားခြားတော့ မတွေ့ကြရပေ။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းအချိန်ရောက်သောအခါ ဒေါက်တာဆင်းနား အုတ်ဂူရှိရာသို့ သွားကြလေသည်။

အုတ်ဂူပြုလုပ်ထားသောနေရာမှာ ယခင်က သုသာန်ရှိသော နေရာနှင့် မဝေးလှပေ။

ယခုတော့ သုသာန်ကို အခြားနေရာသို့ ရွှေ့ပြောင်းပေးလိုက်ပြီ ဖြစ်သောကြောင့် ထိုနေရာ၌ မရှိတော့ပေ။ ထိုနေရာတွင် ဒေါက်တာ ဆင်းနား၏အုတ်ဂူတစ်လုံးသာ ထီးထီးကျန်နေလေသည်။ တာဝန်ရှိသူ များအနေဖြင့် မြို့နှင့် နီးလာပြီဖြစ်သောကြောင့် သုသာန်ကြီးတစ်ခုလုံး ကို နေရာရွှေ့ပြောင်းလိုက်ကြသော်လည်း ဒေါက်တာဆင်းနား၏ အုတ်ဂူကိုတော့ မထိဝံ့ကြပေ။

ထိုအုတ်ဂူကို ဖြိုဖျက်မည်ဆိုလျှင် ပြည်သူများက ကန့်ကွက် ကြမည်မှာ အမှန်ပင်ဖြစ်၏။

ထို့ထက် သူတို့ကိုယ်တိုင်လည်း ထိုအုတ်ဂူကို မဖြိုဖျက်ဝံ့ကြ ပေ။

သို့ကြောင့် ထိုနေရာတွင် အုတ်ဂူတစ်လုံးတည်းသာ ကျန်နေခဲ့ ခြင်းဖြစ်၏။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားသောအချိန်မှာ ညနေပိုင်းအချိန်ဖြစ်သည်။

တောင်ကုန်းပေါ်မှာ မြူများ ဝေ့ဆိုင်းနေသည်။ ထိုနေရာမှ မျှော်ကြည့်လျှင် သစ်တောအုပ်များကြားမှ ဘူတန်မြို့ကို တစ်စွန်းတစ်စ လှမ်းမြင်ရလေသည်။

ဟိုးအဝေးမှာလည်း နှင်းသင်တိုင်းများ လွှမ်းခြုံထားသော တောင်စွယ်တောင်တန်းကြီးများကို လှမ်းမြင်ကြရသည်။

ဒေါက်တာဆင်းနား၏အုတ်ဂူမှာ တောင်ကုန်းတစ်ခု၏



www.burmeseclassic.com

www.burmeseclassic.com



အလယ်တွင် တည်ရှိသောကြောင့် နှစ်ယောက်သား စကားတပြော ပြောနှင့် တက်သွားရာ အပေါ်သို့ ရောက်ကာနီးတွင် ထူးခြားသော မြင်ကွင်းတစ်ခုကို လှမ်းမြင်ကြရသည်။ အုတ်ဂူရှိရာ တောင်ကုန်းထိပ် တစ်နေရာမှ သူတို့ရှိရာသို့ လှမ်းကြည့်နေသည့် ပုံရိပ်သဏ္ဍာန်တစ်ခုကို လှမ်းမြင်ကြရသည်။

မြူနှင်းများ ဝေ့ဆိုင်းနေသောကြောင့် သဲကွဲစွာ မမြင်ရသော်လည်း အနက်ရောင် လောင်းကွတ်အကျႌရှည်ကြီးကို ဝတ်ဆင်ထားသော လူတစ်ယောက်ဖြစ်မှန်းတော့ သိရသည်။ မျက်နှာတော့ သဲသဲကွဲကွဲ မမြင်ရပေ။

သူတို့နှစ်ယောက် တောင်ကုန်းထိပ်ပေါ်သို့ ရောက်သွားသော အခါမှာတော့ ထိုနေရာတစ်ဝိုက်မှာ ဘယ်သူမှ ရှိမနေတော့ပေ။

တောင်ကုန်းမှာ မကျယ်ဝန်းသောကြောင့် အကယ်၍သာ ထိုအပေါ်တွင် တစ်စုံတစ်ယောက်ရှိနေပါက မုချတွေ့ရမည်သာ ဖြစ်သည်။

"ဒေါက်တာဆင်းနားပဲဖြစ်မှာပါ"

ဒေါက်တာမင်းထင်ကျော်က ခပ်တိုးတိုး ပြောလိုက်လေသည်။ သူတို့သည် အုတ်ဂူရှိရာအနီးသို့ သွားကြည့်ကြသည်။ အုတ်ဂူအပေါ်မှာတော့ ခြောက်နေပြီဖြစ်သော ပန်းစည်းအတော်များများ တွေ့ရသည့်ပြင် ဆေးကြိတ်ရာ ဆေးသွေးရာ၌ အသုံးပြုသောပစ္စည်းအချို့ကို တွေ့ကြရသည်။

"လူတွေက ဒီအုတ်ဂူမှာ လာပြီးဆုတောင်းရင် ရောဂါပျောက်တယ်လို့ ယုံကြည်နေကြတယ်၊

ကျုပ်တို့မြန်မာပြည်မှာ နတ်ကို ယုံကြည်ကိုးကွယ်ကြသလိုမျိုး ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးဇန်ကောင်းက ပြောလေသည်။

"ဆေးကုပေးမယ့်ဆရာကို ယုံကြည်အားကိုးစိတ် များရင် ရောဂါတစ်ဝက် သက်သာတယ်လို့ အဆိုရှိတယ်၊ သူတို့လည်း ဒီယုံကြည်မှုနဲ့ လုပ်ကြတာ ဖြစ်မှာပေါ့။ မရှိတော့တဲ့ ဒေါက်တာဆင်းနားအပေါ်မှာ သိပ်ပြီးယုံကြည်အားကိုးမှု များနေမှတော့ ရောဂါပျောက်သွားနိုင်ပါတယ်"

အတန်ကြာတော့ တောင်ကုန်းပေါ်မှ ပြန်ဆင်းလာကြသည်။ သူတို့သည် မူလတက်လာသောနေရာဘက်မှ ပြန်မဆင်းဘဲ အခြားနေရာဘက်မှ ပြန်ဆင်းကြလေသည်။

ထိုလမ်းမှာ ယခင်က သုသာန်ပြုလုပ်ထားသောနေရာဖြစ်ပေသည်။

ယခုတော့ သုသာန်မရှိတော့ဘဲ တူးဆွထားသောမြေကျင်းများနှင့် ဖြိုဖျက်ထားသော အုတ်ဂူအပြိုအပျက်များကိုသာ တွေ့ကြရသည်။

ထိုနေရာမှ ကျန်လာသောအခါ ကြီးမားသော ဝက်သစ်ချပင်ကြီးတစ်ပင်နောက်မှ လောင်းကွတ်အကျႌအနက်ကြီး ဝတ်ဆင်ထားပြီး သက္ကလတ်ဦးထုပ်ကို ရှေ့သို့ ခပ်စိုက်စိုက် ဆောင်းထားသော လူတစ်ယောက်နှင့် တွေ့ရလေသည်။

ဒီတစ်ကြိမ်တော့ ထိုလူကြီးက ပျောက်မသွားတော့ဘဲ သူတို့နှစ်ယောက်ရှိရာသို့ လျှောက်လာသည်။

အနားရောက်သောအခါမှ ၎င်းခေါင်းပေါ်မှ ဆောင်းထားသောဦးထုပ်ကို အနည်းငယ် မ,တင်လိုက်သည်။

ပုံပန်းသဏ္ဍာန်ကို ကြည့်ရုံဖြင့် ဘူတန်နိုင်ငံမှ ဘာသာရေးနှင့်သက်ဆိုင်သောသူတစ်ဦးဖြစ်မှန်း အကဲခတ်လိုက်မိသည်။

"ဧည့်သည်တွေ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်က နတ်ဆရာတစ်ဦးဖြစ်ပါတယ်၊ ဒေါက်တာဆင်းနားရဲ့ အုတ်ဂူကို လာကြည့်ကြတာ ထင်ပါရဲ့"

"ဟုတ်ပါတယ်. . ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော် လို့ ခေါ်ပါတယ်၊ သူက ဦးဇန်ကောင်းပါ"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျုပ်နာမည်က အဘီဂျာလို့ ခေါ်ပါတယ်"

အဘီဂျာဆိုသောသူမှာ အရပ်အမောင်းကောင်းကောင်းဖြင့် အကယ့်နတ်ဆရာပုံနှင့် တူသောသူဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က အသိအမှတ်ပြုသောအနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟိုအိမ်မှာ တည်းနေကြတာလား"

"ဟုတ်ပါတယ်"

"ရောဂါဆေးကုဖို့ လာကြတာလား"

"မဟုတ်ပါဘူး. . . ဒေါက်တာဆင်းနားနဲ့ ပတ်သက်ပြီးတော့ စိတ်ဝင်စားလို့ လာကြည့်တာပါ"

ထိုစကားကြားသောအခါ အဘီဂျာက များစွာအံ့ဩသွားဟန် ရှိလေသည်။

"အဲ့ဒီမှာတော့ ခင်ဗျားတို့အတွက် စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းအရာတွေ အများကြီး ရှိပါတယ်၊ မကြာခင် တွေ့ကြရမှာပါ"

ဟု ပြောပြီး ဝက်သစ်ချပင်ကြီးနောက်ဘက်သို့ ပြန်ဝင်သွားလေ တော့သည်။

နှစ်ယောက်သား အဘီဂျာဆိုသူ ထွက်သွားသောဘက်သို့ ကြည့်လိုက်သောအခါ ထိုနေရာတစ်ဝိုက်မှာ ဖြိုဖျက်ထားသော အုတ်ဂူ



www.burmeseclassic.com

www.burmeseclassic.com



အပျက်အစီးများသာ တွေ့ရပြီး အခြားတော့ ဘာမှမတွေ့ရတော့ပေ။

ထို့နောက် နှစ်ယောက်သား တောင်ခြေသို့ ပြန်ဆင်းလာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

# ဒေါက်တာဆင်းနားပီညာဥ်နှင့် ထူးဆန်းသောမြင်ကွင်း

**ဒေါက်**တာမင်းထင်ကျော်တို့ ထိုအိမ်သို့ ရောက်ပြီး ရက်ပိုင်း အတွင်းမှာပင် ဒေါက်တာဆင်းနား၏ဝိညာဉ်ကို ပြန်တွေ့ရသည်။

တစ်ညတွင် သူရောက်လာပြီး ဒေါက်တာမင်းထင်ကျော်နှင့် လာတွေ့သည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့်လည်း ပုံပန်းသဏ္ဌာန်ကို မြင်လိုက်ရုံနှင့် ဒေါက်တာဆင်းနားမှန်း သိလေသည်။

"ဒေါက်တာဆင်းနား မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

သူသည် အဖြူရောင် ဂျူတီကုတ်ကို ဝတ်ဆင်ထားပြီး လည်ပင်းမှာ နားကျပ်တစ်ခုကို ချိတ်ဆွဲထားသည်။

"အခုလို တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ဒါပေမယ့် ဆရာဝန်တစ်ယောက်တော့ မဟုတ်ပါဘူး"

"ကျုပ်လည်း ခင်ဗျားလို လူတစ်ယောက်နဲ့ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ခင်ဗျားက ဆရာဝန်တစ်ယောက် မဟုတ်ပေမယ့် ဆေးပညာလောကအကြောင်းကို အတော့်ကို နှံ့နှံ့စပ်စပ် သိတဲ့လူတစ်ယောက်ဆိုတာကိုလည်း ကျုပ်သိပါတယ်၊

နောက်တစ်ချက်က ခင်ဗျားကဝိညာဉ်တွေနဲ့ ပတ်သက်ပြီး စိတ်ဝင်စားမှုလည်း ရှိတယ်၊ အတော်လည်း သိထားတယ်လို့ ထင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်မှာ ရှေးခေတ် အလယ်ခေတ် ဆေးပညာလောကမှာ ပါရဂူတစ်ဆူဖြစ်ခဲ့သော ဒေါက်တာဆင်းနားလို ပုဂ္ဂိုလ်မျိုးက သူ့အကြောင်းကို ချီးကျူးပြောဆိုနေသဖြင့် မနေတတ်အောင် ဖြစ်နေတော့သည်။

"သိသင့်သလောက်တော့ သိပါတယ်"

"ဒီလိုဆိုရင်တော့ ကျုပ်သိထားတာလေးတွေနဲ့ အမြင်ချင်း ဖလှယ်ချင်ပါတယ်၊ ဒီလိုပြောရတဲ့အကြောင်းကလည်း ရှိပါတယ်၊ ကျုပ်မသေခင်က ဝိညာဉ်တွေနဲ့ ပတ်သက်ပြီး စိတ်ဝင်စားမှု ရှိတာကြောင့် နှစ်ပေါင်းများစွာကြာအောင် အတော်ကလေး လေ့လာခဲ့ပါတယ်"

"ဟုတ်ကဲ့"

"ဒီလိုလေ့လာလို့ သိရတာတွေဟာ ကျုပ်သေပြီးလို့ ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



လောကထဲကို ရောက်သွားတဲ့အခါမှာ လက်တွေ့သိရတာတွေနဲ့ အချို့ တိုက်ဆိုင်မှုတွေ ရှိပေမယ့် အတော်များများကတော့ မတူတာတွေ ရှိတယ်ဗျ”

“ဟုတ်ပါတယ်”

“အဲဒါ ဘယ်လိုကြောင့် ပြောင်းလဲမှုတွေ ဖြစ်ရတာလဲဆိုတာ ပြောပြပေးပါ”

“ကျွန်တော် တစ်ခုတော့ မေးပါရစေ”

“မေးပါခင်ဗျာ. . . မေးပါ”

“ဒေါက်တာ့အနေနဲ့ ကံတရားနဲ့ ပတ်သက်ပြီး ဘယ်လို လက်ခံထားသလဲဆိုတာ သိချင်ပါတယ်”

“ကံတရားဆိုတာကို လူတစ်ယောက်ရဲ့ ပဲ့ကိုင်ကြိုးတစ်ချောင်း လို့ပဲ မြင်ပါတယ်၊ စွန်တစ်ကောင်ကို ကြိုးတပ်ပြီး လွှတ်သလိုပေါ့ဗျာ၊ စွန်က တခြားကို သွားချင်ပေမယ့် သူ့သဘောနဲ့သူ သွားလို့မရဘူး၊ နောက်က ဆွဲထားတဲ့သူနဲ့ အတူပါလာတဲ့ကြိုးရဲ့ စေရာအတိုင်းပဲ သွားရတယ်”

“အမှန်ပါပဲ”

“ဘဝနဲ့ကံတရားဆိုတာလည်း ဒီလိုပဲဗျ၊ စွန်နဲ့ကြိုးလိုပဲ ခွဲခြားလို့မရဘူး၊ ဘဝတွေရဲ့ပြောင်းလဲမှု မှန်သမျှကို နောက်ကနေ ကံတရားက ထိန်းကျောင်းပေးရတယ်၊ ပြောရရင်တော့ဗျာ. . . ဘဝဆိုတာ ကံစီမံရာအတိုင်း လိုက်နာရတယ်ဆိုတဲ့အချက်ကို ကျုပ်လက်ခံထားပါတယ်”

ဒေါက်တာဆင်းနားက ပညာတတ်တစ်ဦးပီပီ ဂုဏ်ပြောသော စကားများက အကျိုးအကြောင်းခိုင်လုံမှု ရှိလေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ဆက်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာပြောတဲ့ သာဓကအတိုင်းပါပဲ၊ ဝိညာဉ်တွေရဲ့ သွားရမယ့် လမ်းကြောင်းတွေမှာ နောက်က ကံတရားရဲ့ ပြုပြင်ပြောင်းလဲမှုတွေက အများကြီး ပါ,ပါတယ်၊ တစ်ခုတော့ ရှိပါတယ်၊ သေဆုံးသွားတဲ့ လူတစ်ယောက်ရဲ့ဝိညာဉ်ကို တစ်နည်းနည်းနဲ့ ထိန်းချုပ်ထားတာမျိုး ဆိုရင်တော့ သွားခွင့်ရမှာ မဟုတ်ပါဘူး"

ထိုစကားကြားသောအခါ ဒေါက်တာဆင်းနားက အဝေးသို့ လှမ်းမျှော်ကြည့်နေသည်။

ပြီးမှ ပြောသည်။

"အေးဗျာ. . . ဘယ်သူမပြု မိမိမှုလို့ ဆိုရမှာပါပဲ၊ ကျုပ်အနေနဲ့ မသေခင်က ပြုလုပ်ခဲ့တဲ့ အကြောင်းအရာအချို့ကြောင့် မိမိရဲ့ ဝိညာဉ်ကို မိမိဘာသာ ပိတ်လှောင်ထားတာမျိုးနဲ့ ကြုံနေရပါပြီ"

"ဒေါက်တာမှာ ဘယ်လိုအခက်အခဲမျိုး ရှိသလဲ၊ တကယ်လို့ ကျွန်တော်တို့အနေနဲ့ အကူအညီပေးနိုင်ရင် ကူညီပေးပါတယ်"

"အေးဗျာ. . . ဒီလိုသိရတာ ကျေးဇူးတင်ပါတယ် အခုတော့ ပြောလို့မဖြစ်သေးပါဘူး၊ နောက်ပိုင်းတော့ ပြောပြပါမယ်၊ ဒါထက် ခင်ဗျားတို့ ဒီမှာရှိနေတဲ့အခိုက်မှာ ကျုပ်အနေနဲ့ ဘာများ အကူအညီပေးရမလဲ. . . ပြောပါ"

ထိုစကားကြားသောအခါ ရေငတ်တုန်း ရေတွင်းထဲ ကျသကဲ့သို့ စိတ်ထဲမှ ကျိတ်၍ဝမ်းသာသွားလေသည်။

"တခြားတော့ အကူအညီမလိုသေးပါဘူး၊ ဖြစ်နိုင်ရင်တော့ ဒေါက်တာ့ရဲ့စာကြည့်ခန်းထဲ ဝင်ကြည့်ချင်ပါတယ်"

"ရပါတယ်. . . ကြည့်ခွင့်ပေးပါတယ်၊ ကျုပ်နောက်ကသာ လိုက်ခဲ့ပါ"

ဟု ပြောပြီး ရှေ့မှ ထွက်သွားသောကြောင့် ဒေါက်တာမင်းထင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်က နောက်မှ လိုက်သွားလေသည်။

စာကြည့်ခန်းရောက်သောအခါ သော့ခတ်၍ တံခါးပိတ်ထား သည်ကို တွေ့ရသည်။

"သော့က ဟိုဘက်စင်ပေါ်က အံဝှက်ထဲမှာ ရှိပါတယ်"

ဟု ပြောသဖြင့် သူညွှန်ပြသောနေရာသို့ ရှာကြည့်သောအခါ နံရံဖြင့် တသားတည်း ပြုလုပ်ထားသည့် အံဝှက်အတွင်းမှ သော့ရသဖြင့် စာကြည့်တိုက်တံခါးကို ဖွင့်လိုက်လေသည်။

အတွင်းမှာတော့ စင်များစွာပေါ်မှာ တင်ထားသော စာအုပ် ပေါင်း မြောက်များစွာတို့ကို တွေ့ရလေသည်။

ထို့ပြင် စင်များဖြင့် တင်ထားသောပေစာများ၊ ပုရပိုက်စာများ လည်း တွေ့ရသည်။

အတော်များများကတော့ သက္ကတ ဘာသာစကားဖြင့် ရေး ထားသည့်ကျမ်းများ ရှိလေသည်။

ထို့ပြင် နိုင်ငံခြားဘာသာဖြင့် ရေးသားသော စာအုပ်ပေါင်း မြောက်မြားစွာတို့ကို တွေ့ရသည်။

ထိုအထဲတွင် မြန်မာဘာသာဖြင့် ရေးသားထားသော စာအုပ် အချို့ကိုပင် တွေ့ရသည်။

ဆေးကျမ်းများတွင် နိုင်ငံအလိုက် ရှေးအကျဆုံး၊ အစောဆုံး ပေါ်ပေါက်ခဲ့သည့် ဆေးကျမ်းတို့ကိုလည်း တွေ့ရသည်။

အိန္ဒိယနိုင်ငံတွင် အစောဆုံး ပေါ်ပေါက်ခဲ့သည့် စရကသံဟိ တာ ဆေးကျမ်းကြီးကို သက္ကတဘာသာဖြင့် ရေးသားသော မူရင်းအ တိုင်း တွေ့ရသည်။

ထို့ပြင်. . .

ရှေးဟောင်းလူမျိုးတို့၏ဆေးအတတ်ပညာ အဆူအဆများ



www.burmeseclassic.com

www.burmeseclassic.com



ရှေးခေတ်အီဂျစ်တိုင်းပြည်၌ အသုံးပြုခဲ့ကြသည့် ဘုရားကု မှော်ကု ဆေးအတတ်ပညာ၊ ကြံ့သိ ကျိုးကြောင်းသိ ဆေးအတတ်ပညာများ၊ ရှေးခေတ် မက်ဆိုပိုတေးမီးယား ဆေးအတတ်ပညာနှင့်ပတ်သက်သော လူနာနှင့်ကုထုံးများအကြောင်းကို အသေးစိတ် ရေးသားဖော်ပြထားသည့်စာအုပ်များကိုလည်း တွေ့ရသည်။

ထို့ပြင် အခြားစာအုပ်များလည်း တွေ့ရသည်။

ရှေးခေတ် ရဟူဒီ ဆေးအတတ်ပညာ၊

ရှေးခေတ် အိန္ဒိယ ဆေးအတတ်ပညာ၊

ရှေးခေတ် တရုတ်ဆေးအတတ်ပညာ၊

ရှေးခေတ် ဂရိတို့၏ဆေးအတတ်ပညာ၊

အလက်ဇင်းဒရီးယားပြည်နှင့် ရှေးခေတ် ရောမတိုင်းပြည်တို့ ဆေးအတတ်ပညာ၊

အလယ်ခေတ် ဆေးအတတ်ပညာ သမိုင်းကျမ်းများ၊ အလယ်ခေတ် ရောဂန္တရကပ်များအကြောင်း၊

ရှေးခေတ်မြန်မာနိုင်ငံမှာ ပေါ်ပေါက်ခဲ့သော စုန်း၊ ကဝေ၊ မှော်ပညာများနှင့် ယုံကြည်သက်ဝင်မှု ထူးဆန်းသောအကြောင်းများ၊

ဝိညာဉ်လောကနှင့် တစ္ဆေသရဲများအကြောင်းကို သုတေသနပြု မှတ်တမ်းတင်ထားသော ကျမ်းစာအုပ် အမြောက်အများတို့ကိုလည်း တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့် ထိုမျှ များပြားလှသော စာအုပ်များကို ဖတ်ရှုနိုင်ရန် မလွယ်သော်လည်း ကြုံကြိုက်တုန်း နှံ့စပ်အောင်တော့ လိုက်လံကြည့်ရှုနေသည်။

ဒေါက်တာဆင်းနားကတော့ အပေါက်ဝနှင့် မနီးမဝေးနေရာတွင် ရပ်စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် အခန်းအပြင်ဘက်မှ တရှပ်ရှပ်နှင့် လျှောက်လာသောခြေသံများကို ကြားရသဖြင့် လှည့်ကြည့်လိုက်သည်။

မြင်လိုက်ရသောမြင်ကွင်းက မကောင်းလှပေ။

အခန်းပေါက်ဝမှ မံမီရုပ်အလောင်းများ တစ်ကောင်ပြီးတစ်ကောင် ဝင်လာပြီးနောက် ဒေါက်တာဆင်းနားကို ပတ်ဝိုင်းလိုက်ကြလေသည်။

"ငါတို့ရဲ့ဝိညာဉ်တွေကို လွှတ်ပေးပါ"

"ကျွန်မကိုယ်ပေါ်က ကျိန်စာတွေကို ဖျက်ပေးပါ"

ထိုသို့ဝိုင်းပြောကြသောအခါ ဒေါက်တာဆင်းနားမှာ ထွက်ပေါက်မရတော့ဘဲ အော်ပြောလိုက်သံကို ကြားလိုက်ရလေသည်။

"ငါလည်း နင်တို့လိုပဲ ဝိညာဉ်ဘဝ ရောက်နေပြီ၊ နင်တို့လက်ချက်ကြောင့် ငါသေပြီးခဲ့တာ ကြာပြီ. . .

ငါဘာမှမလုပ်ပေးနိုင်တော့ဘူး၊ သွားကြ. . . သွားကြ. . . ငါ့အနားက ထွက်သွားကြ"

ထိုသို့ပြောသော်လည်း မံမီရုပ်အလောင်းများက အနားမှထွက်မသွားကြဘဲ ဒေါက်တာဆင်းနားအပေါ်သို့ ဝိုင်းဝန်းချုပ်နှောင်လိုက်ကြသည်ကို လှမ်းမြင်လိုက်ရလေသည်။

"အား. . ."

ဒေါက်တာဆင်းနား၏စူးစူးဝါးဝါးအော်သံကြီးက ပေါ်ထွက်လာသောကြောင့် ဒေါက်တာမင်းထင်ကျော်ပင်လျှင် ပါးစပ်မှ ယောင်ယမ်းပြီး အသံထွက်သွားလေသည်။

ထို့နောက်မှာတော့ အိပ်ပျော်နေရာမှ ပြန်နိုးလာလေတော့သည်။

ထိုအခါမှ သူမြင်တွေ့ခဲ့ရသည့် အကြောင်းအရာများမှာ အမှန်



www.burmeseclassic.com

www.burmeseclassic.com



တကယ် မဟုတ်ဘဲ အိပ်မက်ထဲမှာ တွေ့နေရခြင်းဖြစ်ကြောင်း သဘော ပေါက်သွားလေသည်။

ထို့နောက်မှာတော့ အိပ်ရာမှ ထပြီး နာရီကြည့်လိုက်သည်။ အချိန်က ညသန်းခေါင်ယံကျော်စ ပြုနေချေပြီ။ စီးကရက်တစ်လိပ်ကို မီးညှိဖွာရင်း ထူးထူးဆန်းဆန်း မြင်တွေ့ခဲ့ရသော အိပ်မက်အကြောင်း ကို စဉ်းစားနေမိလေသည်။

ထိုအခိုက်မှာပင် အပြင်ဘက်မှ ထူးထူးခြားခြားအသံအချို့ကို ကြားရပြီး မှန်တံခါးပေါက်မှတဆင့် ဖြတ်လျှောက်သွားသည့် ပုံရိပ် တစ်ခုကို မသဲမကွဲ မြင်လိုက်ရသဖြင့် နေရာမှ ထသွားပြီး ပိတ်ထားသည့် မှန်တံခါးကို ဖွင့်ကြည့်လိုက်လေသည်။

အပြင်ဘက်မှာ မြူနှင်းများ ကျနေသော်လည်း လရောင်ရှိ နေသဖြင့် ပတ်ဝန်းကျင်ကို အတန်အသင့် မြင်နိုင်ပေသည်။

သူ တံခါးဖွင့်ကြည့်လိုက်သောအချိန်မှာ အိမ်ရှိရာမှ တောင် ကုန်းပေါ်သို့ တရွေ့ရွေ့ တက်သွားသော ပုံရိပ်သဏ္ဌာန်တစ်ခုကို လှမ်း မြင်ရလေသည်။

ဒီတစ်ခါတော့ အိပ်မက်မဟုတ်ဘဲ သူ့မျက်စိနှင့် သေသေ ချာချာ မြင်နေရခြင်းဖြစ်သည်။

ထိုသဏ္ဌာန်သည် အဖြူရောင် ဂျူတီကုတ်အင်္ကျီအရှည်ကို ဝတ်ထားသော ဒေါက်တာဆင်းနား၏ပုံရိပ်ပင်ဖြစ်ကြောင်း ကောင်းစွာ မှတ်မိလေသည်။

သူလှမ်းကြည့်နေသောအချိန်မှာပင် တရွေ့ရွေ့ လျှောက်သွား နေသောပုံရိပ်က ရုတ်တရက် ရပ်လိုက်ပြီး သူရှိရာဘက်သို့ တစ်ချက် လှည့်ကြည့်လေသည်။

မြူနှင်းများ ဝေ့ဆိုင်းနေစေကာမူ သူ့မျက်စိထဲမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဆင်းနား၏မျက်နှာကို ကောင်းစွာမြင်နေရလေသည်။

ထို့နောက် ဒေါက်တာဆင်းနား၏ကိုယ်ပွားဝိညာဉ်အရှေ့သို့ ဆက်လျှောက်သွားရာ တောင်ကုန်းပေါ်သို့ ရောက်သောအခါ မြူနှင်းများကြားမှာ ဝေ့ဝါးပျောက်ကွယ်သွားလေတော့သည်။

ထိုနေရာမှာ ဒေါက်တာဆင်းနား အုတ်ဂူရှိသောနေရာပင် ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က အပြင်ဘက်သို့ လှမ်းကြည့်နေစဉ် အိမ်အတွင်းဘက်မှ တရှပ်ရှပ်နှင့် လျှောက်သွားသောခြေသံများကို ကြားရပြန်သည်။

ပထမတော့ ဦးဇန်ကောင်းများဖြစ်မလားဟု ထင်လိုက်မိသေးသည်။

သို့သော် ကြားရသောခြေသံက အတော်များသည်။

ခြေသံများ အခန်းပေါက်ဝမှ လွန်သွားသောအခါမှ မိမိအခန်းတံခါးကိုဖွင့် အပြင်သို့ ကြည့်လိုက်လေသည်။

"ဟင်. . ."

သူ့အခန်းပေါက်ဝမှာ ဖြတ်လျှောက်သွားသည်မှာ မံမီရုပ်အလောင်းများပင်ဖြစ်ပြီး ခြေသံများမှာလည်း ၎င်းတို့၏ခြေသံများပင် ဖြစ်သည်။

သူလှမ်းကြည့်နေသည့်အချိန်မှာပင် မံမီအလောင်းများက အခန်းထောင့်ချိုးသို့ ကွေ့ဝင်သွားရာ မမြင်ရတော့ပေ။

အခန်းအပြင်ဘက်မှာ ရပ်နေစဉ် အနောက်ဘက်မှ လက်တစ်ဖက်က သူ့ပခုံးပေါ်သို့ ရောက်လာသဖြင့် အထိတ်တလန့် လှည့်ကြည့်လိုက်သည်။

နောက်မှာ ရပ်နေသူမှာ ဦးဇန်ကောင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်မတော်ကြီး ဘာလုပ်နေတာလဲ မောင်ထင်ကျော်"

"ခြေသံတွေ ကြားလို့ ထွက်ကြည့်နေတာပါ"

"အင်း. . . တိုက်ဆိုင်တာပဲ၊ ကျုပ်လည်း အခန်းအပြင်ဘက်က လျှောက်သွားတဲ့ခြေသံတွေ ကြားလို့ ထွက်ကြည့်ရင်းနဲ့ မောင်ထင်ကျော်ကို တွေ့ရတာ၊ ခြေသံတွေက အတော်များတာပဲ"

ဒေါက်တာမင်းထင်ကျော်က သူမြင်လိုက်ရသော အကြောင်းများကို ဦးဇန်ကောင်းကို ပြောပြလိုက်ပြီးနောက် နှစ်ယောက်သား စောစောက မံမီများ ဝင်သွားသောဘက်သို့ သွားကြည့်ကြသည်။

ထိုစင်္ကြံလမ်းဘက်မှာတော့ ဘာမှမတွေ့ရတော့ပေ။

နံရံမှာ ကပ်ထောင်ထားသော ဗီရိုကြီးများကိုသာ တွေ့ရသည်။

အခြားနေရာများသို့ လိုက်ကြည့်တော့လည်း မံမီအလောင်းများကို အစအနမျှပင် မတွေ့ရတော့မှ နှစ်ယောက်သား မိမိတို့အခန်းရှိရာသို့ ပြန်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

# မံမီရုပ်အလောင်း
# ပြုလုပ်ခြင်းအစီအရင်များ

**နောက်** တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သောအခါမှ ဒေါက်တာမင်းထင်ကျော်က လက်ဖက်ရည်သောက်ရင်းနှင့် ညက တွေ့မြင်ခဲ့ရသည့် အိပ်မက်အကြောင်းကို ပြောပြလိုက်လေသည်။

"ဒီလိုဆိုရင်တော့ ဒေါက်တာဆင်းနားဆိုတဲ့ပုဂ္ဂိုလ်က မောင်ထင်ကျော်ကို လိုလားလို့ ဖြစ်မှာပေါ့။ သူပြောခဲ့တာ ဟုတ်မဟုတ် သွားကြည့်ရင် သိနိုင်မှာပေါ့"

ဟု ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည် သောက်ပြီးသောအခါ နှစ်ယောက်သား ဒေါက်တာဆင်းနား၏စာကြည့်တိုက် ရှိရာသို့ သွားကြလေသည်။

ညက အိပ်မက်ထဲတွင် တံခါးဖွင့်ပြီး ဝင်ကြည့်ခဲ့သော စာကြည့်တိုက်အခန်းမှာ ယခုတော့ သော့ခလောက်ကြီးဖြင့် ခတ်ကာ ပိတ်ထားလေသည်။

ဒေါက်တာမင်းထင်ကျော်က ညက အိပ်မက်ထဲတွင် ဒေါက်တာဆင်းနား ပြောသည့် သော့ထားသည့်နေရာသို့ သွားကြည့်သောအခါ လျှို့ဝှက်အံအတွင်းမှာ ထည့်ထားသည့်သော့ကို တွေ့ရလေသည်။

ထိုသော့တံကို ယူပြီးနောက် စာကြည့်တိုက်တံခါးကို ဖွင့်၍ အတွင်းသို့ ဝင်ကြည့်ကြသည်။

ညက တွေ့ခဲ့ရသည့်အတိုင်း အတွင်းမှာ သူ့ကဗျာန်နှင့်သူထားသော စာအုပ်စာတမ်းများ၊ ပေစာ၊ ပုရပိုက်စာများကို တွေ့ကြရသည်။

"ကျုပ်မပြောဘူးလား. . ဒေါက်တာဆင်းနားက မောင်ထင်ကျော်ကို ဝင်ကြည့်စေချင်လို့ သူလျှို့ဝှက်ထားတဲ့ သော့ရှိတဲ့နေရာကို တမင်ပြပေးတာ ဖြစ်မှာပေါ့၊ အခုတော့ ဟန်ကျပြီ၊ ဒီလိုအခွင့်အရေးမျိုးက နောက်တစ်ကြိမ် ရဖို့မလွယ်ဘူး၊ အခွင့်သာတုန်း ကိုယ့်အတွက် ရနိုင်မယ့် မှတ်တမ်းမျိုးတွေ ရှာကြည့်ပေတော့"

ဟု ပြောဆိုကာ နှစ်ယောက်သား မိမိတို့နှစ်သက်ရာ စာအုပ်များကို လိုက်လံရှာဖွေ ဖတ်ရှုကြလေသည်။

ဒေါက်တာမင်းထင်ကျော် ဖတ်ရှုသော မှတ်တမ်းများထဲတွင် မံမီရုပ်အလောင်းများ စီရင်ပြုလုပ်နည်းအချို့ကို တွေ့ရသည်။

ထိုသို့ပြုလုပ်ကြရာတွင် အီဂျစ်များက ရှေးအကျဆုံးဖြစ်ပြီး နောက်ပိုင်းမှာ တိဗက်တို့က အတုယူကာ ပြုလုပ်လာကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိဗက်တို့၏ဓလေ့မှာ လူသေလျှင် သူသေဖျက်သူများက ထင်းတစာ ကျွေးသောဓလေ့ဖြစ်သော်လည်း တိဗက်ဘုန်းတော်ကြီးများ သေဆုံးသောအခါ ရုပ်ခန္ဓာကို မပျက်စီးစေရန်အတွက် ဆေးရည်စိမ်ခြင်း၊ ရွှေရည်လောင်းခြင်းနှင့် မံမီအလောင်းများအဖြစ် ပြုလုပ်ထားကြသည်ကို တွေ့ရသည်။

တိဗက်တို့၏အလောင်းကို မပုပ်မသိုးအောင် စီရင်ပုံမှာ အောက်ပါအတိုင်း တွေ့ရသည်။

ဦးစွာ စီရင်မည့်အလောင်းကို အလွန်အေးသောအခန်းတစ်ခုအတွင်းသို့ သယ်ယူသွားပြီး ပတ်ထားသောအဝတ်များကို ခွာချလိုက်သည်။

ပြီးလျှင် စအိုကို ဖောက်ပြီး အတွင်းမှ အူ အသည်း စသောကလီစာများကို ထုတ်ယူ၍ အိုးတစ်လုံးဖြင့် ထည့်ထားကြသည်။

ထိုသို့ထည့်ပြီး အိုးကို ဂရုတစိုက် လုံအောင် ချိပ်ဖြင့် ပိတ်ကြသည်။

ထိုသို့ထုတ်ပြီး ခန္ဓာကိုယ်အတွင်းမှာ စင်ကြယ်အောင် ရေဆေးပြီး ခြောက်သွေ့အောင် ပြုလုပ်ရသည်။

ခြောက်သွားသောအခါ အတွင်းသို့ သရိုးလောင်းထည့်သည်။ သစ်စေးသရိုး လောင်းထည့်ခြင်းမှာ အပြင်ဘက် ခန္ဓာကိုယ် ပုံမပျက်စေရန်ဖြစ်သည်။

သစ်စေးသရိုး ခြောက်၍ မာလာသောအခါ စအိုပေါက်ကို ဂရုတစိုက် ပြန်ပိတ်ကြရသည်။

ပြီးမှ အပြင်ဘက်ကိုပါ သစ်စေးသရိုး ကိုင်ပါသည်။

သစ်စေးသရိုးများ ခြောက်သောအခါ အချောရည် ထပ်လောင်းပြီးနောက် ပိုးပဝါပါး ကပ်ပေးထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးပဝါပေါ်မှ တစ်ဖန် သစ်စေးသရိုး ကိုင်ရပြန်သည်။ သစ်စေးသရိုး အကြိမ်ကြိမ် ကိုင်ပြီးသောအခါတွင် နောက်တစ်ဆင့် ပြုလုပ်ရန်အတွက် ပြင်ဆင်ကြရပြန်သည်။

သစ်စေးသရိုး ခြောက်စေရန် တစ်နေ့နှင့်တစ်ည ထားရလေသည်။

အားလုံး အဆင်သင့် ပြီးသောအခါ နောက်တစ်ဆင့် ပြုလုပ်ရန်အတွက် နောက်အခန်းတစ်ခုသို့ ရွှေ့ပြောင်းကြသည်။ သစ်စေးသရိုး ကိုင်ထားသောကြောင့် မာကျောနေပြီဖြစ်သော ရုပ်တုမှာ ကြာပွင့်ထိုင် အနေအထားမျိုးဖြစ်လေသည်။

အခန်းငယ်တစ်ခုအတွင်းသို့ ထည့်ပြီး ဆေးမှုန့်တစ်မျိုး ဖြူးပေးပြီးနောက် အခန်းအလယ်မှာ ချထားလိုက်သည်။ ပြီး ထိုအခန်းထဲသို့ တိဗက်ပြည်မှ ထွက်သော ဆားတစ်မျိုးဖြင့် အပြည့်သိပ်ကာ ပြီးလျှင် အခန်းကို အလုံပိတ်လိုက်ကြတော့သည်။

အခန်းနံရံဘေးမှာ မီးပုံကို အဆင်သင့် ထားပေးရသည်။ လာမာဘုန်းတော်ကြီးတစ်ပါးက အချက်ပြလိုက်သောအခါ ထင်းပုံအတွင်းသို့ ထောပတ်ရည် လောင်းထည့်ပြီးနောက် မီးရှို့လေသည်။

မီးအရှိန်ကောင်းစေရန် ထောပတ်ရည်များ လောင်းထည့်ပေးရသည်။

ထိုကဲ့သို့ မီးအပူပေးခြင်းအလုပ်မှာ တစ်ပတ်ကြာလေသည်။ (၇)ရက်ပြည့်သောနေ့တွင် မီးအပူပေးခြင်း ပြီးသွားကာ ပေါင်းခန်း အေးရန်အတွက် သုံးရက်ထပ်စောင့်ရသည်။ ဆယ့်တစ်ရက်(၁၁ရက်) မြောက်သောနေ့တွင် ချိပ်တံဆိပ်ကို ခွာ၍ တံခါးဖွင့်လိုက်သည်။

အတွင်းမှာ ရှိသော ဆေးပြာများကို အခြားဘုန်းကြီးများက ယက်ထုတ်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ယက်ထုတ်ရာတွင် လက်ဖြင့်သာ ယက်ကြရသည်။

လက်နက်ကိရိယာများ သုံးပါက အလောင်းကို ထိခိုက်ပျက်စီးစေနိုင်သောကြောင့်ဖြစ်သည်။

ထိုပြာများကို နှစ်ရက်ခန့် ယက်ထုတ်ကြရသည်။

ပြီးနောက် ထောပတ်ဆီများဖြင့် မီးထွန်းထားသောအခန်းကို အလောင်းကို ရွှေ့ပြီး အလောင်းကို ပတ်ထားသော ပိုးပဝါများကို တစ်လွှာပြီးတစ်လွှာ ခွာချပေးကြသည်။

ပြီးသောအခါမှ ရွှေချရာမှာ ကျွမ်းကျင်သော ဘုန်းကြီးများက ရွှေချပေးကြလေသည်။

နောက်ဆုံးမှာတော့ အလောင်းကောင်မှာ ရွှေရုပ်တုတစ်ခု အသွင်ပြောင်းသွားပြီး နှစ်ပေါင်းများစွာကြာသည်အထိ တင့်တယ်သော ရုပ်တုတစ်ခုအဖြစ်သို့ ရောက်ရှိသွားလေတော့သည်။

အီဂျစ်သည် မံမီရုပ်အလောင်းများ ကျပ်စည်းသောအလုပ်ကို ဘီစီ(၂၉၀၀)ခန့်ကတည်းက ပြုလုပ်ခဲ့ကြလေသည်။

ဘာသာရေးခေါင်းဆောင်များ၊ ဘုရင်များ၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ ကွယ်လွန်သွားသောအခါတွင် ကြီးမြတ်သောပုဂ္ဂိုလ်တို့၏ ရုပ်အလောင်းမှာလည်း သန့်စင်မွန်မြတ်သော တန်ခိုးသတ္တိများ ရှိသဖြင့် ထိုပုဂ္ဂိုလ်တို့၏ရုပ်အလောင်းများကို မပျက်စီးရလေအောင် ရုပ်ခန္ဓာကို ကျပ်စည်းထားခြင်းပင်ဖြစ်၏။

ရှေးအခါကတော့ မဟာဂန္ဓာရီပညာဖြင့် ထုံကူးသူတို့၏ ရုပ်ခန္ဓာများကို မပျက်စီးအောင် ကျပ်စည်း၍ မံမီရုပ်လောင်းများအဖြစ် ပြုလုပ်ထားရှိသော်လည်း နောက်ပိုင်းမှာတော့ ဘုရင်နှင့်မိဖုရား အလောင်းများကို ကျပ်စည်း၍ မံမီရုပ်အလောင်းများအဖြစ် ထားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာပိရမစ်များ တည်သောကာလမှာ ဘီစီ(၃၀၀၀၀) ဖြစ်ရာ မံမီရုပ်အလောင်းများ ပေါ်ပေါက်လာမှုမှာ များစွာနောက်ကျခဲ့လေသည်။

အီဂျစ်တို့၏မံမီရုပ်အလောင်းများအနက် ထင်ရှားသော ရုပ်အလောင်းမှာ အီဂျစ်ပြည်၏အသက်အငယ်ဆုံးဘုရင် တူတမ်ခမွန်၏ မံမီရုပ်အလောင်းပင်ဖြစ်ပေသည်။

၎င်း၏မံမီရုပ်အလောင်းကို တူးဖော်တွေ့ရှိမှုမှာ ကမ္ဘာ့အကြီးကျယ်ဆုံးမှတ်တမ်းတစ်ခုဖြစ်ခဲ့လေသည်။

တူတမ်ခမွန်ဘုရင်ကလေး၏တိမ်မြုပ်နေသော သချိုင်းဂူ ဟူသောခေါင်းစဉ်ဖြင့် စိတ်ဝင်စားဖွယ်ကောင်းသော မှတ်တမ်းအချို့ကို အောက်ပါအတိုင်း တွေ့ရလေသည်။

(၁၉၂၂)ခုနှစ်၊ နိုဝင်ဘာလ(၂၆)ရက်နေ့က အီဂျစ်ပြည်ရှေးဟောင်းသမိုင်းတွင် တူတန်ခမွန် ဘုရင်ကလေး၏တိမ်မြုပ်နေသော သချိုင်းဂူကို ရှာဖွေတွေ့ရှိခြင်းသည် အံ့သြထူးဆန်းမှုနှင့် ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်ရှာဖွေမှု သမိုင်းစဉ်၌ အကြီးကျယ်ဆုံးနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အများဆုံး တွေ့ရှိမှုဖြစ်သည်။

တွေ့ရှိသည့်နေရာဒေသမှာ အီဂျစ်နိုင်ငံ၏မြို့တော် ကိုင်ရိုမြို့၏ တောင်ဘက်စူးစူး မိုင်လေးရာ့ငါးဆယ်အကွာ နိုင်းမြစ်ကြီး၏ကမ်းခြေတွင် တည်ရှိသည်။

တွေ့ရှိသောနေရာအမည်မှာ ဖာရာဖိတို့၏ လဲလျောင်းအိပ်စက်ရာချိုင့်ဝှမ်း "The Valley of The Kings" ဖြစ်သည်။

ကျောက်ဆောင်ကျောက်ထွတ်ကြီးများ ထူထဲသည့်နေရာဖြစ်ပြီး ဒေသခံတို့က ထိုနေရာကို ဒိုင်ယာအယ်ဘာရီဟု ခေါ်သည်။

တူးဖော်တွေ့ရှိသူမှာ ဗြိတိသျှနိုင်ငံသားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အီဂျစ်နိုင်ငံ၏သမိုင်းနှင့် လူမျိုးနွယ်တို့၏ ဓလေ့ထုံးစံကို ပြည့်ပြည့်စုံစုံ လေ့လာထားသူ ဟိုဝါကာတာဖြစ်သည်။

ရှာဖွေတွေ့ရှိမှုကို လူရော ငွေရော ကျောထောက်နောက်ခံ ပြုပေးသူမှာ မြို့စားကြီး လော့(ဒ်)ကာနာဗွန်ဖြစ်သည်။ သူသည် ဗြိတိသျှ နိုင်ငံသားဖြစ်သည်။

အီဂျစ်နိုင်ငံ၏ဘုရင်များတွင် တူတန်ခမွန်သည် အသက် အငယ်ဆုံးဖြစ်သည်။ အသက်(၉)နှစ်တွင် ဘုရင်ဖြစ်ခဲ့သည်။ သူသည် နန်းသက်(၉)နှစ်၊ အသက်(၁၈)နှစ်တွင် ထူးဆန်းစွာ ကံတော်ကုန်ခဲ့၏။

အီဂျစ်တို့အယူအဆမှာ လူများ ကွယ်လွန်သောအခါ ရုပ်ခန္ဓာ ကိုယ်ကြီးကို စွန့်ခွာပြီး ဝိညာဉ်ခန္ဓာသည် တမလွန်လောကသို့ ဝင် ရောက်သွားရသည်။

ဤသို့ တမလွန်သို့အဝင်တွင် ယမမင်းကြီးတာဝန်ကို ယူရ သူမှာ အိုဆီရစ် နတ်ဘုရားဖြစ်သည်။

ယမမင်းကြီးက သူ့ထံ ရောက်လာသူအား လူ့ဘဝက ကောင်း မှု မကောင်းမှုများကို မည်မျှလုပ်ခဲ့သည်ကို စစ်ဆေးသည်။

လူ၏စိတ်သည် နှလုံးသားတွင် ကိန်းသည်ဟု ယုံကြည်ထားရာ ဝင်ရောက်လာသူ၏စိတ်စေတနာကို သိရန် ထိုသူ၏အသည်းနှလုံးကို ချိန်ခွင်တွင် တင်၍ တစ်ဖက်ချိန်ခွင် ခွက်တွင် ငှက်မွေးကို အလေးအ ဖြစ်ထား၍ ချိန်တွယ်သည်။

သေဆုံးပြီးသော လူတစ်ယောက်အတွက် တမလွန်ဘဝတွင် သူ့အဖို့ လိုအပ်သော အသုံးအဆောင် ပစ္စည်းပစ္စယ အဝဝကို သူ့ အလောင်းနှင့်အတူ ထည့်သွင်းမြှုပ်နှံရသည်။ မြှုပ်နှံထားသည့် နေရာကို လည်း မည်သည့်အနှောက်အယှက်မှ မပြုရပေ။

ဖာရိုဘုရင်တို့သည် သူတို့၏ဂူသင်္ချိုင်းများကို မြေအောက်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ခန်းတွင် လျှို့ဝှက်ထားခဲ့သည်။

ပထမမြောက် သက်မို(စ)ဘုရင်လက်ထက်ကစ၍ အထက်ဖော်ပြပါ ကေရာဇ်တို့၏ လဲလျောင်းအိပ်စက်ရာ ချိုင့်ဝှမ်း "The Valley of The Kings" တွင် မြှုပ်နှံခဲ့ကြသည်။

တူတန်ခမွန်ဘုရင် ဂူသင်္ချိုင်းကို တွေ့ခဲ့သော ကာတာကာနာဗွန်နှင့် သုတေသနပညာရှင်များသည် အီဂျစ်ရှေးဟောင်းပစ္စည်းထိန်းသိမ်းရေးဌာနမှ ရိပ်စားမိမည်ကို စိုးရိမ်၍ အရာခပ်သိမ်းကို လက်ရာခြေရာမပျက် ထားသည်။

သို့ဖြစ်၍ ကောလာဟလမျိုးစုံ ပေါ်ထွက်လာသည်။

သတင်းတစ်ခုမှာ ထိုတောင်ကြားဒေသ၌ လေယာဉ်သုံးစင်းဆင်း၍ ရှေးဟောင်းပစ္စည်းများ ခိုးထွက်သည်ဟူ၍ဖြစ်သည်။

ဂူဖွင့်ပွဲသို့ လန်ဒန်တိုင်း(မ) သတင်းစာမှ သတင်းထောက်တစ်ဦးကိုသာ ဖိတ်ကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု၊ နယူးယောက် မက်ထရိုပိုလတန်ပြတိုက်နှင့်သာ ဆက်သွယ်သည်။

ဗြိတိသျှပြတိုက်ကြီးမှ ပညာရှင်များကို တိုင်ပင်ခြင်း မရှိပေ။

ဤကိစ္စနှင့် ပတ်သက်၍ ပြဿနာမျိုးစုံတက်ခြင်း၊ အငြင်းပွားမှုများ ဖြစ်ခြင်း၊ တရားစွဲဆိုမှုများ ဖြစ်ခြင်း၊ ကျိန်စာသင့်ခြင်း စသည့် ကောလာဟလအမျိုးမျိုး ထွက်ပေါ်လာသည်။

ရှေးဟောင်းပစ္စည်းအမျိုး(၅၀၀၀)ကျော်အနက် ဘူဟာရဲ့ (စ) ခေါ် သောလက်နက်၊ အင်္ဂလိပ်အက္ခရာ(V)ပုံရှိပြီး သစ်သားဖြင့် ပြုလုပ်ထားသည်။

ပစ်သူထံ ပြန်လာလေ့ရှိသော လက်နက်(၁၂)ခုကို တွေ့ရှိသည်။ ဩစတြေးလျတိုက် တိုင်းရင်းသားများသာ သုံးစွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



တူတန်ခမွန်ဘုရင်၏အလောင်းကို ဆေးစိမ်ခဲ့သည့် ဆေးရည်တွင် ယူကလစ်တပ်(စ)ပင်၏အဆီ ပါဝင်သည်။

ထိုအပင်မျိုးမှာ ထိုစဉ်က ဩစတြေးလျတိုက်တွင်သာ ပေါက်ရောက်သည်။

အီဂျစ်နိုင်ငံ ဘီဝအိုအေစစ်တွင် တွေ့ရသော ဖေဂိုဘုရင်၏ ဒူတစ်ခုတွင် ဩစတြေးလျတိုက်၌သာ ရှိသော သားပိုက်ကောင်အရိုးစုတို့ တွေ့ရှိရသည်။

ဩစတြေးလျတိုက်၊ ဆစ်ဒနီမြို့မှ ကီလိုမီတာ(၁၀၀)အကွာရှိ ဒူဆိုးတို့၏ချိုင့်ဝှမ်းဟု အမည်ပေးထားသော ကျောက်ဂူအတွင်းရှိ အီဂျစ်နံရံကပ် ပန်းချီများ၊ အီဂျစ်နတ်ဘုရားပုံများကို တွေ့ရှိရသည်။

ပုံများမှာ အီဂျစ်တို့၏ဘဝကူးလမ်းညွှန်ကျမ်း(Book of Dead)တွင် ပါရှိသည့်ပုံများဖြစ်သည်။

ဩစတြေးလျတောင်ပိုင်း ဖလင်ဒါ တောင်တန်းဒေသရှိ ကျောက်ဂူနံရံများတွင် အီဂျစ်ရှေးဟောင်းအရုပ်စာများနှင့် အီဂျစ်ဘုန်းတော်ကြီးပုံ ပန်းချီများ တွေ့ရသဖြင့် အီဂျစ်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သည် ထိုခေတ်ကာလကပင် ဆက်သွယ်မှု ရှိကြောင်းကို ဂျီ။ အိုဖာရဲ(လ)၏တူတန်ခမွန်ဘုရင်၏ ဂူသချိုင်း (The Tutankhamun's Deception by G.O' Farrell) ဆောင်းပါးအရ လေ့လာသိရှိရပေသည်။

အထက်ပါ သက်တမ်းများကို လေ့လာကြည့်သောအခါ ရှေးယခင်က ကျပ်စည်းခြင်းဟု ခေါ်သော မမီရုပ်အလောင်းများ ပြုလုပ်ခြင်းသည် သူတော်စင်များ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၊ ရှင်ဘုရင်နှင့် မိဖုရားများနှင့် ထူးခြားထင်ရှားသော ပုဂ္ဂိုလ်များချည်းဖြစ်ကြလေသ

ယခု ဒေါက်တာဆင်းနားအနေနှင့် မမီရုပ်အလောင် လုပ်ခဲ့သည်ဆိုခြင်းမှာ မည်သို့သောပုဂ္ဂိုလ်များကို ပြုလု



www.burmeseclassic.com

www.burmeseclassic.com



သလဲ။

မည်ကဲ့သို့သော ရည်ရွယ်ချက်မျိုးဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည် ကိုတော့ မသိနိုင်ပေ။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက် သည် စာကြည့်ခန်းထဲတွင် အချိန်အတော်အကြာ နေခဲ့ပြီးမှ အပြင်သို့ ပြန်ထွက်ခဲ့ကြသည်။

တံခါးကိုလည်း မူလအခြေအနေ ပြန်ပိတ်ပြီး သော့ကို မူလ နေရာမှာပင် ပြန်ထားလိုက်သည်။

ထို့နောက် ညက မံမီရုပ်အလောင်းများ ချိုးကွေ့ဝင်သွားသော နေရာဘက်သို့ သွားကြည့်ကြသည်။

ထိုနေရာဘက်မှာလည်း ပိတ်ထားသောအခန်းများနှင့် နံရံမှာ ကပ်ထောင်ထားသည့် ဗီရိုကြီးများကိုသာ တွေ့ကြလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ထိုအိမ်၏ တစ် နေရာမှာ လျှို့ဝှက်ထားသော အခြားအခန်းများ ရှိလိမ့်ဦးမယ်ဟု တွေးမိ လေသည်။

ဦးဗန်ကောင်းကလည်း ထိုကဲ့သို့ပင် တွေးမိဟန်ရှိသည်။

"တစ်နေရာမှာတော့ အခြားအခန်းတွေ ရှိဦးမယ်ထင်တယ်"

"ဖြစ်နိုင်ပါတယ်. . . ဒေါက်တာဆင်းနား မံမီရုပ်အလောင်း တွေ ပြုလုပ်တဲ့နေရာ၊ ဒါမှမဟုတ် ခွဲစိတ်ခန်းအဖြစ် အသုံးပြုတဲ့ အခန်း မျိုးတော့ ရှိဦးမှာပေါ့"

ထိုသို့ပြောဆိုနေကြစဉ်မှာ တစ်နေရာမှ စူးစူးဝါးဝါးအော်သံ များ ပေါ်ထွက်လာလေသည်။

ထိုအသံများမှာ အိမ်ကြီးအပေါ်မှ မဟုတ်ဘဲ ၎င်းတို့ရောက် နေသော ကြမ်းပြင်အောက်ဘက်ဆီမှ ကြားရခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သဲသဲကွဲကွဲတော့ မဟုတ်ပေ။

ထိုအသံများကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

# ကိုယ်ပါးဝင်သည်လို ကိုယ်ပွားပါလာခဲ့

**နောက်** ထပ်တစ်ပတ်ခန့်ကြာသောအခါ ဒေါက်တာမင်းထင်ကျော်တို့ တည်းခိုနေသောနေရာသို့ အမျိုးသမီးတစ်ဦး ရောက်လာလေသည်။

ထိုအမျိုးသမီးမှာ ရုပ်ရည်ရူပကာ လှပချောမောသူ ဖြစ်သော်လည်း တစ်စုံတစ်ခုကို ပူဆွေးသောက ရောက်နေသည့် အမူအရာမျိုး ရှိလေသည်။

သူမကို အစောင့်တစ်ယောက်က ခေါ်လာပြီး ဒေါက်တာမင်းထင်ကျော်တို့နှင့် တွေ့ပေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းရောက်သောအခါမှ အေးအေးဆေးဆေး မေးမြန်းကြည့်ရသည်။

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ဘာများအကူအညီပေးရပါမလဲ ခင်ဗျာ"

"ကျွန်မနာမည် ကေသရီလို့ ခေါ်ပါတယ်ရှင်၊ ဆရာတို့က ဗမာပြည်က လာကြတယ်လို့ သိရပါတယ်၊ ကျွန်မတို့လည်း ဗမာပြည်မှာ နေခဲ့ဖူးပါတယ်"

ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မ အခုလာတာ အခြားတော့မဟုတ်ပါဘူး၊ ဆရာတို့ဆီမှာ အကူအညီ တောင်းချင်လို့ပါရှင်"

"ဟုတ်ကဲ့. . . ပြောပါ"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီအိမ်ကို ငှားချင်လို့ လာတာပါ"

"တစ်ခုခုတော့ မှားနေပြီထင်တယ်၊ ဒီအိမ်က ကျွန်တော်တို့ပိုင်တာမဟုတ်လို့ ငှားခွင့်မရှိပါဘူး"

"အဲဒါကို ကျွန်မ သိပါတယ်၊ စကားပြောတာ လောသွားလို့ ဆရာ နားမရှင်းဖြစ်သွားတယ် ထင်ပါတယ်၊ ကျွန်မ ရှင်းပြပေးပါ့မယ်၊ ကျွန်မမှာ သွေးကင်ဆာရောဂါ ခံစားနေရတဲ့ မောင်တစ်ယောက် ရှိပါတယ်၊ ရောဂါအခြေအနေက အတော်ကလေးဆိုးဝါးတဲ့ အခြေအနေမျိုး ရောက်နေတာပါရှင်"

ထိုသို့ပြောရင်းနှင့် မျက်ရည်များ ဝဲတက်လာကာ လက်ကိုင်ပဝါဖြင့် တို့သုတ်လိုက်သည်။

"ဆရာဝန်တွေ ဆေးဆရာတွေ အတော်များများနဲ့လည်း ကုသပြီးပါပြီ၊ အခြေအနေက မထူးခြားပါဘူး၊

အခုတော့ လက်လျှော့ရမယ့် အခြေအနေမျိုးကို ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ၊ နောက်ဆုံးတော့ ကျွန်မတို့လည်း နတ်ဆရာနဲ့ တွေ့ပြီး မေးကြည့်ကြပါတယ်”

“ဒီတော့ သူက ဘာပြောလဲ. . . ဟင်”

“ဒီရောဂါကို ဒေါက်တာဆင်းနား ကုပေးရင် ပျောက်ကင်းပြီး အသက်ချမ်းသာရာ ရမယ်လို့ ပြောပါတယ်”

“ဒေါက်တာဆင်းနားက ကွယ်လွန်သွားခဲ့တာ ကြာပြီမဟုတ်လား”

“ဟုတ်ပါတယ်ရှင်. . . သူမရှိတော့ပေမယ့် သူ့ဝိညာဉ်ကတော့ ရှိနေပါသေးတယ်၊ တိုက်ဆိုင်တဲ့လူတွေကို ဆေးကုပေးလို့ ပျောက်ကင်းတာတွေလည်း အများကြီး ရှိပါတယ်၊ တချို့က သူရဲ့အုတ်ဂူနေရာ သွားပြီး ဆုတောင်းမှုတွေ လုပ်ရင်းနဲ့ ရောဂါပျောက်ကင်းသွားတာတွေ ရှိပါတယ်”

ခေါင်းညိတ်ပြလိုက်သည်။

“တချို့. . . တခြားဆရာဝန်တွေ လက်လျှော့လိုက်ကြတဲ့ လူနာတွေကျတော့ ဒီအိမ်မှာ နေပြီးတော့ ဆေးကုသမှု ခံကြပါတယ်”

“ဒီအိမ်မှာ နေပြီး ဆေးကုဖို့ လာရင်တော့ သူက ဆေးကုပေးပါသလား”

“လူတိုင်းတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အတော်များများကိုတော့ ရောဂါပျောက်ကင်းအောင် ကုပေးပါတယ်၊

ကျွန်မ မောင်လေးအတွက် ဒါဟာ နောက်ဆုံးမျှော်လင့်ချက်တစ်ခုဖြစ်တာကြောင့် ဆရာတို့ဆီမှာ လာပြီးအကူအညီတောင်းရတာပါရှင်”

ဟု ကေသရီဆိုသော အမျိုးသမီးက မျက်ရည်အဝိုင်းသားဖြင့် အခြေအနေကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သက်ပြင်းချလိုက်ကြသည်။

အမျိုးသမီး၏အကူအညီတောင်းမှုကို သဘောပေါက်သွားသဖြင့် ဒေါက်တာမင်းထင်ကျော်က ပြန်မေးလိုက်သည်။

"တဆယ်တော့ ကျွန်တော်တို့က ဒီမှာ လေ့လာစရာတွေ အများကြီး ရှိနေတာကြောင့် ရက်အတော်ကြာကြာနေဖို့ စိတ်ကူးထားကြတာပါ။ ဒါပေမယ့် ဒီလို လာပြီး အကူအညီတောင်းတော့လည်း လက်ခံပေးပါမယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျေးဇူးလည်း အများကြီး တင်ပါတယ်၊ ဆရာတို့ ဒီမှာ ဆက်နေဦးမယ်ဆိုရင် မြို့ထဲမှာ ကျွန်မတို့တိုက် ရှိပါတယ်၊ အဲဒီမှာ နေရင်လည်း လွတ်လွတ်လပ်လပ် နေလို့ရပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ. . . ဒါပေမယ့်. . . "

"ဒါမှမဟုတ် ဒီပတ်ဝန်းကျင်မှာပဲ ဆက်နေချင်တယ်ဆိုရင်လည်း ဒီနေရာနှင့် မနီးမဝေးမှာ အေးအေးဆေးဆေး နေနိုင်မယ့်နေရာတွေ ရှိပါတယ်၊ ကျွန်မစီစဉ်ပေးနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်. . အဲ့ဒီလို နီးတဲ့နေရာဆိုရင်တော့ ပိုပြီး အဆင်ပြေမယ် ထင်ပါတယ်"

"ရပါတယ်ရှင်. . . အရင်က ဆေးရုံဟောင်းနေရာမှာ ဝန်ထမ်းတွေ နေသွားတဲ့အဆောင်တွေ ရှိပါသေးတယ်၊

အဲ့ဒီမှာလည်း အေးအေးဆေးဆေး နေလို့ရပါတယ်၊

နောက်ပြီး ဒီအိမ်မှာ ကျွန်မတို့ နေကြတယ်ဆိုပေမယ့် ဆရာတို့ အချိန်မရွေး ဝင်ထွက်ပြီး လေ့လာချင်တာ လေ့လာနိုင်ပါတယ်"

"ဒီလိုဆိုရင်တော့ ပိုကောင်းပါတယ်၊ ကျွန်တော်တို့ ဒီနေရာက



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ပေးပါမယ်"

ဟု ပြောလိုက်ရာ ကေသရီဆိုသော အမျိုးသမီးမှာ အတန်အသင့် စိတ်ချမ်းသာမှု ရသွားသော အမူအရာဖြင့် နှုတ်ဆက်ကာ ပြန်သွားလေတော့သည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်တောင်းတို့နှစ်ယောက်က ထိုအိမ်နှင့် မနီးမဝေးမှာ ရှိသော အခြားအဆောင်တစ်ခုသို့ ပြောင်းရွှေ့ကြပြီး ကေသရီမိသားစုက ဒေါက်တာဆင်းနားအိမ်သို့ ပြောင်းရွှေ့လာကြသည်။

ထိုမိသားစုများအကြောင်းကိုလည်း အနည်းငယ် ရေးသားဖော်ပြရန် လိုပေမည်။

၎င်းတို့မိသားစုမှာ လေးယောက်ဖြစ်သည်။

ဖခင်ဖြစ်သူ ဦးသုဂါလမှာ အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး မိခင်ဖြစ်သူ ဒေါ်ခေမာက အသက်(၅၀)အရွယ်ခန့်ရှိသည်။ သမီးကေသရီက (၂၅)နှစ်အရွယ်ခန့်ရှိပြီး ရောဂါခံစားနေရသူ မောင်ဖြစ်သည့် ဝေလကတော့ အသက်(၂၀)ခန့် ရှိချေပြီ။

၎င်းတို့မိသားစုမှာ အတန်အသင့် ချမ်းသာသူများဖြစ်သည်။ ဖခင်ဖြစ်သူ ဦးသုဂါလမှာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး ကုမ္ပဏီတစ်ခု ထူထောင်ထားလေသည်။

ဒေါက်တာဆင်းနား နေအိမ်ကို ငှားရမ်းပြီး ပြောင်းရွှေ့လာသောအခါ မိသားစုလေးယောက်နှင့် အိမ်ဖော်နှစ်ယောက် ပါလာသော်လည်း ဦးသုဂါလကတော့ အမြဲမနေပေ။

၎င်းကတော့ မြို့ထဲက အိမ်နှင့် ကုမ္ပဏီ၌သာ နေသည်။

ဒေါက်တာဆင်းနားအိမ်မှာတော့ ကေသရီတို့ မိသားစုသုံးယောက်နှင့် အိမ်ဖော်မိန်းကလေး(၂)ယောက်တို့သာ နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်ကတော့ ထိုနေရာနှင့် မဝေးသော သီးခြားအဆောင်တစ်ခုမှာ ရွှေ့ပြောင်းနေကြလေသည်။

သူတို့အနေနှင့် ဒေါက်တာဆင်းနား နေအိမ်မှာ ယခုကဲ့သို့ ဆေးကုရန် လူများ လာကြသည်ကို စိတ်ဝင်စားနေကြသည်။

သေဆုံးသွားပြီးဖြစ်သော ဝိညာဉ်က မည်သို့မည်ပုံ ဆေးကု ပေးမည်ကိုလည်း သိချင်နေကြလေသည်။

ဤင်းနှင့် ပတ်သက်ပြီး ထင်ရှားသော မှတ်တမ်းအချို့လည်း ရှိပေသည်။

ဤင်းမှတ်တမ်းမှာ. . .

အသက်ထင်ရှား ရှိနေလျက် ကိုယ်ပွားဝိညာဉ်ဖြင့် ဆေးကုသ ပေးသူများအနက် ထူးခြားထင်ရှားသည့် ပုဂ္ဂိုလ်တစ်ဦးမှာ စိန့်မာတင် ဒီပေါရက်(St. Martin de Porres) ဖြစ်သည်။

(၁၇)ရာစုတွင် အဆိုပါ သူတော်စင်သည် သူ၏ဘာသာရေး ဆောင်ရွက်မှုဘဝ အားလုံးကို လီမာ(Lima)ရှိ မြင့်မြတ်သော ရိုစရီ (Rosary) ခရစ်ယာန် ဘုန်းကြီးကျောင်း၌ ကုန်ဆုံးလွန်မြောက်ခဲ့သည်။

စိန့်မာတင်ဒီပေါရက်(St. Martin de Porres)သည် မည်သည့် အခါတွင်မှ ပီရူး(Peru)က ထွက်ခွာသွားလာမှု မပြုခဲ့ပေ။

သို့သော် အဆိုပါ သူတော်စင်ကိုမူ မက္ကဆီကိုနိုင်ငံ (Mexico)၊ တရုတ်နိုင်ငံ(China)၊ ဂျပန်နိုင်ငံ(Japan)၊ ဖိလစ်ပိုင်ကျွန်းစုများ (Philippine Islands) နှင့် ပြင်သစ်နိုင်ငံ(France)တို့တွင် တွေ့မြင်ကြသူများ ရှိခဲ့ကြသည်။

မက္ကဆီကို(Mexico)နိုင်ငံနှင့် စီးပွားရေးလုပ်ငန်းများ ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် ပီရူးနိုင်ငံ (Peru)မှ ကုန်သည်ကြီးတစ်ဦးသည် သူ ကူးသန်းရောင်းဝယ်ရေးကိစ္စဖြင့် ခရီးမ



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်မီ အဆိုပါ သူတော်စင်ထံ ဝတ်ပြု၍ ဆုတောင်းမေတ္တာများကို တောင်းခံခဲ့သည်။

အဆိုပါ ကုန်သည်ကြီးသည် မက္ကဆီကိုမြို့(Mexico City)သို့ ရောက်သောအခါ မကျန်းမမာဖြစ်လာသည်။

သူသည် အိပ်ရာထက်တွင် လဲလျောင်းနေလျက်ပင် သူတော်စင် စိန့်မာတင် ဒီပေါရက်(St. Martin de Porres)ကို အာရုံညွတ်၍ ကောင့်ရှောက်ကူညီပါရန် ဆုတောင်းမှု ပြုသည်။

ထိုညတွင် စိန့်မာတင် ဒီပေါရက် (St. Martin de Porres)သည် ကုန်သည်ကြီး၏အခန်းတွင်း အိပ်ရာဘေးသို့ ရောက်ရှိလာပြီး သူ့ကို သောက်ရမည့်ဆေးညွှန်း မိန့်ကြားပေးသည်နှင့် တစ်ပြိုင်နက် အခန်း အတွင်းတွင် မတွေ့ရတော့ပေ။

စိန့်မာတင် ညွှန်းသည့်ဆေးကို သောက်ခြင်းဖြင့် ကုန်သည် ကြီးသည် ကျန်းမာလာကာ လီမာ(Lima)သို့ ပြန်ခဲ့သည်။

ဤတွင် အံ့ဖွယ်ဖြစ်ရသည်မှာ ထိုကုန်သည်ကြီးသည် လီမာသို့ ပြန်ရောက်သည့်အခါ စုံစမ်းမှုပြုရာ သူတော်စင် စိန့်မာတင်သည် ထို ရက်များက မည်သည့်နေရာသို့မှ သွားရောက်ခဲ့ခြင်း မရှိခဲ့ခြင်းပင်။

ရာစုတစ်ခု ကုန်လွန်ပြီးသည့်နောက်ကာလတွင်ဖြစ်သော အဖြစ်အပျက်များဖြစ်သည်။

ထိုကဲ့သို့သော အဖြစ်အပျက်များ ရှိခဲ့ဖူးသောကြောင့် ဒေါက် တာမင်းထင်ကျော်တို့က စိတ်ဝင်စားနေကြခြင်းဖြစ်သည်။

ကေသရီတို့ မိသားစု(၃)ယောက်မှာ ထိုအိမ်သို့ ရောက်သော အခါ အခန်းတစ်ခန်းစီမှာ နေရာယူကြသည်။

ထိုအိမ်သို့ ရောက်ပြီးနောက်တွင် ဒေါက်တာဆင်းသွား၏ ညာဉ်အား ရောဂါပျောက်ကင်းအောင် ဆေးကုသမှုများ ပြုပေးပါရန်



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းတိုင်တည်မှုများ ပြုကြလေသည်။

ဝေလမှာ အသက်(၂၀)ဝန်းကျင်အရွယ်ဖြစ်သော်လည်း ရောဂါဝေဒနာ ခံစားနေရသောကြောင့် အင်အားချိနဲ့ပြီး ကျုံလှီဖျော့တော့လျက်ရှိသည်။

သူက အခန်းတစ်ခန်းအတွင်းမှာ နေသည်။

တစ်ညမှာတော့ သူ့အခန်းအတွင်းသို့ လူတစ်ယောက် ဝင်လာသည်ကို လှမ်းမြင်ရလေသည်။

ထိုသူမှာ တစ်ကိုယ်လုံး မီးလောင်ဒဏ်ရာများ ရထားပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေလေသည်။

အသက်အရွယ်ကတော့ သူနှင့် ရွယ်တူခန့် ရှိပြီး (၂၀)ဝန်းကျင်ခန့်ပင် ရှိသေးသည်။

သူက အနားလာရပ်သောအခါ ဝေလက အလန့်တကြားနှင့် နေရာမှ ထရန် ကြိုးစားလေသည်။

သို့သော်. . . ထမရပေ။

"မင်းဘယ်သူလဲ"

"ငါ့နာမည် မိုဟန်လို့ ခေါ်တယ်"

"မင်းတစ်ကိုယ်လုံး မီးလောင်ဒဏ်ရာတွေချည်းပါလား. . . ဘယ်လိုဖြစ်တာလဲ"

"ဟုတ်တယ်. . . ငါက မသေခင်ကတည်းက မီးလောင်ခံရပြီး သေသွားခဲ့ရတာ"

"ဟင်. . . ဒါဖြင့် မင်းက တစ္ဆေသရဲဘဝ ရောက်နေတာပေါ့၊ အခု ဒီကိုလာတာ ငါ့ကို ဘာလာလုပ်မလို့လဲ"

"ငါ မင်းကို ဘာမှ မလုပ်ပါဘူးကွာ၊ အကူအညီပေးဖို့ လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအကူအညီပေးမှာလဲ"

"မင်း အခု ရောဂါဖြစ်ပြီး မထနိုင်ဘူးမဟုတ်လား၊ ငါ မင်းကိုယ်ထဲကို ဝင်လိုက်ရင် မင်း လူကောင်းတစ်ယောက်လို ဖြစ်ပြီး လှုပ်ရှားလာနိုင်လိမ့်မယ်"

ဟု ပြောပြီး ဝေလကိုယ်အတွင်းသို့ ဝိညာဉ်က ဝင်သွားလေတော့သည်။

ထိုသို့ဝင်သွားသည်ကိုလည်း သူမြင်နေရသည်။

မကြာခင်မှာတော့ သူတစ်ကိုယ်လုံး ပေါ့ပါးသွက်လက်လာပြီး လူကောင်းတစ်ယောက်လို ဖြစ်လာသည်။

ဝေလက ဇဝေဇဝါဖြင့် နေရာမှ ထရပ်လိုက်သည်။

ယခင်က အားအင်မရှိသလို ယိုင်နဲ့နေသော ဝေလမှာ လူကောင်းတစ်ယောက်ကဲ့သို့ သန်သန်မာမာ ဖြစ်လာသည်။

ထို့ကြောင့် အခြားအခန်းများမှာ ရှိနေကြသော အဖေနှင့် အစ်မတို့ကို သွားရောက်နှိုးလေသည်။

"ဟဲ့. . . သား ဘာဖြစ်လာလို့လဲ"

"ဝေလ. . . နင်ဘယ်လိုဖြစ်လာတာလဲ၊ နင်ကြည့်ရတာ တစ်မျိုးဖြစ်လာသလိုပဲ"

"ကျွန်တော် နေကောင်းသွားပြီ မမရဲ့"

"ဟဲ့. . . ချက်ချင်းကြီး ဘယ်လိုဖြစ်လို့ နေကောင်းသွားတာလဲ"

"ဝိညာဉ်တစ်ယောက်က လာပြီးအကူအညီပေးလို့ ကောင်းသွားတာပါ"

ထိုစကားကြောင့် ဒေါ်ခေမာနှင့် ကေသရီတို့နှစ်ယောက်စလုံး အံ့တသြ ဖြစ်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဝိညာဉ်က အကူအညီပေးတာလဲ သားရဲ့၊ သေသေ ချာချာ ပြောပြပါဦး"

ဝေလက သူ့ဆီသို့ မိုဟန်၏ဝိညာဉ် ရောက်လာပြီး ကိုယ်တွင်းသို့ ဝင်သွားပုံကို ပြောပြလိုက်သောအခါ နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြလေတော့သည်။

စိတ်ထဲမှာတော့ ဝေလ ပြောသည်ကို ယုံကြည်ရ ခက်နေကြလေသည်။

သို့သော်လည်း ဝေလအခြေအနေကို ကြည့်ရသည်မှာ ယခင်ကနှင့် လုံးဝမတူတော့ဘဲ ကျန်းမာလာသူတစ်ယောက်ကဲ့သို့ သွက်လက်နေသည်ကိုလည်း သတိပြုမိလေသည်။

"ကျွန်တော် နေကောင်းသွားပြီဆိုတော့ တစ်ခုခု စားချင်တယ် စားစရာပေးပါ"

ဟု တောင်းသဖြင့် ဂေသရီက အိမ်ဖော်နှစ်ယောက်ကို နှိုးပြီး စားသောက်စရာများ စီစဉ်ပေးရလေသည်။

ဝေလက အစားအသောက်များ မစားသောက်ရသည်မှာ အတော်ကြာပြီဖြစ်သော လူကောင်းတစ်ယောက်ကဲ့သို့ အားရပါးရ စားသောက်ပြီးနောက် ၎င်းအခန်းရှိရာဘက်သို့ ပြန်သွားလေသည်။

"ငါ့သားလေး ကြည့်ရတာ တစ်မျိုးဖြစ်သွားသလိုပဲ၊ ဒေါက်တာ ဆင်းနားရဲ့ဝိညာဉ်က လာပြီးဆေးကုသပေးသွားလို့များ ချက်ချင်း ရောဂါပျောက်သွားတာများလား မသိဘူး၊ တကယ်လို့ ဒီအတိုင်းမှန်တယ်ဆိုရင်တော့ ဝမ်းသာစရာပဲ"

ဟု ဒေါ်ခေမာက ရေရွတ်နေလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်၍ ဝေလအခန်းသို့ သွားကြည့်သောအခါ ခါတိုင်းကဲ့သို့ပင် အင်အားချို့တဲ့နေသော ပုံ



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန်ဖြင့် အိပ်ရာပေါ်မှာ လှဲနေသည်ကို တွေ့ရလေသည်။

"မောင်လေး . . နှင် ဘယ်လိုပြန်ဖြစ်သွားတာလဲ"

ကေသရီက မေးလိုက်သည်။

ထိုအခါ ဝေလက စိတ်ပျက်လက်ပျက် လေသံမျိုးဖြင့် ပြန်ပြောလေသည်။

"သူပြန်ထွက်သွားပြီ"

"ဟင် . . . ဘယ်သူလဲ"

"ဝိညာဉ်လေ . . . ညက ကျွန်တော့်ကိုယ်ထဲကို လာဝင်တဲ့ ဝိညာဉ်ပေါ့ . . . သူပြန်ထွက်သွားပြီ"


ထိုသို့ပြောပြီး တစ်ဖက်သို့ စောင်းလှည့်သွားသောကြောင့် ကေသရီလည်း ဆက်မမေးတော့ဘဲ အခန်းတွင်းမှ ပြန်ထွက်လာခဲ့လေသည်။

သူမ စိတ်ထဲမှာတော့ ဇဝေဇဝါ အတွေးများ ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

# မြေအောက်ခန်းမှ ကျပ်စည်းသောနေရာ

နောက်ရက်များမှာလည်း ဝေလတစ်ယောက် အမူအရာ ပြောင်းလဲနေသည်ကို မိသားစုများက သတိပြုမိကြသည်။ တစ်ခါတစ်ရံ အိပ်ရာထဲမှာ လူမမာတစ်ယောက်လို ခွေနေသော်လည်း တစ်ခါ တစ်ရံမှာတော့ သာမန်လူကောင်းများကဲ့သို့ သွားလာလှုပ်ရှားနေသည် ကို တွေ့ကြရသည်။ အစားအသောက်များလည်း သာမန်လူတစ် ယောက်ကဲ့သို့ စားသောက်လေသည်။

ထို့ပြင် ညအချိန်မတော်ကြီး ရောက်တော့မှ ထလာပြီး ကျန်



www.burmeseclassic.com

www.burmeseclassic.com



လူများကို နှိုး၍ အစားအသောက် တောင်းစားခြင်းများ မကြာခဏ ရှိလာသည်။

ထိုသို့စားသောက်သည့်အခါမှာလည်း သာမန်လူတစ်ယောက်ထက် ပိုစားနိုင်ပြီး စားပုံသောက်ပုံမှာလည်း ကြမ်းတမ်းလေသည်။

တစ်ခါတလေမှာလည်း အိမ်မှာ ရှိသောလူများအား ကြောက်စရာကောင်းသော အမူအရာမျိုးဖြင့် ဆက်ဆံတတ်လေသည်။ တစ်ကြိမ်မှာတော့ အချိန်မတော် ရောက်မှ တံခါးခေါက်သံ ကြားရသဖြင့် ကေသရီက တံခါးဖွင့်ပေးလိုက်သည်။

အခန်းပေါက်ဝမှာ ရပ်နေသူမှာ 'ဝေလ' ပင်ဖြစ်သည်။ သာမန်ရပ်နေခြင်းမျိုးတော့ မဟုတ်ပေ။

အသွားထက်သော ကပ်ပါးဟု ခေါ်သည့် ရဲတင်းကြီးတစ်လက်ကို ကိုင်ပြီး တောင့်တောင့်ကြီး ရပ်နေခြင်းဖြစ်၏။

မျက်လုံးနှင့်မျက်နှာမှာလည်း အမူအရာ ပြောင်းနေသည်။ ကေသရီက သူ၏အမူအရာကို တွေ့မြင်လိုက်ရသောအခါ များစွာထိတ်လန့်သွားလေသည်။

"ဟင်. . . မောင်လေး နင်ဘယ်လို ဖြစ်လာတာလဲ၊ ဘာလိုချင်သလဲဟင်"

ဟု အသံကတုန်ကရင်ဖြင့် မေးလိုက်သည်။

ဝေလက ဘာမှပြန်မပြောဘဲ ကေသရီကို လုံးဝမမှတ်မိတော့သော မျက်လုံးများဖြင့် စူးစူးစိုက်စိုက် ကြည့်နေလေသည်။

"ဝေလ. . . နင်ဘယ်လိုဖြစ်လာတာလဲ"

မေးသော်လည်း ဘာမှပြန်မပြောသဖြင့် ကေသရီက တံခါးကို ပြန်ပိတ်ပြီး အတွင်းမှ ချက်ချထားလိုက်လေသည်။

သူမတစ်ကိုယ်လုံးမှာလည်း ကြောက်ရွံ့ထိတ်လန့်မှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ် တုန်နေလေသည်။

ခဏကြာတော့ အခန်းပေါက်ဝမှ ပြန်လှည့်သွားသောခြေသံကို ခပ်သဲ့သဲ့ ကြားလိုက်ရသည်။

"ဟူး. . . တော်ပါသေးရဲ့"

ကေသရီက ရင်ဘတ်ကို လက်ဖြင့် ဖိကာ ရေရွတ်လိုက်သည်။ ယခင်ညများကလည်း ဝေလ ရောက်လာတတ်ပြီး အစားအသောက်များ တောင်းရမ်းစားသောက်တတ်သော်လည်း ယခုည တွေ့ရသော ပုံသဏ္ဌာန်မျိုးတော့ တစ်ခါမှ မတွေ့ဖူး မမြင်ဖူးသောကြောင့် များစွာ ထိတ်လန့်တုန်လှုပ်နေမိခြင်းဖြစ်သည်။

"သူ ဘယ်လိုဖြစ်လာတာပါလိမ့်၊ အရင်ညတွေက ပုံစံနဲ့လည်း မတူဘူး၊ နောက်ပြီး လက်ထဲမှာ ရဲတင်းကြီး ကိုင်လာတာကလည်း ဘာလုပ်မလို့လဲ မသိဘူး"

ဟု တွေးနေစဉ် သူမအခန်းရှိရာဘက်သို့ ကသောကမျော လျှောက်လာပြီး တံခါးခေါက်သံ ကြားရပြန်သည်။ ရုတ်တရက် ထွက်ပေါ်လာသည့် တံခါးခေါက်သံကြောင့် ကေသရီမှာ တုန်လှုပ်သွားလေသည်။

"ဘာဖြစ်လာတာလဲ မေမေ"

ဒေါ်ခေမာက အခန်းတွင်းသို့ အလျင်အမြန် ဝင်ပြီး တံခါးကို ပြန်ပိတ်ထားလိုက်သည်။

"ဝေလ. . . ဝေလ. . . ရဲတင်းကြီးတစ်လက် ကိုင်ပြီး မေမေ့ အခန်းကို ရောက်လာတာ၊ မေးတော့လည်း ဘာမှပြန်မပြောဘဲ မျက်ထောင်နီကြီးနဲ့ ကြည့်နေတယ်၊ ဘယ်လိုဖြစ်လာတာလဲ မသိဘူး"

"စောစောက သမီးအခန်းကိုလည်း ရောက်လာသေးတယ် မေမေ. . . အဲသည်ပုံအတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူဘယ်လိုဖြစ်နေတာလဲဟင်. . . ရိုးရိုးသားသားမှ ဟုတ်ရဲ့လား သမီးရယ်"

"ကျွန်မလည်း မသိဘူး၊ သူ့ကြည့်တာ တစ်မျိုးဖြစ်နေတာတော့ အမှန်ပဲ"

"ဒီအတိုင်း ဆက်နေလို့မှ ဖြစ်ပါ့မလားကွယ်၊ သမီးဖေဖေကို အကြောင်းကြားမှ ဖြစ်မယ်ထင်တယ်"

"ဖေဖေ့ကို အကြောင်းကြားရင် ကုမ္ပဏီအလုပ်တွေ ပျက်နေလိမ့်မယ်၊ သမီးစဉ်းစားမိတာ တစ်ခုတော့ ရှိတယ်၊ ဟိုဘက်အဆောင်မှာ တည်းနေတဲ့ ညော့သည်နှစ်ယောက်က ဒီကိစ္စတွေကို သိနိုင်ကြမယ် ထင်တယ်၊ သူတို့ကို အကူအညီတောင်းရရင် မကောင်းဘူးလားဟင်"

"အဲဒီလိုဆိုရင်လည်း မနက်လင်းတော့မှ အကူအညီ တောင်းကြည့်ပေါ့ကွယ်"

ထိုအခိုက် သူတို့အခန်းရှိရာဘက်သို့ ပြေးလာသော ခြေသံအချို့ကို ကြားကြရပြန်သည်။

ခဏကြာတော့ အိမ်ဖော်မလေးနှစ်ယောက်အသံကြားရသဖြင့် တံခါးဖွင့်ပေးလိုက်သည်။

"ဟဲ့. . . ဘယ်လိုဖြစ်လာတာလဲ"

"အစ်ကိုလေး ရဲတင်းကြီး ကိုင်ပြီး အခန်းပေါက်ဝမှာ လာရပ်နေတယ် မေမေကြီး၊ သမီးတို့လည်း မနေဝံ့တော့လို့ ပြေးလာကြတာ"

ထိုသို့ပြောနေစဉ် အိမ်ကြီး၏အတွင်းတစ်နေရာဆီမှ တဒုန်းဒုန်းနှင့် အသံများကို ကြားကြရသည်။

သူတို့လေးယောက်စလုံးမှာလည်း တစ်ညလုံး မအိပ်ဝံ့ကြတော့ဘဲ ကေသရီအခန်းတွင်းမှာပင် စုနေကြရလေသည်။

ညဉ့်နက်ပိုင်း ရောက်သောအခါမှ အိမ်တွင်းမှ ကြားနေရသော



www.burmeseclassic.com

www.burmeseclassic.com



အသံများ ပျောက်သွားတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာတော့ အိမ်တစ်ခုလုံး ထူးခြားမှု မရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ထိုအခါမှ သားအမိ နှစ်ယောက် မရဲတရဲနှင့် ဝေလအခန်းရှိရာသို့ သွားပြီး တံခါးဖွင့်ကြည့် ကြသည်။

အတွင်းမှာတော့ ခုတင်ပေါ်၌ ခွေခွေကလေး အိပ်နေသည့် ဝေလကို တွေ့ကြရသည်။

ယခုတော့လည်း ဝေလမှာ လူမမာတစ်ယောက်ကဲ့သို့ ငြိမ် သက်နေသည်။

သို့ကြောင့် တံခါးပြန်ပိတ်ထားလိုက်ပြီး ညက အသံကြားသော နေရာဘက်သို့ သွားကြည့်ကြသည်။

အိမ်အနောက်ဘက် တစ်နေရာမှာတော့ ကြမ်းပြင်ပေါ်မှာ ကျ နေသည် ရဲတင်းကြီးကို တွေ့ကြရသည်။

ထို့ပြင် ထိုနေရာတစ်ဝိုက် နေရာအနှံ့အပြားတွင် ရဲတင်းဖြင့် ခုတ်ထားသော ဒဏ်ရာဒဏ်ချက်များကို တွေ့ရသည်။

ရဲတင်းချက်က အတော်များသည်။

ရောဂါနှိပ်စက်သောကြောင့် အားအင်ချည့်နဲ့နေသော လူတစ် ယောက်က ထိုမျှလေးလံသော ရဲတင်းကြီးဖြင့် ဒဏ်ရာဒဏ်ချက်ပေါင်း များစွာ ရသည်အထိ ခုတ်နိုင်သည်ကတော့ အံ့သြစရာဖြစ်သည်။

ထို့နောက်မှာတော့ ကေသရီက သူမတို့နေအိမ်နှင့် မဝေးလှ သောနေရာမှာ ရှိသည့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် တည်း ခိုနေသော အဆောက်အဦး ရှိရာဘက်သို့ သွားလေသည်။

ထိုနေရာရောက်တော့ နှစ်ယောက်စလုံးနှင့် အဆင်သင့်ပင် တွေ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗှင်းတို့နှင့် တွေ့သောအခါ ကေသရီက သူမတို့ ကြုံတွေ့ရသောအကြောင်းများကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။

"အဲဒါ ကျွန်မတို့လည်း ဘယ်လိုလုပ်ရမှန်း မသိတော့လို့ လာပြီး အကူအညီတောင်းတာပါ၊ အကူအညီပေးနိုင်ရင် ပေးပါဆရာ"

ဒေါက်တာမင်းထင်ကျော်တို့မှာ ထိုအဖြစ်အပျက်မျိုးနှင့် မကြာခဏ တွေ့ခဲ့ရဖူးသောကြောင့် အထူးအဆန်းတော့ မဖြစ်တော့ပေ။

ကေသရီ သဘောပေါက်အောင် ရှင်းပြရလေသည်။

"အဲဒီအိမ်ဟာ သာမန်အိမ် မဟုတ်ပါဘူး၊ ဒေါက်တာဆင်းနား မရှိတဲ့နောက်ပိုင်းမှာ ဝိညာဉ်တွေ ခိုအောင်းနေတဲ့နေရာတစ်ခု ဖြစ်နေတာပါ"

ထိုစကားကြောင့် ကေသရီ မျက်လုံးအဝိုင်းသားဖြစ်သွားလေသည်။

"မကေသရီရဲ့မောင် မကြာခဏ အမူအရာတွေ ပြောင်းတယ်ဆိုတာ သူ့သဘောအတိုင်း ဖြစ်နေတာ မဟုတ်ပါဘူး၊ အဲ့ဒီမှာ ရှိနေကြတဲ့ ဝိညာဉ်တွေ နှောင့်ယှက်လို့ ဖြစ်ရတယ်လို့ ထင်ပါတယ်"

"အဲ. . အဲ့ဒီတော့ ဘယ်လိုလုပ်ရမလဲဟင်"

"နှစ်ချက်ပဲ ရှိပါတယ်၊ တစ်ချက်က ဝိညာဉ်တွေနဲ့ ဝေးတဲ့နေရာကို ရွှေ့ပြောင်းနေဖို့နဲ့ နောက်တစ်ချက်ကတော့ အဲ့ဒီအိမ်မှာပဲ ဆက်နေမယ်ဆိုရင်တော့ ဝိညာဉ်တွေ မနှောင့်ယှက်နိုင်အောင် ကာကွယ်ထားရပါမယ်"

"မောင်လေးရဲ့ဘဝက တခြားနေရာမှာ ခေါ်ထားပြန်ရင်လည်း သေရမယ့်ရက်ကို စောင့်နေရသလိုမျိုးပါပဲ၊

ဒီမှာ နေတာကမှ မျှော်လင့်ချက်ကလေး ရှိနိုင်တယ်လို့ အဖေနဲ့ အမေတို့က ထင်နေကြပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဆရာတို့ အကူအညီပေးနိုင်ရင် ပေးဖို့ ကျွန်မ တောင်းပန်ပါတယ်"

ဟု ကေသရီက ပြောသည်။

"ကျွန်တော်တို့က ဘယ်လိုများ ကူညီပေးစေချင်ပါလဲ"

"ကျွန်မတို့ နေတဲ့အိမ်ကို လိုက်ကြည့်ပြီး ကျွန်မမောင်လေး ဘယ်လိုဖြစ်နေတယ်ဆိုတာကို ကြည့်ပေးပါ ဆရာ"

"ကောင်းပါပြီ. . . ကျွန်တော်တို့ လိုက်ပြီး တတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်စလုံး ကေသရီနှင့် လိုက်သွားကြသည်။

ထိုအိမ်သို့ ရောက်သောအခါ ဦးစွာ ဝေလ နေသောအခန်းသို့ သွားကြည့်ကြသည်။

ယခုအခါမှာတော့ ဝေလမှာ ပုံမှန်အတိုင်းပင် ရှိနေသည်။ သူသည် အင်အားချိနဲ့နေသော အမူအရာဖြင့် အိပ်ရာပေါ်မှာ လှဲနေလေသည်။

ကေသရီနှင့်အတူ ဒေါက်တာမင်းထင်ကျော်တို့ ပါလာသည်ကို မြင်သောအခါ စိတ်ဝင်စားသွားဟန်ဖြင့် ကြည့်နေလေသည်။

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ငါတို့က မင်းရောဂါပျောက်အောင် ကုပေးမယ့်လူတွေပေါ့ကွယ်"

"ကျွန်တော့်ရောဂါကို ခင်ဗျားတို့ ကုလို့ မပျောက်နိုင်ဘူး၊ သူတို့ ကုပေးမှ ပျောက်မယ်ထင်တယ်"

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

"သူတို့က အရင်ကတည်းက ဒီမှာရှိနေကြတဲ့လူတွေပဲ၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော် ညတိုင်း မြင်ရတယ်၊ နောက်ပြီး အဲ့ဒီလူတွေထဲက ကျွန်တော်နဲ့ ရွယ်တူလောက် ရှိတဲ့ လူတစ်ယောက်က ညတိုင်း ကျွန်တော့်ဆီကို လာတယ်"

"သူက ဘယ်လိုပုံပန်းသဏ္ဌာန်မျိုးလဲဟင်"

"မျက်နှာတစ်ခုလုံး မီးလောင်ခံထားရလို့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတယ်၊ သူက ညတိုင်း ကျွန်တော့်ဆီ လာပြီး ကျွန်တော့်ကိုယ်ထဲကို ဝင်ပြီးနေတယ်"

ဝေလစကားကြောင့် ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

ဦးဇန်ကောင်းက ဝင်မေးလိုက်သည်။

"သူဝင်လာပြီးရင် မင်းဘယ်လိုဖြစ်သွားတာကိုလည်း မှတ်မိသလား"

ဝေလက အသာအယာ ခေါင်းယမ်းပြသည်။

"မမှတ်မိဘူး. . . သူဝင်လာပြီးတာနဲ့ အိပ်ပျော်သွားသလို ဘာမှမသိတော့ဘူး"

"ငါတို့ အခုလာတာ အဲ့ဒီအတွက်ပဲ မောင်ဝေလရဲ့၊ မင်း မြင်တွေ့နေရတာတွေက သာမန်လူတွေ မဟုတ်ကြဘူး"

"ဘာတွေလဲဟင်"

"ရုပ်ခန္ဓာမရှိတဲ့ ဝိညာဉ်လို့ ခေါ်တဲ့ ပရလောကသားတွေပဲ၊ သူတို့ ဝင်လာတာ မင်းအတွက် အန္တရာယ်မကင်းဘူး၊ သူတို့က မင်းခန္ဓာကိုယ်ထဲကို ဝင်လာပြီးရင် လုပ်ချင်တာ လုပ်တော့မှာပေါ့"

ထိုစကားကြောင့် ဒေါ်ခေမာနှင့် ကေသရီတို့နှစ်ယောက်မှာ စိုးရိမ်စိတ် ဝင်သွားကြဟန်ရှိသော်လည်း ဝေလကတော့ ဘာမှနားမလည်သလို ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ မင်းဘယ်လိုလုပ်စေချင်သလဲ မောင်ဝေလ"

"ကျွန်တော်ကတော့ သူ လာနေတာကို သဘောကျတယ်၊ ညဘက် အိပ်မပျော်တဲ့အချိန်တွေမှာ ကျွန်တော့်အတွက်လဲ အဖော်ရတယ်၊ နောက်ပြီး သူက ပြောသေးတယ်"

"ဘယ်လိုပြောသလဲ"

"တခြားမှာနေရင် တခြားဝိညာဉ်တွေ အနှောင့်အယှက်ပေးလို့ ခဏလေးနဲ့ အသက်သေသွားမယ်တဲ့၊ ဒီမှာ သူတို့ရှိနေတော့ တခြားဝိညာဉ်တွေ လာလို့မရဘူး၊ ဒါကြောင့် အသက်မသေနိုင်ဘူးတဲ့၊ ဒါပေမယ့် ဒီအခန်းထဲမှာတော့ ဆက်နေလို့မရဘူးလို့ ပြောတယ်"

"ဘယ်နေရာမှာ နေရမတဲ့လဲ"

"မြေအောက်ခန်းထဲမှာ ဆေးကုတဲ့နေရာရှိတယ်လို့ ပြောတယ်၊ အဲဒီအခန်းမှာ ရွှေ့နေရင် ကျွန်တော့်ရောဂါတွေ ပျောက်မယ်လို့ ပြောတယ်ဗျ"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်တို့မှာ အံ့သြသွားသလို စိတ်ဝင်စားမှုလည်း ဖြစ်သွားကြလေသည်။

"မြေအောက်အခန်း ရှိတဲ့နေရာကိုရော မင်းသိရဲ့လား"

"သိပါတယ်"

"မင်းဆန္ဒကရော ဘယ်လိုရှိသလဲ"

"အဲဒီအခန်းမှာ သွားနေရင် သူတို့ကုပေးလို့ ရောဂါပျောက်မယ်လို့ ထင်တယ်"

ဝေလကတော့ မြေအောက်ခန်းမှာ ရှိသော ဆေးကုသောနေရာမှာ သွားနေရန် စိတ်ဆန္ဒ ပြင်းပြနေဟန် ရှိလေသည်။

ထိုကိစ္စကို ကေသရီတို့နှင့် တိုင်ပင်ကြည့်သောအခါ မိခင်ဖြစ်သူက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသားလေးရဲ့ရောဂါအခြေအနေက နောက်ဆုံးအခြေအနေကို ရောက်နေမှန်း ကျွန်မသိပါတယ်၊

ဒီအတိုင်းထားရင်လည်း မထူးတော့တဲ့ အတူတူတော့ သူ့ဆန္ဒရှိတဲ့အတိုင်းသာ လုပ်ပေးကြပါရှင်"

ဟု ခွင့်ပေးလေသည်။

ထိုအခြေအနေကို သိရသောအခါ ဝေလကို ခေါ်ပြီး မြေအောက်အခန်းရှိရာသို့ လိုက်ပြခိုင်းရလေသည်။

သူက တက်ကြွစွာနှင့်ပင် ဒေါက်တာမင်းထင်ကျော်တို့ကို ဦးဆောင်၍ ခေါ်သွားလေသည်။

ဘေးတစ်ဖက်တစ်ချက်နံရံတွင် ကျွန်းဗီရိုကြီးများ ထောင်ထားသည့် တစ်နေရာသို့ ရောက်သောအခါ ရပ်လိုက်လေသည်။

ထိုနေရာမှာ ရှေ့ဆက်သွားစရာလမ်းလည်း မရှိ၊ အပေါက်လည်း မရှိတော့သည့်နေရာဖြစ်သည်။

ဝေလက နံရံမှာ ကပ်ထားသော ပျဉ်ချပ်တစ်ချပ်ကို လက်ဖြင့်တွန်းလိုက်ရာ အနံ(၃)ပေ၊ အလျား(၄)ပေခန့် ရှိသည့် ပျဉ်ချပ်ကြီးကတံခါးတစ်ချပ်သဖွယ် 'တကျွိကျွိ' နှင့် ပွင့်သွားလေသည်။

အားလုံး တအံ့တသြ ဖြစ်သွားကြသည်။

ထိုနေရာသည် အခန်းတစ်ခန်းဖြစ်သည်။

မီးရောင်မရှိသဖြင့်လည်း အတွင်းမှာ မှောင်နေသည်။

ဝေလက ရှေ့ဆောင်ပြီး အတွင်းသို့ ဝင်လိုက်သောအခါ ထိုအခန်းတွင်းမှာပင် အောက်ဘက်သို့ ဆင်းသွားသော လှေကားကို တွေ့ရသည်။

အားလုံး လှေကားမှ အောက်သို့ ဆင်းသွားကြသည်။ မြေအောက်ခန်းဆိုသော်လည်း အိမ်ခန်းကျယ်ကြီးသဖွယ် ကျယ်ဝန်းသော



www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ ရောက်သွားကြသည်။

မီးဖွင့်လိုက်သောအခါ အလင်းရောင်လည်း ကောင်းစွာရလေသည်။

လူသူမရောက်သည်မှာ အတော်ကြာပြီဖြစ်သဖြင့် ပင့်ကူမျှင်များ ရှုပ်ထွေးနေသည်မှလွဲပြီး အခန်းမှာ သပ်ရပ်သန့်ရှင်းမှု ရှိသည်။

ထိုမြေအောက်အခန်း၏ဘေးနံရံပတ်လည်မှာလည်း ထုထည်ကြီးမားသော ကျွန်းဗီရိုကြီးများ အပြည့်ကပ်ထားသည်ကို တွေ့ရသည်။

ထိုအခန်းထဲမှ မြောက်များစွာသော ဆေးပုလင်းများ၊ ဆေးတုသရာတွင် အသုံးပြုသော ပစ္စည်းကိရိယာများ၊ လူနာတင်သော ခုတင်၊ ကျပ်စည်းရာတွင် အသုံးပြုသော ပစ္စည်းအမြောက်အများတို့ကိုလည်း တွေ့ကြရသည်။

ထိုနေရာမှာ အခြားမဟုတ်ပေ။

ဒေါက်တာဆင်းနား ရှိစဉ်က အရေးကြီးသော လူနာများကို ခွဲစိတ်ကုသရာတွင် အသုံးပြုခဲ့သော လျှို့ဝှက်အခန်းပင်ဖြစ်တော့သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ မမျှော်လင့်ဘဲ ထိုနေရာကို ရောက်ခဲ့ရသဖြင့် ကျေနပ်နေသည်။

ထိုနေရာနှင့် မဝေးလှသောနေရာတွင် ခုတင်ပေါ်မှာ ခေါင်းအုံး စောင် စသည်တို့ အဆင်သင့် ရှိနေသည့် အိပ်ရာတစ်ခုကို တွေ့ကြရသည်။

ဆရာဝန်များ နားနေသောနေရာ ဖြစ်ဟန်တူ၏။

ဝေလက ထိုနေရာသို့ လျှောက်သွားလေသည်။

"ကျွန်တော် ဒီနေရာမှာ နေမယ်"

"ဖြစ်ပါ့မလား သားရယ်၊ တစ်ခုခုဖြစ်ခဲ့ရင်တောင် အမေတို့တချက်ချင်း ဘယ်လိုသိနိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွက် စိတ်မပူပါနဲ့ အမေ၊ ဒီနေရာမှာ နေမှ ကျွန်တော့်ရောဂါ ပျောက်မှာပါ"

ဟု ပြောပြီး ခုတင်ပေါ်မှာ ထိုင်နေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ကာယကံရှင်များ စိတ်မပူစေရန် ဝင်ပြောလိုက်သည်။

"ဒီအခန်းက ဒေါက်တာဆင်းနား ရှိစဉ်က ဆေးကုပေးတဲ့ အခန်းတစ်ခု ဖြစ်ပုံရပါတယ်"

ခွဲစိတ်ခြင်းနှင့် ကျပ်စည်းသောအခန်းဖြစ်သည်ဟုတော့ မပြောပေ။

"ဒီအိမ်မှာ နေပြီး ဆေးကုခံချင်တယ်ဆိုရင်တော့ တခြားအခန်းမှာ နေတာထက် ဒီအခန်းမှာ နေတာက ဒေါက်တာဆင်းနားရဲ့ ဝိညာဉ်နဲ့ တွေ့ဖို့ ပိုပြီးနီးစပ်ပါတယ်"

ဟု ပြောပြီး ဒေါ်ခေမာလည်း လက်လျှော့ပေးလိုက်ရသည်။

ထို့နောက်မှာတော့ ဝေလတစ်ယောက်တည်း မြေအောက်ခန်းအတွင်းမှာ ထားခဲ့ပြီးနောက် ကျန်လူများက အပေါ်သို့ ပြန်တက်လာကြသည်။

အပေါ်သို့ ရောက်တော့ ကေသရီက ထပ်ပြောသည်။

"အခုလို လာပြီးအကူအညီပေးတာ ကျေးဇူးတင်ပါတယ် ဆရာရယ်၊ တစ်လက်စတည်း ထပ်ပြီး အကူအညီတောင်းပါရစေ"

"ဟုတ်ကဲ့. . . ပြောပါ"

"ဟို. . . ဒီမှာက ဖေဖေလာမနေတော့ ကျွန်မတို့ချည်းပဲ နေကြရတယ်၊ အရေးအကြောင်းရှိရင် မလုပ်တတ် မကိုင်တတ်နဲ့ အတော်ကလေး ဒုက္ခရောက်ကြတယ်၊ ဖြစ်နိုင်မယ်ဆိုရင် ဆရာတို့ ဒီမှာပဲ လာနေပေးကြပါလားဟင်၊ စားရေးသောက်ရေးကစပြီး ကျွန်မတို့



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူပေးပါ့မယ်”

ထိုစကားမှာ ဒေါက်တာမင်းထင်ကျော်တို့အတွက် ငြင်းပယ်ရသည့်စကားမျိုးတော့ မဟုတ်ပါချေ။

တကယ်ဆိုမူ ရေငတ်တုန်း ရေတွင်းထဲ ကျသောအဖြစ်မျိုးနှင့် တူပေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

# ထူးဆန်းသော ဆေးမင်ကျိန်စာများ

ငါချင်သည့်ကျား တောပြောင်းဆိုသော စကားမျိုးကဲ့သို့ ဖြစ်နေပြီလားတော့ မပြောတတ်ပေ။

ဝေလတစ်ယောက် မြေအောက်အခန်းတွင်းမှ အိပ်ရာပေါ်သို့ တက်ပြောင်းရွှေ့သောညမှာပင် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ မြင်ကွင်းများကို စတင်မြင်ရလေသည်။

ဦးစွာမြင်ရသည်က ခွဲစိတ်ခန်းများတွင် ဝတ်ဆင်သော အကျီ ရှည်ကြီးကို ဝတ်ဆင်ထားသော လူတစ်ယောက်ပင်ဖြစ်သည်။

ထိုသူမှာ အခြားသူ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



သူတွေ့ချင်နေသော ဒေါက်တာဆင်းနားပင်ဖြစ်သည်။

ဒေါက်တာဆင်းနားက လူနာတင်သော ခုတင်ပေါ်သို့ လူနာများ တစ်ယောက်ပြီးတစ်ယောက် တင်စေပြီး ခွဲစိတ်ပေးခြင်းများ၊

ခန္ဓာကိုယ်အစိတ်အပိုင်းများကို အစားထိုးပေးခြင်း၊ ကျပ်စည်းခြင်းနှင့် မံမီရုပ်အလောင်းများ ပြုလုပ်ပေးခြင်း စသောလုပ်ငန်းများကို တပည့်များနှင့်အတူ တိတ်ဆိတ်စွာ လုပ်ကိုင်ကြလေသည်။

အခန်းထဲမှာ သူရှိနေသည်ကိုပင် တစ်ယောက်မှ လှည့်မကြည့်ကြဘဲ သူ့အလုပ်သူ လုပ်နေကြသည်။

မနီးမဝေးမှာ ရှိနေသည့်တိုင်လည်း တစ်ယောက်ကမှ လှည့်မကြည့်ကြပေ။

စကားလည်း တစ်ခွန်းမှ မပြောကြသောကြောင့် အခန်းတစ်ခုလုံး ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူတို့သည် ကျပ်စည်းခြင်းနှင့် မံမီရုပ်အလောင်းများ ပြုလုပ်ခြင်းအပြင် တချို့လူများကို တစ်ကိုယ်လုံးတွင် ရှေးဟောင်းစာများ ရေးထိုးလေသည်။

အများအားဖြင့်တော့ အမျိုးသမီးများ ဖြစ်ကြသည်။ ဆေးမင်စာများ ရေးထိုးခံနေရသော အမျိုးသမီးများမှာ အသက်မသေသေးကြသဖြင့် တစ်ခါတစ်ရံ စူးစူးဝါးဝါးအော်သံများ ပေါ်ထွက်လာတတ်သည်။

ထိုအမျိုးသမီးက ကြောက်လန့်တကြား ရုန်းကန်နေကြသော်လည်း မရဘဲ ကျန်လူများက ဝိုင်းဝန်းချုပ်နှောင်ထားကြလေသည်။

နောက်ဆုံး ဆေးမင်ကြောင်းများက တစ်ကိုယ်လုံး ပြည့်သွားသောအခါတွင် ထိုအမျိုးသမီးလည်း ငြိမ်သက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသွားပြီလော မပြောတတ်ပေ။

ငင်းတို့အလုပ်များ ပြီးသွားသောအခါ ဆရာဝန်များမှာ အမှောင်ရိပ်အတွင်းသို့ တစ်ယောက်ပြီးတစ်ယောက် ဝင်သွားကြလေတော့သည်။

နောက်ဆုံးမှာတော့ အခန်းထဲမှာ ဘာမှမကျန်ခဲ့တော့ပေ။

ဝေလမှာ သူမြင်တွေ့ခဲ့ရသောမြင်ကွင်းများကို ကြည့်ပြီး အံ့ဩနေသည်။

"သူတို့ ဘာတွေလုပ်နေကြတာလဲ၊ အခု ဘယ်ရောက်သွားကြပြီလဲ၊ ဒီအခန်းထဲကနေ ဘယ်ကို ထွက်သွားကြတာလဲ"

စသည်ဖြင့် တွေးနေသည်။

နောက်တစ်ရက်မှာတော့ ထို့ထက် ကြောက်စရာကောင်းသောမြင်ကွင်းကို တွေ့မြင်ရပြန်သည်။

အသက်ရှိနေသေးသော လူတစ်ယောက်ကို တစ်ကိုယ်လုံးခွဲစိတ်ပြုပြင်ပြီးနောက် ကျပ်စည်းနေသောမြင်ကွင်းကို တွေ့မြင်ရခြင်းဖြစ်သည်။

ထိုမြင်ကွင်းကို မြင်ရသောအခါ ဝေလမှာ များစွာထိတ်လန့်တုန်လှုပ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

အသက်ရှိနေသေးသောကြောင့် အရှင်လတ်လတ် ခွဲစိတ်နေသကဲ့သို့ ဖြစ်သဖြင့် သွေးများက မြင်မကောင်းအောင် ထွက်နေသည်။

ခွဲစိတ်စင်ပေါ်မှတဆင့် အောက်သို့ စီးကျလာသည်။

ထိုမှတဆင့် ကြမ်းပြင်ပေါ်သို့ ရောက်လာကာ သူ့ခုတင်ရှိရာနေရာသို့ စီးကျလာသည်။

"သွေး. . . သွေးတွေ စီးလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးစပ်မှ အထိတ်တလန့်နှင့် အသံထွက်သွားသောအခါ ကျပ်စည်းနေသောသူအားလုံးက လှည့်ကြည့်ကြလေသည်။

မျက်နှာဖုံးများ စည်းထားသောကြောင့် မျက်နှာအမူအရာကို မမြင်ရသော်လည်း မကျေမနပ်ဖြစ်သွားကြသည့် ပုံသဏ္ဍာန်မျိုးတော့ တွေ့ရသည်။

ထို့ကြောင့် နောက်ထပ် အသံမထွက်ရဲတော့ပေ။

ခွဲစိတ်စင် ရှိရာမှ စီးလာသော သွေးများကတော့ အခန်းတစ်ခုလုံး ပြန့်နှံ့ကာ နီရဲနေသည်။

အတန်ကြာတော့ ကျပ်စည်းခြင်းကိစ္စ ပြီးသွားလေတော့သည်။

ကျပ်စည်းခံရသောလူမှာလည်း မလှုပ်တော့ဘဲ တောင့်တောင့်ကြီး ဖြစ်သွားချေပြီ။

အားလုံးပြီးသောအခါ လူနာစင်ပေါ်မှာ ကျပ်စည်းထားသော အလောင်းကို ဒီအတိုင်း တင်ထားခဲ့ပြီးနောက် ဒေါက်တာဆင်းနားနှင့် ဆရာဝန်များက ထိုနေရာမှ ထွက်သွားကြလေသည်။

မြေအောက်ခန်းတွင်းမှာတော့ ကျပ်စည်းထားသော အလောင်းတစ်လောင်းနှင့် ဝေလသာ ကျန်ခဲ့လေသည်။

ထိုအခါမှ ဝေလမှာ များစွာထိတ်လန့်ကြောက်ရွံ့လာပြီး ထိုအခန်းတွင်းမှ ထွက်ပြေးချင်စိတ် ပေါ်လာလေသည်။

သို့သော် စိတ်ကသာ ရှိနေပြီး လူကတော့ လှုပ်မရတော့ပေ။

ထိုအခိုက်မှာပင် လူနာတင်သောစင်ပေါ်မှာ တင်ထားသော ကျပ်စည်းထားသည့်အလောင်းက နေရာမှ တဖြည်းဖြည်း ထကာ အောက်သို့ ဆင်းလိုက်သည်။

ထို့နောက် သူရှိနေသောနေရာသို့ ဒယိမ်းဒယိုင်နှင့် လျှောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေလခများ နေရာမှ ထပြေးချင်သော်လည်း မရတော့ပေ။

ခဏကြာတော့ ကျပ်စည်းခံထားရသောသူက သူ့ခုတင် နံဘေးသို့ ရောက်လာလေသည်။

တစ်ကိုယ်လုံး ကျပ်စည်းခံထားရသော်လည်း မျက်လုံးပေါက်နှစ်နေရာမှာ လွတ်နေလေသည်။

မီးရောင်ကြောင့် ထိုနေရာမှာ အရောင်လက်နေသည်။

ဝေလကတော့ ထိုမြင်ကွင်းကြောင့် များစွာထိတ်လန့်ကြောက်ရွံ့နေလေသည်။

"မကြောက်ပါနဲ့ . . ငါက မင်းကို ဘာမှ မလုပ်နိုင်တော့ပါဘူးဒါပေမယ့် တစ်နေ့ကျရင်တော့ သူတို့က မင်းကို အခုလိုပဲ အရှင်လတ်လတ် ကျပ်စည်းပေးကြလိမ့်မယ်"

ဟု ပြောပြီး ကျပ်စည်းခံထားရသောအလောင်းက ဒယိမ်းဒယိုင်နှင့် ပြန်ထွက်သွားလေတော့သည်။

ထိုအခါ အခန်းတွင်းမှာ မြင်နေရသောမြင်ကွင်းအားလုံးပြောင်းလဲသွားပြီး မူလမြင်နေရသော အခြေအနေအတိုင်း ပြန်ဖြစ်သွားလေသည်။

ကြမ်းပြင်ပေါ်၌ စွန်းပေနေသည့် သွေးအကွက်ကြီးများလည်းပျောက်ကွယ်သွားသည်။

ကျပ်စည်းထားသောအလောင်းကိုလည်း မတွေ့ရတော့ပေ။

ထိုအဖြစ်အပျက်များမှာ ညဘက်အချိန်မှာသာ တွေ့ရပြီး နေ့ဘက်အချိန်မှာတော့ အခန်းအတွင်းမှာ ဘာမှမတွေ့ရ။

ထိုအခါ ဝေလတစ်ယောက်တည်း ရှိနေစဉ် အခန်းတွင်းသို့နေရာ အနှံ့ လိုက်လံကြည့်လေသည်။

သို့သော်လည်း သာမန်တွေ့ရသောပစ္စည်းများမှလွဲပြီး အခြား



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြားတော့ မတွေ့ရပေ။

အခန်းတွင်း၌ ဆေးပုလင်းများ၊

ခွဲစိတ်ခန်းသုံး ပစ္စည်းကိရိယာများ၊

ကျပ်စည်းရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် အခန်းအလယ်တွင် ခုတင်တစ်လုံးသာ ရှိသည်။

လေးဘက်လေးတန် နံရံမှာတော့ ဝင်ပေါက်ထွက်ပေါက် မတွေ့ရဘဲ ကျွန်းသားဗီရိုကြီးများသာ အစီအရီ ထောင်ထားလေ သည်။

ထိုဗီရိုကြီးများမှာ တံခါးရွက်မရှိ၊ သော့ပေါက်မရှိ၊ လက်ကိုင်ကွင်း မရှိဘဲ နံရံမှာ အလှတပ်ထားသော ပျဉ်ချပ်ကြီးများကဲ့သို့ ရှိလေသည်။

ထိုမြေအောက်အခန်းတွင်းသို့ ဝင်နိုင်ထွက်နိုင်သော အပေါက်မှာ သူတို့ ဝင်လာသောအပေါက်သာ ရှိလေသည်။

သို့သော် လေဝင်လေထွက်နှင့် အလင်းရောင်ကတော့ ကောင်းစွာရနေလေသည်။

နေ့ခင်းဘက်အချိန်တွင် ထူးထူးခြားခြား မတွေ့ရဘဲ ညအချိန် ရောက်လာသောအချိန် ရောက်တော့မှ ထူးခြားသောမြင်ကွင်းမျိုးစုံတို့ကို မြင်တွေ့ရခြင်းဖြစ်သည်။

ဝေလအနေနှင့် ထိုမြေအောက်ခန်းထဲမှာ တစ်ယောက်တည်း နေရတာ ကြောက်ရွံ့သော်လည်း ဒေါက်တာဆင်းနား၏ဝိညာဉ်ပုံရိပ်ကို တွေ့နေရသောကြောင့် စိတ်ထဲမှာ အနည်းငယ် အားရှိသလိုတော့ ဖြစ်မိလေသည်။

တစ်နေ့ကျလျှင် ဒေါက်တာဆင်းနား၏ဝိညာဉ်က သူ့ကို လာရောက်ဆေးကုပေးမည်ဟုလည်း မျှော်လင့်ထားသည်။ မြေအောက်ခန်းသို့ ရောက်ပြီး နောက်တစ်ရက်တွင် ဒေါက်တာမင်းထင်ကျော် ဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"အခြေအနေ ဘယ်လိုထူးသလဲ မောင်ဝေလ"

ဝေလက သူမြင်တွေ့ရသော မြင်ကွင်းနှင့် အဖြစ်အပျက်များတို ပြောပြလိုက်သည်။

"ဒါဖြင့် ဒေါက်တာဆင်းနားရဲ့ဝိညာဉ်ကို တွေ့ရပြီလား"

"ဟုတ်တယ်. . . သူ့ကို ကျွန်တော်တွေ့ရတယ်"

"မင်း ဒီမှာရှိနေတာကို သူသိသလား"

"သိတယ်"

"ဒီလိုဆိုရင်တော့ တစ်နေ့ကျရင် မင်းကို ဆေးကုပေးမယ်ထင်တယ်"

"ဆေးကုပေးရင်တော့ ကောင်းတာပေါ့ဗျာ၊ သူများတွေ လုပ်သလို ကျပ်စည်းပေးရင်တော့ အခက်ပဲ"

"သူများတွေကို ကျပ်စည်းပေးတာကို မင်းမြင်နေရတာပေါ့"

"တွေ့ရတယ်. . . အရှင်လတ်လတ် ခွဲစိတ်ပြီး ကျပ်စည်းနေတာ တွေ့ရတယ်"

"မကြောက်ပါနဲ့ကွာ. . . မင်းကိုတော့ အဲသည်လို လုပ်မယ်မထင်ပါဘူး"

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်က အခန်းတွင်းသို့ နေရာအနှံ့ လိုက်ကြည့်လေသည်။

ယခင်တွေ့နေသော ပစ္စည်းများသာ တွေ့ရပြီး အခြားတော့ ဘာမှမတွေ့ရပေ။

အခန်းထောင့် တစ်နေရာမှာတော့ ကြမ်းပြင်ပေါ်သို့ သွေးများစီးထွက်နေပြီး အကွက်လိုက်ကြီး ဖြစ်နေသည်။

သွေးကွက်ကြီးမှာ လောလောဆယ် စီးထွက်နေသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



မခြောက်သေးပေ။

ဒေါက်တာမင်းထင်ကျော်က နေရာအနှံ့အပြားသို့ လိုက်ကြည့်ရင်းနှင့် ထိုသွေးကွက်ရှိနေသောနေရာဘက်သို့ ရောက်လာလေသည်။

ငင်းမနီးမဝေး ရောက်လာသောအခါ နံရံကပ်ဗီရိုကြီးများအောက်မှ စိမ့်ထွက်နေသော သွေးကွက်ကြီးက တဖြည်းဖြည်းနှင့် ပြန်လည်စိမ့်ဝင်သွားရာ အနားရောက်လာသောအခါ ကြမ်းပြင်ပေါ်မှာ ဘာမှမရှိတော့ပေ။ စောစောက သွေးကွက်ထင်နေသောနေရာမှာ ခြောက်သွေ့လျက် မူလအခြေအနေအတိုင်းပင် ရှိနေသည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်က အပေါ်သို့ ပြန်တက်သွားလေသည်။

ထိုနေ့ညမှာတော့ ဝေလ ရှိရာသို့ နောက်ထပ်တစ်ယောက် ရောက်လာလေသည်။

ခါတိုင်းလာနေကျ 'မိုဟန်' ဆိုသောလူရွယ်တော့ မဟုတ်ပေ။

တစ်ကိုယ်လုံး အီဂျစ်စာများကဲ့သို့ ဆေးမင်စာများ ရေးထိုးထားသော အမျိုးသမီးတစ်ယောက်ပင်ဖြစ်သည်။

သူမသည် အသက်(၁၅)နှစ်အရွယ်ခန့်သာ ရှိသေးပြီး ဖြူဝင်းသောအသားပေါ်မှာ ဆေးမင်စာများ ထိုးထားသောကြောင့် အချို့နေရာများမှ သွေးများ စိမ့်ထွက်နေလေသည်။

သူမက ခုတင်ဘေးမှာ လာရပ်ပြီး ဝေလကို ကြည့်နေလေသည်။

"နင် ဘယ်သူလဲ"

"ငါ့နာမည်က မေရီလို့ ခေါ်တယ်. . . နင်ကရောဟင်"

"ငါ့နာမည်က ဝေလလို့ ခေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဒီမှာ ဘာလာလုပ်နေတာလဲဟင်"

"ငါ ရောဂါပျောက်အောင် ဆေးကုဖို့ ဒီမှာ လာနေတာပါ"

"ဒီမှာ ဆရာဝန်မှ မရှိတာ၊ နင့်ကို ဘယ်သူက ဆေးကုပေးမှာလဲ"

"ဒေါက်တာဆင်းနားရဲ့ဝိညာဉ်က ကုပေးမယ်ထင်တာပဲ"

"သူက နင့်ကို ဆေးကုပေးမှာ မဟုတ်ဘူး၊ အရှင်လတ်လတ် ချုပ်စည်းပေးရင်ပေး၊ ဒါမှမဟုတ် ငါ့လိုပဲ မင်စာတွေ ထိုးပေးလိမ့်မယ်"

မေရီဆိုသော မိန်းကလေးက သူမကိုယ်ပေါ်မှ ခြုံထားသော သွေးစွန်းနေသောအဝတ်ကို ဖယ်ပြလေသည်။

ထိုအခါ တစ်ကိုယ်လုံးမှာ မင်စာများ ရှိနေသည်ကို တွေ့ရလေသည်။

"အဲဒါတွေက ဘာတွေလဲဟင်၊ နင့်ကို ဘယ်သူလုပ်ပေးထားတာလဲ"

"ဒေါက်တာဆင်းနား လုပ်ပေးထားတာ"

"ဘာကြောင့် အဲသည်လို လုပ်ပေးတာလဲဟင်"

"ဝိညာဉ်ဘဝနဲ့ တစ်သက်လုံး ကျိန်စာတွေ မိနေအောင်လို့ ကျိန်စာတွေ ရေးထားပေးခဲ့တာပါ"

"နင်က ဘာကြောင့် အဲသည်လို လုပ်တာကို လက်ခံရတာလဲ"

ထိုအခါ မေရီဆိုသော မိန်းကလေးက စိတ်မကောင်းသော အသံဖြင့် ပြောပြသည်။

"သူတို့ လုပ်နေတဲ့အချိန်မှာ ငါဘာမှမသိပါဘူး၊ သတိပြန်ရလာတဲ့အချိန်ရောက်မှ တစ်ကိုယ်လုံး အခုလို ဆေးတွေ ထိုးပေးထားတာကို တွေ့ရတာပဲ"

ဝေလမှာ အတော့်ကို စိတ်ပျက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတင်မဟုတ်ပါဘူး. . . ငါ့ရဲ့မိသားစုတွေလည်း ဒီလိုပဲ ခံခဲ့ကြရတယ်၊ အသက်မသေသေးဘဲနဲ့ ကျပ်စည်းခံရသူတွေ၊ မံမီရုပ်အလောင်းတွေ လုပ်တာ ခံကြရတယ်၊ ငါအစ်ကို မိုဟန်ဆိုရင် တစ်ကိုယ်လုံး မီးလောင်ခံရပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရတယ်"

သည်တော့မှ မိုဟန်နှင့် မေရီတို့မှာ မောင်နှမဖြစ်မှန်း သိရသဖြင့် စောစောကလောက်တော့ ကြောက်ရွံ့မှု မဖြစ်တော့ပေ။

"နင်တို့အကြောင်းသိရတာ စိတ်မကောင်းပါဘူး၊ အခု သူတို့ကရော ဘယ်မှာရှိနေကြသလဲ"

"သူတို့လည်း ဒီအိမ်ထဲမှာပဲ ရှိနေကြသေးတယ်၊ ငါတို့မိသားစုတွေအပြင် တခြားလူတွေလည်း အများကြီး ဒီမှာပဲ ရှိနေကြသေးတယ်"

"ဘာကြောင့် တခြား မသွားကြတာလဲဟင်"

"သွားလို့မရလို့ ဒီမှာပဲ နေကြရတာ၊ ဒေါက်တာဆင်းနားက ဝိညာဉ်တွေကို တခြားထွက်သွားလို့မရအောင် ဒီမှာပဲ ချုပ်လှောင်ထားခဲ့တယ်၊ ဒါကြောင့် မနေချင်ဘဲ နေကြရတာပါ"

"နင်တို့ ဒီနေရာက လွတ်လွတ်လပ်လပ် သွားခွင့်ရအောင် ဘယ်လိုလုပ်ပေးရင် ရမလဲဟင်"

တကယ်တော့ ဝေလအနေဖြင့် ဘာမှလုပ်ပေးနိုင်သည်တော့ မဟုတ်ပေ။

သို့စေကာမူ စိတ်ထဲမှာ လုပ်ပေးချင်သောဆန္ဒ ရှိသဖြင့်သာ မေးလိုက်ခြင်းဖြစ်လေသည်။

"နင်လုပ်ပေးလို့ မရနိုင်ပါဘူးဟာ၊ ဝိညာဉ်လှောင်အိမ်ထဲမှာ ထည့်ထားတဲ့ ငါတို့ရဲ့ဝိညာဉ်တွေကို လွတ်လပ်ခွင့်ပေးမှ ဒီကနေ ထွက်သွားခွင့် ရမှာပါ"

ဟု ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု နင်ဘာလာလုပ်တာလဲ၊ ငါ ဘာအကူအညီ ပေးရမလဲ ဟင်"

"ငါ နင့်ကိုယ်ထဲကို ခဏဝင်နေချင်လို့ လာတာပါ၊ ငါ့ကို ခဏ ဝင်နေခွင့်ပေးပါနော်"

"ဘယ်လိုဝင်မှာလဲဟင်"

"နင်က ခွင့်ပေးရင် ငါဝင်လို့ရပါတယ်၊ ငါဝင်လိုက်ရင် နင်ရဲ့ ရောဂါတွေလည်း သက်သာသွားမှာပါ"

ထိုစကားကိုတော့ ဝေလ စိတ်ဝင်စားသည်။

သူ့ခန္ဓာကိုယ်အတွင်းသို့ မိုဟန်၏ဝိညာဉ် ဝင်ရောက်သော အခါတွင် ရောဂါများ သက်သာပျောက်ကင်းသွားသည်ကိုလည်း သက်တွေ့သိခဲ့ရသဖြင့် သဘောတူလိုက်သည်။

"နင်ဝင်ချင်လည်း ဝင်နေပေါ့"

ထိုသို့ ခွင့်ပေးလိုက်သည်နှင့် မေရီဆိုသော မိန်းကလေး၏ ဝိညာဉ်က သူ့ကိုယ်ထဲသို့ ဝင်လာလေသည်။

ထိုသို့ဝင်လာသည်နှင့် အိပ်ပျော်သကဲ့သို့ ဖြစ်လာလေသည်။

ထိုအချိန်မှာပင် သူ့တစ်ကိုယ်လုံး ထူးဆန်းသော ဆေးမင်စာများ ပေါ်လာသည်ကိုတော့ ဝေလတစ်ယောက် မသိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

# ကြောက်မက်ဖွယ်ရာ နတ်ဆိုးကျိန်စာ

**နောက်**တစ်နေ့ နံနက်ပိုင်းအချိန်မှာ မြေအောက်အခန်းဆီမှ စူးစူးဝါးဝါးအော်သံများ ပေါ်ထွက်လာသည်။

ထိုအော်သံများ ကြားရသောကြောင့် မြေအောက်အခန်းသို့ ဘပျာကယာ ဆင်းကြည့်ကြလေသည်။

အောက်သို့ ရောက်သောအခါ ခုတင်ပေါ်မှာ အဝတ်များတစ်ကိုယ်လုံး ပတ်ပြီး လူးလှိမ့်နေသော ဝေလကို တွေ့မြင်ကြရသည်။

"ဝေလ. . . ဝေလ. . . ဘာဖြစ်တာလဲ"

"အား. . . နာတယ်ဗျ၊ တစ်ကိုယ်လုံး မခံမရပ်နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



နာနေတယ်. . . လုပ်ကြပါဦး”

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က အနားကပ်သွားပြီး ကိုယ်ပေါ်မှ ပတ်ထားသောအဝတ်များကို ဖယ်ကြည့်လိုက်လေသည်။

“ဟာ. . .”

“ဟယ်. . . ဘယ်လိုဖြစ်တာလဲ”

“တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေချည်းပါလား”

ဟု အထိတ်တလန့် ရေရွတ်လိုက်ကြလေသည်။

ဝေလကိုယ်ပေါ်မှာ ဆေးမင်စာများ ပေါ်နေပြီး အချို့နေရာများမှ သွေးများ ထွက်နေလေသည်။

“ဘယ်လိုဖြစ်တာလဲ ဝေလ၊ မင်းကိုယ်ပေါ်က ဆေးမင်စာတွေက ဘယ်လိုပေါ်လာတာလဲ”

“ကျွန်တော့်ကိုယ်ထဲကို မေရီဆိုတဲ့ ကောင်မလေး ဝင်သွားတယ်၊ သူ့တစ်ကိုယ်လုံးမှာ အဲဒီလို စာတွေအများကြီး တွေ့ရတယ်၊ သူဝင်သွားပြီး သူ့ကိုယ်ပေါ်မှာ တွေ့ရတဲ့စာမျိုးတွေ ကျွန်တော့်ကိုယ်ပေါ်မှာ ပေါ်လာတော့တာပါပဲ၊ ကယ်ကြပါဦးဗျ. . . တစ်ကိုယ်လုံး နာလို့ မခံနိုင်အောင် ဖြစ်နေပါပြီ”

ထိုသို့အော်နေသဖြင့် ၎င်း၏နာကျင်မှု သက်သာစေရန် အိပ်ဆေးတိုက်၍ သိပ်ထားလိုက်လေသည်။

“အဲဒါ ဘယ်လိုဖြစ်တာလဲ ဆရာ”

“ဒီမှာရှိနေတဲ့ဝိညာဉ်က သူ့ကိုယ်ထဲ ရောက်နေတယ်၊ ဝိညာဉ်ချင်း ပူးကပ်ခံရတဲ့သဘောမျိုးပါပဲ၊ သာမန်လူတွေ နားလည်အောင်ပြောရရင်တော့ ပြင်ပ ပယောဂတွေရဲ့ဝင်ရောက်ပူးကပ်တာကို ခံရတာမျိုးပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဘယ်လိုလုပ်ကြမလဲဟင်၊ သူ တစ်သက်လုံး ဒီလိုပဲ ခံနေရမှာလား"

"လောလောဆယ်တော့ ဝိညာဉ်ခံစားနေရတဲ့ ဝေဒနာတွေကို သူ ခံနေရတာပါပဲ၊ အဲဒီဝိညာဉ် သူ့ကိုယ်ထဲက ပြန်ထွက်သွားရင်တော့ သူ သက်သာသွားမှာပါ"

ဟု ပြောပြီး အပေါ်သို့ ပြန်တက်ခဲ့ကြလေသည်။

အပေါ်ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က ပြောသည်။

"ကျွန်တော်တို့ ဒီအတိုင်း နေလို့တော့ မရဘူး၊ ဒီနေရာအကြောင်းကို သိတဲ့လူတစ်ယောက်ကို မေးမြန်းပြီး ဒီနေရာအကြောင်းကို သိအောင်လုပ်မှ ဖြစ်မယ်၊ ဝေလအတွက် တစ်ခုခု လုပ်မပေးနိုင်ဘူး ဆိုရင်တော့ သူသေသွားနိုင်တယ်"

ထိုသို့မေးသောအခါ ကေသရီက အနည်းငယ် စဉ်းစားပြီး ပြောသည်။

"ဒီအကြောင်းတွေကို အတော်များများ သိနိုင်တဲ့ လူတစ်ယောက်တော့ ရှိပါတယ်၊ သူ့နာမည်က နတ်ဆရာ အဘီဂျာလို့ ခေါ်တယ်"

ထိုနာမည်ကို ကြားသောအခါ သုသာန်ဟောင်းနေရာမှာ တွေ့လိုက်သော လောင်းကွတ်အကျီရှည်နှင့်လူကို ချက်ချင်းသတိရ လိုက်လေသည်။

"သူ့ကို ဘယ်နေရာမှာတွေ့နိုင်မလဲ"

"သုသာန်ဟောင်းနေရာမှာတော့ အမြဲလိုလို တွေ့ရတာပဲ အဲဒီမှာ ရှိနိုင်မယ်ထင်တယ်"

ဟု ပြောလိုက်သဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတို့နှစ်ယောက် သုသာန်ဟောင်း ရှိရာသို့ ထွက်ခဲ့ကြလေသည်။

သုသာန်ဟောင်း နေရာတစ်ဝိုက်မှာတော့ မြေကျင်းဟောင်းများ၊ ဖြိုဖျက်ထားသော အုတ်ဂူပျက်များမှလွဲပြီး နတ်ဆရာ အဘီဂျာ၏ အရိပ်အယောင်ကိုမှ မတွေ့ရပေ။

သို့ကြောင့် နှစ်ယောက်သား ဒေါက်တာဆင်းနား အုတ်ဂူရှိရာ ဘက်သို့ ဆက်လျှောက်လာကြသည်။

ထိုနေရာရောက်တော့မှ အုတ်ဂူနောက်ဘက်မှ ထွက်လာသော နတ်ဆရာ အဘီဂျာကို တွေ့ရသည်။ သူက ဒေါက်တာမင်းထင်ကျော်တို့ကို မြင်သောအခါ ပြုံးပြ လေသည်။

"ဘယ်လိုလဲ မိတ်ဆွေတို့၊ အရင်ကတော့ ကျုပ်ကို မကောင်းဆိုးဝါးတစ်ယောက်လို့ ထင်နေကြတယ် မဟုတ်လား၊ အခုတော့ ကျုပ်နဲ့ တွေ့ဖို့ လိုအပ်လာပြီ မဟုတ်လား"

ဟု ပြောရင်း ဂူအနောက်ဘက်မှ ထွက်လာသည်။

ဒီတစ်ကြိမ်မှာတော့ ဒေါက်တာမင်းထင်ကျော်အနေနှင့် နတ်ဆရာ အဘီဂျာကို သူတို့အတွက် အနှောင့်အယှက်ပေးမည့်သူ တစ်ယောက်အနေနဲ့ မမြင်တော့ပေ။

"ဟုတ်ပါတယ်. . . ခင်ဗျားနဲ့ တွေ့ရအောင် လာတာပါပဲ"

ဟု ပြောပြီး ဝက်သစ်ချပင်ကြီးတစ်ပင်အောက်၌ သုံးယောက်သား ထိုင်လိုက်ကြသည်။

"ကျုပ်နဲ့ တွေ့ချင်တယ်ဆိုရအောင် ဘယ်လိုအကြောင်းကိစ္စများ ရှိကြလို့လဲ"

"ဒေါက်တာဆင်းနားနှင့် ပတ်သက်ပြီး ခင်ဗျား ဘာတွေသိထားသလဲ၊ သူနေတဲ့အိမ်နဲ့ ပတ်သက်ပြီးတော့ ဘာတွေများ သိထားသလဲ အဲ့ဒါ သိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နတ်ဆရာအဘိုးကြီးက သူသိသမျှ ပြောပြလေသည်။

"ဒေါက်တာဆင်းနားဆိုတာ ဆေးပညာနဲ့ ပတ်သက်ရင်တော့ ထူးချွန်ထက်မြက်တဲ့ လူတစ်ယောက်ပါပဲ၊ ရှေးတုန်းက ရှိခဲ့တဲ့ အစ်ဗီ ဆင်းနားလို ဆရာဝန်တစ်ယောက်ပါပဲ"

"ဟုတ်ပါတယ်"

"ဒါပေမယ့် လူဆိုတာ တော်တာရှိသလို လွဲမှားတဲ့အတ္တမျိုးတွေ လည်း ရှိတာပေါ့၊ ဒေါက်တာဆင်းနားက ဆေးပညာမှာ အယူအဆ တော်သလို သုတေသနပြုတဲ့ကိစ္စတွေကိုလည်း ဝါသနာပါခဲ့တယ်"

"ဒါမျိုးတွေလည်း အတော်များများ ရှိခဲ့တာပါပဲ"

"သူဝါသနာပါပုံက တစ်မျိုးဗျ၊ အသက်သေခါနီးတဲ့ လူနာတွေ ကို အရှင်လတ်လတ် ကျပ်စည်းထားပြီး သူအလိုရှိတဲ့အချိန်မှာ အသက် ပြန်ဝင်လာအောင် ပြုလုပ်ချင်နေတာမျိုးဗျ"

ထိုစကားကြားသောအခါ နှစ်ယောက်သား တအံ့တဩ ဖြစ် သွားရုံမက ထိတ်လန့်မှုလည်း ဖြစ်သွားကြသည်။

"ကြောက်စရာကောင်းတဲ့ အကြံအစည်မျိုးပါလား၊ သူ ဒီလို လုပ်နေတာကို သက်ဆိုင်တဲ့ ကာယကံရှင်တွေက ဘယ်သူမှ မတားဆီး ခဲ့ကြဘူးလား"

"ဒီကိစ္စတွေကို ဘယ်သူမှ မသိခဲ့ကြပါဘူး၊ သူကလည်း ဘယ် သူမှ မသိအောင် လုပ်ခဲ့တာကိုး၊ အရင် ဒီမှာ ဆေးရုံဟောင်း ရှိတယ်၊ ဒေါက်တာဆင်းနား ရှိတုန်းကတော့ အတော့်ကို စည်ကားနေတဲ့နေရာ တစ်ခုပေါ့ဗျာ"

ခေါင်းညိတ်ပြလိုက်ကြသည်။

"ဆေးရုံမှာ သေသွားတဲ့လူတွေကို ခေါင်းသွင်းပြီး ဆေးရုံနဲ့ ဝေးတဲ့သုသာန်ကို ပို့ပြီးတော့ မြေမြှုပ်သင်္ဂြိုဟ်ကြတယ်၊ ဒီကိစ္စကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဆင်းနား စေခိုင်းထားတဲ့ တပည့်တွေကပဲ တာဝန်ယူပြီး လုပ်ကိုင်ပေးကြရတယ်"

"အင်း. . . ပြောပါဦး"

"ဒါကလည်း နှစ်အတော်ကြာအောင် လုပ်ခဲ့တဲ့ကိစ္စတွေ ဆိုတော့လည်း ဘာမှမထူးဆန်းတဲ့ကိစ္စတစ်ခုလို့ပဲ သဘောထားခဲ့ကြတယ်၊ ဒါပေမယ့် အခုနောက်ပိုင်းရောက်လာတဲ့အခါကျတော့ အရင်က မထူးဆန်းခဲ့တဲ့ကိစ္စတွေဟာ ထူးဆန်းလာတော့တာပါပဲ"

"ဘယ်လိုများ ထူးဆန်းလာတာလဲဗျ"

"လွန်ခဲ့တဲ့နှစ်က မြို့နယ်နိမိတ်ကို တိုးချဲ့ဖို့ လုပ်ကြတော့ သုသာန်ဟောင်းကို နေရာရွှေ့လိုက်ကြတယ် အခုမြင်နေရတဲ့နေရာပေါ့"

နတ်ဆရာက သုသာန်ဟောင်းနေရာကို လက်ညှိုးထိုးပြသဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဆက်ပြောပါဦး"

"သုသာန်ဟောင်းကို နေရာရွှေ့ကြတော့ အုတ်ဂူတွေကို ဖြိုဖျက်၊ မြှုပ်ထားတဲ့ ခေါင်းတလားတွေကို ပြန်ဖော်ကြရတာပေါ့၊ ခေါင်းတွေကို ဖွင့်လိုက်တော့ ဘာတွေတွေ့ရမယ်လို့ ခင်ဗျားတို့ ထင်သလဲ"

"အရိုးကျနေတဲ့ အရိုးစုတွေပဲ တွေ့ရမှာပေါ့"

"အားလုံးကတော့ ဒီလိုပဲ ထင်ခဲ့ကြတာပေါ့ဗျာ၊ တကယ်တမ်း ခေါင်းတွေကို ဖွင့်ကြည့်ကြတော့ လူအရိုးစုတွေ မတွေ့ရဘူး၊ သဲအိတ်တွေပဲ တွေ့ကြရတယ်"

"ဟင်. . ."

"ဒါဖြင့် အတွင်းမှာ ထည့်ထားတဲ့ လူသေအလောင်းတွေက ဘယ်ရောက်သွားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကတော့ ဘယ်သူမှ မသိတဲ့အချက်ပဲပေါ့ဗျာ၊ လူသေ ထည့်ထားတဲ့ ခေါင်းတလားထဲမှာ အလောင်းမရှိဘဲ သဲအိတ်တွေပဲ ရှိနေတယ်ဆိုတော့ လူသေအလောင်းတွေက တစ်နေရာမှာ ရှိချင်ရှိနေမှာပေါ့"

နတ်ဆရာက ထိုစကားကို သာမန်အနေအထားမျိုးဖြင့် ပြောနေသော်လည်း သူကိုယ်တိုင်က စိတ်ဝင်စားဟန်ရှိနေသည်။

"ဒီကိစ္စက သာမန်တော့ မဟုတ်ဘူးဗျ၊ တစ်မြို့လုံးက စိတ်ဝင်စားနေတဲ့ကိစ္စပဲ၊ တကယ်လို့သာ ဒေါက်တာဆင်းနား ရှိနေသေးတယ်ဆိုရင် သူ့ကို မေးကြည့်ရင် သိချင်သိနိုင်မှာပေါ့၊ အခု သူလည်း သေသွားတာ ကြာပြီဆိုတော့ မသိနိုင်တော့ဘူး၊

ဒေါက်တာဆင်းနားက သူသေသွားတောင် လူတွေအတွက် ပဟေဠိတွေ ထားခဲ့တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ဗျာ"

ဒေါက်တာမင်းထင်ကျော် အပျက်အစီးများဖြင့် ရှုပ်ထွေးနေသော သုသာန်ဟောင်း ရှိရာသို့ လှမ်းကြည့်နေသည်။

"အခု ကျုပ်ပြောတာတွေက အားလုံးအမှန်တွေချည်းပဲဗျ၊ ဒီကိစ္စကို ခင်ဗျားတို့ရော ဘယ်လိုထင်သလဲ"

ဟု မေးသည်။

"ခင်ဗျားပြောတဲ့အတိုင်းသာ ခေါင်းတလားတွေထဲမှာ သဲအိတ်တွေပဲ ရှိနေတယ်ဆိုရင်တော့ လူသေအလောင်းတွေက တစ်နေရာမှာပဲ ရှိနေမှာ သေချာတာပေါ့"

"ဘယ်နေရာဖြစ်မယ်ထင်လဲ"

"ဒီပတ်ဝန်းကျင် တစ်နေရာမှာပဲ ဖြစ်မှာပေါ့ဗျာ၊ ကျွန်တော်တို့ အခု ခင်ဗျားနဲ့ တွေ့ရအောင် လာတာလဲ ဒီကိစ္စတွေ ပါတယ်"

"ကျုပ်က ဘာလုပ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာဆင်းနား နေသွားတဲ့ အိမ်မှာ ဆေးကုခံဖို့ လာကြတဲ့သူတွေကို မကြာခဏ ဝိညာဉ်တွေက လာရောက်ပူးကပ်နေတယ်ဗျ"

"ဒါကတော့ အဆန်းမှ မဟုတ်ပဲဗျာ၊ ဒေါက်တာဆင်းနား နေသွားတဲ့ ကာလတစ်လျှောက်လုံးမှာ အဲ့ဒီမှာ လူနာတွေ အများကြီး သေသွားခဲ့တာပဲ၊ ဝိညာဉ်တွေကတော့ ရှိချင်ရှိမှာပေါ့၊ သူတို့ကို မရှိစေချင်ရင်တော့ သူတို့နဲ့ ပတ်သက်တဲ့အရာမှန်သမျှတွေကို ဖယ်ပစ်ရမှာပေါ့"

နတ်ဆရာအဘီဂျာ၏စကားသည် များစွာဆီလျော်သည့် စကားမျိုးဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော် တွေးမိသောအချက်နှင့်လည်း တူလေသည်။

"ဒီအိမ်ထဲမှာ ဝိညာဉ်တွေနဲ့ သက်ဆိုင်တဲ့ပစ္စည်းတွေ ရှိပုံရတယ်၊ အဲ့ဒီပစ္စည်းတွေကို ဖယ်ပစ်ချင်တယ်၊ ခင်ဗျားအကူအညီပေးပါ"

ဒေါက်တာမင်းထင်ကျော်စကားကို နတ်ဆရာလည်း လက်ခံသည်။

"ကျုပ်လည်း ဒီကိစ္စကို အကူအညီပေးချင်ပါတယ်၊ ဒါပေမယ့် လူတွေက ကျုပ်ပြောတဲ့စကားတွေဆိုရင် သိပ်ပြီးလက်မခံကြဘူးဗျ"

ထို့နောက်မှာတော့ နတ်ဆရာအဘီဂျာက ၎င်းအသုံးပြုသော ဆေးပစ္စည်းများ ထည့်ထားသောအိတ်ကို ယူပြီး ဒေါက်တာမင်းထင်ကျော်တို့နှင့် လိုက်လာသည်။

ထိုအိမ်သို့ ပြန်ရောက်သောအခါ ညနေပိုင်းအချိန် ရောက်နေချေပြီ။ ဒေါက်တာမင်းထင်ကျော်တို့ ပြန်ရောက်လာသောအခါ ကေသီက ပြောသည်။

"ဆရာတို့ ဘယ်သွားနေကြတာလဲဟင်၊ ကျွန်မတော့ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



နေရတာ တဖြည်းဖြည်းနဲ့ ကြောက်လာပြီ"

"ကိစ္စတစ်ခုရှိလို့ အပြင်ခဏသွားနေတာပါ၊ ဒီမှာ ဘာတွေဖြစ်နေလို့လဲ"

"မြေအောက်အခန်းထဲက ဝေလရဲ့အော်သံတွေ ကြားနေရတယ်၊ အပေါ်ကို ခေါ်နေတော့လည်း မလာဘူး၊

ကျွန်မလည်း အောက်ကို မဆင်းဝံ့တာနဲ့ ဆရာတို့ကို စောင့်နေတာ"

"သိပ်လည်း မစိုးရိမ်ပါနဲ့ မကေသရီ၊ ဝေလရဲ့ရောဂါက မမျှော်လင့်ဘဲ ပျောက်ချင်ပျောက်သွားမှာပါ"

"ဟို. . . ကိုယ်ပေါ်မှာ ပေါ်နေတဲ့စာတွေကရော ဒီလိုပဲ ပေါ်နေမှာလားဟင်၊ ဒီအတိုင်းသာဆိုရင်တော့ အသက်ရှင်နေလည်း လူတောထဲ လာဝံ့မှာ မဟုတ်တော့ဘူး"

ထိုသို့ပြောပြီး မျက်ရည်စများကို ပဝါဖြင့် တို့သုတ်နေသည်။

"ဒီလိုလည်း တွေးလို့လည်း မရသေးပါဘူး၊ ကျွန်တော်တို့လည်း အစွမ်းကုန် ကြိုးစားပေးပါ့မယ်၊ ကံကောင်းရင်တော့ သူ့ရောဂါတွေ ပျောက်သွားမှာပါ"

ကေသရီက ခေါင်းညိတ်ပြသည်။

ဒေါက်တာမင်းထင်ကျော်ကိုလည်း ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်နေသည်။ ထို့နောက်မှာတော့ နတ်ဆရာကိုပါ ခေါ်ပြီး မြေအောက်ခန်းသို့ ဆင်းကြလေသည်။

နတ်ဆရာမှာ မြေအောက်အခန်းသို့ ရောက်သောအခါ များစွာအံ့ဩနေဟန်ရှိလေသည်။

မြေအောက်ခန်းထဲမှာ အမှောင်ရိပ်များ သမ်းနေသည်။ ဝေလ ရှိသောနေရာဘက်မှ ညည်းညူသံများကိုလည်း မသဲ



www.burmeseclassic.com

www.burmeseclassic.com



မကွဲ ကြားကြရသည်။

ထိုအခန်းတွင်းရောက်တော့ နတ်ဆရာက ပြောသည်။

“ဒီအခန်းထဲမှာ သူတို့ရှိနေကြတာကိုး”

“ဘာတွေလဲဗျ”

“ဝိညာဉ်တွေလေ . . မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်တွေ အများကြီးပဲဗျ”

“ဒါဖြင့် သူတို့နဲ့ ပတ်သက်တာတွေလည်း ရှိမှာ သေချာပါတယ်”

ထို့နောက် သုံးယောက်သား ဝေလခုတင်ရှိရာသို့ သွားကြည့်ကြသည်။

ဝေလမှာ တစ်ကိုယ်လုံး အဝတ်ဖြင့် ပတ်ထားပြီး တဟင်းဟင်းနှင့် ညည်းညူကာ ငြိမ်သက်နေသည်။

သူတို့ အနီးရောက်သွားတော့မှ မျက်စိဖွင့်ကြည့်သည်။

“သက်သာရဲ့လား ဝေလ”

ခေါင်းခါပြသည်။

“မင်းကိုယ်ပေါ်မှာ ပေါ်နေတဲ့စာတွေကရော ပျောက်သွားပြီလား”

ဝေလက လှဲနေရာမှ ထပြီး ကိုယ်ပေါ်မှ အဝတ်ကို ဖယ်ပြလေသည်။ အလင်းရောင်က နည်းနေသော်လည်း ၎င်းကိုယ်ပေါ်မှ ထင်ထင်ရှားရှား ပေါ်နေသော စာလုံးများကိုတော့ မြင်ကြရသည်။

နတ်ဆရာအဘိဂျာက ဝေလကိုယ်ပေါ်မှာ ပေါ်နေသော စာလုံးများကို အသေအချာ ငုံ့ဖတ်ကြည့်ပြီး အထိတ်တလန့်နှင့် နောက်သို့ ပြန်ဆုတ်လိုက်သည်။

“ဘာဖြစ်လို့လဲ”

“ဒါ ရှေးဟောင်းကျိန်စာတွေဗျ၊ ဒီကျိန်စာတွေ ရှိနေသရွေ့



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်တွေဟာ ဘယ်တော့မှ လွတ်လပ်ခွင့် ရတော့မှာ မဟုတ်ဘူး၊ ဒါ နတ်ဆိုးကျိန်စာတွေပဲ”

“နတ်ဆိုးကျိန်စာတွေက သူ့ရဲ့ကိုယ်ပေါ်မှာ ဘယ်လို လာပေါ်နေတာလဲ”

“သေဆုံးသွားတဲ့ လူတစ်ယောက်ရဲ့ကိုယ်ပေါ်မှာ ဒီလို ကျိန်စာတွေ ရှိနေလိမ့်မယ်၊ အဲ့ဒီလူရဲ့ဝိညာဉ်က သူ့ကိုယ်ထဲမှာ ရောက်နေပြီထင်တယ်”

“ဒီတော့ ဘယ်လိုလုပ်ကြမလဲ”

“ဒါဟာ အန္တရာယ်ရှိနိုင်တဲ့ကိစ္စမျိုးပဲ၊ ဒီအိမ်ထဲမှာလည်း သူတို့ရှိနေကြသေးတယ်ဆိုတော့ သူတို့ရဲ့ဝိညာဉ်တွေကို လွတ်လပ်ခွင့်ရအောင် လုပ်မပေးနိုင်မချင်း လူတွေကို ဒုက္ခပေးနေမှာပဲဗျ”

“ဒီတော့ ဒီအိမ်မှာ ရှိတဲ့ သူတို့နဲ့ သက်ဆိုင်တဲ့ပစ္စည်းတွေကို တွေ့အောင်ရှာရမှာပေါ့”

ဟု ပြောဆိုပြီးနောက် သုံးယောက်သား နေရာအနှံ့သို့ လိုက်လံရှာဖွေသော်လည်း မတွေ့ကြရပေ။ နောက်ဆုံးမှာတော့ နတ်ဆရာက ပြောသည်။

“ဒီအတိုင်းရှာလို့တော့ တွေ့မှာမဟုတ်ဘူး၊ ဝိညာဉ်နဲ့ သက်ဆိုင်တဲ့ပစ္စည်းတွေကို ဝိညာဉ်တွေကိုပဲ အရှာခိုင်းတာ အကောင်းဆုံးပဲ၊ ညဉ့်နက်ပိုင်း ရောက်တော့မှ အစီအစဉ် စကြတာပေါ့. . . ကောင်းဘူးလား”

ဟု ပြောပြီး အပေါ်သို့ ပြန်တက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

# နတ်ဆိုးချောင်ဒီမှ ဝိညာဉ်များ

အချိန်က သန်းခေါင်ယံအချိန်ဘက် နီးလာပြီဖြစ်သော ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးလွှမ်းနေလေသည်။

ဆေးရုံနေရာဟောင်းနှင့် ၎င်းတို့နေသော နေအိမ်တစ်ဝိုက်မှာ ညည်း တိတ်ဆိတ်ငြိမ်သက်နေသည်။

မြူနှင်းများ ဖုံးလွှမ်းနေသော သုသာန်ဟောင်း ရှိသောနေရာ တ်ဆီမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံများ ပေါ်ထွက်လျက် ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရှိနေသည့် အိမ်ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုက်မှာတော့ ငှက်ဆိုးထိုးသံကဲ့သို့ စူးစူးဝါးဝါး အော်သံများ မကြာခဏ ပေါ်ထွက်လာလေသည်။

ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်းနှင့် အဘိဂျာတို့ သုံးယောက်မှာ အိမ်နှင့် မနီးမဝေးမှာ ရှိသော သစ်ပင်ကြီးတစ်ပင်အောက်၌ ရှိနေကြသည်။

မြေပြန့်ပေါ်မှာ ခုံတစ်လုံး ချထားပြီး ထိုခုံပေါ်မှာ အဝတ်နက်ကြီး ဖြန့်ခင်းထားလေသည်။

ထိုအဝတ်နက်အပေါ်မှာတော့ အဘိဂျာ အသုံးပြုသော ပစ္စည်းအချို့ တင်ထားလေသည်။

၎င်းတို့မှာ နတ်ဆရာတို့ အသုံးပြုလေ့ရှိသော သိဒ္ဓိမြောက်ပစ္စည်းများ ဖြစ်ဟန်ရှိသည်။

အရိုးများ၊ ခါတ်ခဲခြောက်များ၊ ပုတီးစေ့များ၊ ရောင်စုံ ငှက်မွေးများ၊ ဆေးပင်ဆေးမြစ်များနှင့် ပုံပန်းသဏ္ဌာန် အမျိုးမျိုးဖြင့် ထုလုပ်ထားသောရုပ်တုတို့ဖြစ်ကြလေသည်။

ထိုအရုပ်များ တင်ထားပြီးနောက် အဘိဂျာက သီချင်းဆိုသံကဲ့သို့ ထိုသံစဉ်အနိမ့်အမြင့်များပါသော ဂါထာမန္တန်တို့ကို အသံလေးလေးမှန်မှန်ဖြင့် ရွတ်ဆိုနေလေသည်။

အတန်ကြာသောအခါ တဖျပ်ဖျပ်နှင့် လျှောက်လာသော ခြေသံ ကြားရပြီး မနီးမဝေးမှာ လာရပ်သော ဖြူဖြူသဏ္ဌာန်တစ်ခုကို လှမ်းမြင်ရသည်။

"အိမ်ထဲမှာ ရှိတဲ့ ဝိညာဉ်တွေနဲ့ ပတ်သက်တဲ့အကြောင်းတွေကို ဘာသိသလဲ"

". . . . . ."

"မသိရင် . . . သိတဲ့ဝိညာဉ်ကိုသာ လွှတ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသောအခါ ထိုသဏ္ဍာန်က အနီးမှ ပြန်ထွက်သွားလေသည်။

အဘိဂျာက ဂါထာမန္တန်များကို ဆက်ရွတ်နေပြန်သည်။

အတန်ကြာတော့ မည်းမည်းသဏ္ဍာန်တစ်ခု အနားရောက်လာပြန်သည်။

"အိမ်ထဲမှာ ရှိတဲ့ ဝိညာဉ်တွေနဲ့ ပတ်သက်တဲ့အကြောင်းတွေ သိသလား"

"..."

"သိရင် ကျုပ်တို့ကို အကူအညီပေးတဲ့အနေနဲ့ လိုက်ပြပေးပါ"

"......"

ထို့နောက်မှာ မည်းမည်းသဏ္ဍာန်က ဖျတ်ခနဲ ပျောက်ကွယ်သွားလေသည်။

အတန်ကြာသောအခါ ၎င်းတို့အပေါ်မှာ ပျံဝဲနေသည့် လင်းနို့တစ်ကောင်ကို သတိပြုမိကြသည်။

"သူရောက်လာပြီ... သွားကြရအောင်"

ဟု ပြောသဖြင့် သုံးယောက်သား အိမ်ထဲသို့ ပြန်ဝင်ခဲ့ကြလေသည်။

အိမ်ထဲ ရောက်သောအခါမှာတော့ ထူးခြားမှု မတွေ့ရသော်လည်း မြေအောက်ခန်းသို့ ရောက်သောအခါမှာတော့ အပြင်မှာ တွေ့ခဲ့ရသော လင်းနို့ကို ပြန်တွေ့ကြရသည်။

ထိုလင်းနို့က အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် ပျံနေပြီး အခန်းနံရံထောင့်တစ်နေရာ၌ သွားကပ်နေသည်။

အဘိဂျာက ထိုနေရာသို့ သွားကြည့်သောအခါ အင်္ဂတေနံရံကိုသာ တွေ့ရပြီး အခြားထူးခြားမှု ဘာမှမတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က အုတ်နံရံကို လက်ဖြင့် ပုတ်ကြည့် သောအခါ တစ်နေရာတွင် လိုဏ်ခေါင်းသံ ပေါက်နေသည်ကို သတိပြုမိ သဖြင့် ရဲတင်းတစ်လက်ဖြင့် ထုကြည့်သောအခါ အုတ်နံရံ ပြိုကျသွားပြီး အပေါက်ကြီး ပေါ်လာသည်။ အတွင်းသို့ ငုံ့ကြည့်တော့ ဘာမှမမြင်ရ ပေ။

ဒေါက်တာမင်းထင်ကျော်က အတွင်းသို့ လက်ဖြင့် စမ်းကြည့် တော့လည်း ဘာမှမတွေ့ရပေ။

သို့ကြောင့် အတွင်းသို့ ကိုယ်တစ်ပိုင်းသွင်းပြီး လက်ဖြင့် စမ်း ကြည့်သောအခါ အရိုးကျနေပြီဖြစ်သော လူအရိုးခေါင်းတစ်လုံးနှင့် အရိုးများကို တွေ့ရသည်။

ထိုနေရာနှင့် မနီးမဝေးမှာ အိုးတစ်လုံး တွေ့ရသဖြင့် ဆွဲယူပြီး နောက်မှလူများကို ပေးလိုက်သည်။

နောက်ထပ်စမ်းကြည့်သောအခါ စာအုပ်တစ်အုပ်နှင့် သေတ္တာ တစ်လုံးကို တွေ့ရပြန်သဖြင့် တစ်ခုပြီးတစ်ခု ဆွဲထုတ်ပြီး နောက်သို့ ပေးလိုက်သည်။

နောက်ထပ် စမ်းကြည့်တော့လည်း ဘာမှမတွေ့ရတော့မှ အပြင်သို့ ပြန်ထွက်လိုက်လေသည်။

သူ အပြင်ပြန်ထွက်လာတော့ စောစောက အခန်းထဲမှာ ဖွဲ့ဝဲ နေသောလင်းနို့ကို မတွေ့ရတော့ပေ။

သုံးယောက်သား ထိုပစ္စည်းများကို မီးရောင်အောက်သို့ ယူလာ ပြီး ကြည့်ကြလေသည်။

စာအုပ်ထဲမှာ ပါသော မှတ်တမ်းများကတော့ အခြားမဟုတ် ပေ။ သေဆုံးသွားခဲ့သော လူများ၏အမည်စာရင်းနှင့် ၎င်းတို့၏မှတ် တမ်းများပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် ထူးထူးခြားခြား မိသားစု(၆)ယောက်တို့၏ အမည်စာရင်းနှင့် မည်သို့မည်ပုံ သေဆုံးခဲ့ရသည့် မှတ်တမ်းကို တွေ့ရသည်။

ထို(၆)ယောက်၏အမည်စာရင်းထဲမှာ ဝေလ ပြောပြသည့် အထဲမှာပါသည့် မေရီနှင့်မိုဟန်တို့၏အမည်များ ပါသည်ကို သတိပြုမိသေးသည်။

"ဝေလကို နှောင့်ယှက်နေတဲ့ မိသားစုတွေရဲ့ မှတ်တမ်းတွေ ဒီအထဲမှာ ပါတယ်"

ဟု ပြောပြလိုက်သည်။

ထို့နောက် အိုးကို ဖွင့်ကြည့်သောအခါ အရိုးပြာအချို့ကို တွေ့ရသဖြင့် အသေအချာ ပြန်ပိတ်ပြီး တစ်ပေပတ်လည်ခန့်သာ ရှိသော သေတ္တာလေးကို ဖွင့်ကြည့်လိုက်သည်။ အတွင်းမှာတော့ သစ်ရွက်ခြောက်နှင့် တူသော အရေပြားခြောက်များကို တွေ့ရသည်။

"လူတစ်ယောက်ရဲ့အရေပြားတွေနဲ့ တူတယ်၊ ဘယ်နေရာက အရေပြားတွေကို လှီးပြီး သိမ်းထားတာလဲ"

"အဲဒါ တခြားမဟုတ်ဘူး၊ သေတဲ့လူရဲ့မျက်ခွံတွေကို လှီးဖြတ်ပြီး သိမ်းထားတာပဲ"

ထိုစကားကြောင့် အံ့သြသွားကြသည်။

"ဘာကြောင့် မျက်ခွံတွေကို လှီးပြီးသိမ်းထားရတာလဲ"

"သေဆုံးကာနီး လူတစ်ယောက်ရဲ့မျက်ခွံကို လှီးယူလိုက်တော့ မျက်စိပိတ်လို့မရတော့ဘူးပေါ့၊ အဲ့ဒီလိုနဲ့ သေသွားရင် မျက်လုံးပွင့်နေတော့ ဝိညာဉ်တွေ ဘယ်လမ်းသွားရမယ်ဆိုတာ သိနိုင်မြင်နိုင်အောင် လုပ်ကြတဲ့ ဓလေ့တစ်ခုပါပဲ"

"အဆန်းပါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ချက်ကတော့ သေသူရဲ့မျက်ခွံကို ယူထားလိုက်တာကြောင့် သူ့ရဲ့ဝိညာဉ်ကို ထိန်းချုပ်ထားပြီးသားလည်း ဖြစ်တာပေါ့"

"တယ်လည်း ရက်စက်ယုတ်မာပါလား၊ ဒါတွေကို ဘယ်သူက လုပ်ထားခဲ့တာလဲ"

"တခြားဘယ်သူရှိပါ့မလဲဗျာ. . . ဒေါက်တာဆင်းနား မသေခင်က လုပ်ထားခဲ့တဲ့ သူ့လက်ချက်တွေပဲပေါ့"

ဟု အဘီဂျာက ပြောပြသည်။

ထို့နောက် သေတ္တာကို ပြန်ပိတ်လိုက်လေသည်။

"ဒါတွေ ရပြီဆိုတော့ ဘယ်လိုလုပ်မလဲ နတ်ဆရာ"

"တစ်နေရာမှာ သွားပြီး လွတ်ကင်းရာမှာ ပစ်ပေးလိုက်ရင်တော့ ဝိညာဉ်လှောင်အိမ်ထဲမှာ ပိတ်မိနေတဲ့ ဝိညာဉ်တွေတော့ လွတ်မြောက်ခွင့် ရကြမှာ သေချာတယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ဂူပေါက်ထဲမှာ ကျန်နေသော အရိုးစုများကိုပါ အပြင်ထုတ်ပြီး အဝတ်စတစ်ခုဖြင့် ထုပ်ယူလေသည်။

ပြီးလျှင် ထိုပစ္စည်းများကို ယူပြီး ကေသရီတို့ မော်တော်ကားဖြင့် မြို့အပြင်သို့ ထွက်ခဲ့ကြသည်။

ဒေါက်တာမင်းထင်ကျော်က ကားမောင်းပြီး အဘီဂျာက ဘေးမှာ ထိုင်သည်။

ဦးဗန်ကောင်းကတော့ နောက်ဘက်မှ ခုံမှာ ထိုင်လိုက်လာသည်။

တစ်နေရာရောက်တော့ နောက်ကြည့်မှန်ထဲမှာ ပေါ်လာသော ပုလိပ်များကြောင့် များစွာအံ့သြသွားပြီး ကားကို လမ်းနံဘေးမှာ ထိုးရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မောင်ထင်ကျော်"

"ကားပေါ်မှာ သူတို့ပါလာကြပြီ"

"ဘယ်သူတွေလဲ"

ဦးဗန်ကောင်းက သူ့အနောက်ဘက်သို့ လှည့်ကြည့်ရင်းနှင့် မေးသည်။

"တစ်ကိုယ်လုံး မီးလောင်ဒဏ်ရာတွေကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေတဲ့ လူတစ်ယောက်နှင့် တစ်ကိုယ်လုံး ဆေးမင်ကြောင်တွေ ထိုးထားတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ရတယ်"

"ဒီလိုဆိုရင်တော့ သူတို့နဲ့ ပတ်သက်တဲ့ပစ္စည်းတွေ ပါလာလို့ လိုက်လာကြတာ ဖြစ်မယ်၊

ကိစ္စမရှိပါဘူး. . ဆက်သာ မောင်းပါ၊ သူတို့အတွက် ကောင်းကောင်း အောင် လုပ်ပေးတာပဲ၊ ကျုပ်တို့ကို အနှောင့်အယှက်ပေးမယ် မထင်ပါဘူး"

ဟု အဘိဂျာက ပြောသဖြင့် ကားကို ဆက်မောင်းလာလေသည်။

ထိုသို့ထွက်လာပြီး နောက်ကြည့်မှန်မှတဆင့် ကြည့်လိုက်သော အခါ ထိုနှစ်ယောက်၏ပုံသဏ္ဍာန်ကို တွေ့မြင်နေရလေသည်။

နောက်ဆုံး မြို့ပြင်တစ်နေရာ ရောက်သောအခါ အဘိဂျာက ခိုင်းလိုက်သဖြင့် တစ်နေရာတွင် ရပ်လိုက်သည်။ ထိုနေရာတစ်ဝိုက်တွင် တောင်ကုန်းနှင့်သစ်တောကြီးများ ရှိနေသည်။

ယခုလိုအချိန်မျိုးမှာ သစ်တောကြီးများအတွင်းမှ သွားလာနေသည်မှာ အန္တရာယ်များလှသည်။

နှင်းလူများနှင့် ရင်ဆိုင်တွေ့ပါက ပြေး၍ရှောင်၍မရသော အခြေအနေမျိုး ဖြစ်သွားနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်သား ပစ္စည်းထုပ်များကို ယူပြီး သစ်တော အတွင်းမှ လျှောက်လာကြစဉ် နောက်မှ လိုက်လာသည့်ခြေသံများကို အတိုင်းသား ကြားကြရသည်။

လှည့်ကြည့်တော့လည်း အမှောင်ရိပ်များ ဖုံးလွှမ်းနေသော တောထဲမှာ ဘာမှမတွေ့ကြရပေ။

"ဒီတောနက်တွေထဲမှာ နှင်းလူလို့ ခေါ်တဲ့ မီဂိုအီတွေ ရှိတယ် ဒီမှာ တစ္ဆေသရဲတွေထက် သူတို့က ပိုပြီးကြောက်စရာကောင်းတယ်

တစ္ဆေသရဲနဲ့ တွေ့ရင် ဆေးဝါးနဲ့ ကာကွယ်တားဆီးလို့ ရနိုင်ပေ မယ့် အဲဒီမီဂိုအီတွေနဲ့ တွေ့ရင် ဘာနဲ့မှ တားဆီးလို့မရနိုင်ဘူး"

ဟု ဒေသခံဖြစ်သော နတ်ဆရာက ပြောပြလေသည်။

သုံးယောက်သာ အတန်ကြာအောင် ရပ်၍ အခြေအနေ ကြည့်သော်လည်း မထူးတော့မှ ရှေ့သို့ ခရီးဆက်ကြလေသည်။

သူတို့လျှောက်လာတော့ နောက်မှ လိုက်လာသော ခြေသံ အချို့ကို ကြားကြရပြန်သည်။

လှည့်ကြည့်သော်လည်း ထူးထူးခြားခြား ဘာမှမတွေ့ရပေ နောက်ဆုံးမှာတော့ သစ်တောအုပ်အတွင်းမှ ထွက်ပြီး ချောက်ကမ်းပါး စွန်းတစ်ခုသို့ ရောက်လာကြသည်။

အောက်ဘက်၌ တသွင်သွင် စီးနေသော တောင်ကြားမြစ်တစ် စင်းကို တွေ့ရသည်။

"ဒီပစ္စည်းတွေကို မြစ်ထဲ ပစ်ချရမယ်၊ ဒီမြစ်က ဗြဟ္မပုတ္တရမြစ် အထိ ရောက်တယ်"

ထိုသို့ပြောပြီး ယူလာသော ပစ္စည်းများကို ထုတ်လိုက်ကြသည်

မျက်ခွံခြောက်များ ထည့်ထားသောသေတ္တာ၊ အရိုးခြောင်း မှတ်တမ်းစာအုပ်နှင့် အရိုးများ ထည့်ထားသောအထုတ်ပင်ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



ထိုပစ္စည်းများ ထုတ်လိုက်သောအခါမှာ ၎င်းတို့ပတ်ဝန်းကျင်မှာ ပေါ်နေသော မည်းမည်းသဏ္ဍာန်အချို့ကို ဝိုးတဝါး တွေ့ကြရသည်။

ထိုအချိန်မှာပင် တစ်နေရာမှ ပြောလိုက်သော အသံတချို့ကိုပါ ကြားကြရသည်။

"ကျုပ်တို့ရဲ့ဝိညာဉ်တွေကို လွတ်လပ်ခွင့်ရအောင် လုပ်ပေးတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် အိမ်ထဲမှာ ပိတ်မိနေတဲ့ဝိညာဉ်တွေ အများကြီး ကျန်သေးတယ်၊ ကျုပ်တို့က လွတ်လာပြီး သူတို့ ကျန်နေသေးတော့ နေကြမှာမဟုတ်ဘူး"

"ဒီတော့ ဘယ်လိုဖြစ်နိုင်သလဲ"

ဒေါက်တာမင်းထင်ကျော်က လှမ်းမေးလိုက်သည်။

"ပျားတစ်ကောင်ကို အကျီအတွင်းမှာ ထည့်လှောင်ထားရင် အတွင်းက အသားတွေကို အဆိပ်ဆူးနဲ့ ထိုးသလိုပဲ၊

ဝိညာဉ်တွေလည်း အပြင်ထွက်ခွင့်မရရင် အိမ်ထဲမှာ ရှိတဲ့ လူတွေကို ဒုက္ခပေးကြတော့မယ်၊

ခင်ဗျားတို့ အမြန်ပြန်သွားမှဖြစ်မယ်"

ဟု သတိပေးသံ ကြားရသည်။

ထို့နောက်မှာတော့ သုံးယောက်သား ချောက်ကမ်းပါးထိပ်သို့ သွားပြီး အရိုးများကို ပစ်ချခြင်း၊ အရိုးပြာအိုးကို ဖွင့်၍ ပြာများကို သွန်ချခြင်း၊

မျက်ခွံခြောက်များ ထည့်ထားသော သေတ္တာကို သွန်ချခြင်းများ ပြုလုပ်ပြီးနောက် မှတ်တမ်းစာအုပ်ကိုပါ မီးရှို့ပစ်လိုက်လေသည်။

ထိုကိစ္စများ ပြုလုပ်ပြီး၍ နောက်သို့ လှည့်ကြည့်လိုက်သောအခါ အသံလည်း မကြားရတော့။

စောစောက ရှိနေသော ပုံရိပ်သဏ္ဍာန်များလည်း မတွေ့ကြရ



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။

ထိုကိစ္စများ ပြုလုပ်ပြီးသောအခါ သုံးယောက်သား ကားဖြင့် အိမ်ဘက်သို့ ပြန်မောင်းခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

# ပျောက်ကွယ်ခါနေသော မိမိအလောင်းများ

**ဒေါက်**တာမင်းထင်ကျော်တို့ ထွက်သွားပြီးနောက် မြေ
အောက်အခန်းတွင်းမှာ တစ်ယောက်တည်း ကျန်ခဲ့သော ဝေလအဖြစ်
တော့ အတော်ဆိုးလေသည်။

အိပ်ရာပေါ်မှာ အိပ်နေရင်းမှပင် နားထဲ၌ ဆူညံသောအ
များ ကြားလာရသည်။

"ဒိုး. . . ဒိုး. . . ဒိုး"

"ပုန်း. . . ပုန်း. . . ပုန်း"

"ငါတို့ကို လွှတ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို လွှတ်ပေးပါ"

ဟူသောအသံများကို ဆူညံစွာ ကြားလာရခြင်း ဖြစ်လေသည်။ သူကြည့်လိုက်တော့ နံရံ၌ ကပ်ထားသည့် ကျွန်းသားဗီရိုကြီးများကို အတွင်းမှ ထုရိုက်နေသောအသံများအပြင် အတွင်းမှ တွန်းနေသောကြောင့် တလှုပ်လှုပ် ဖြစ်နေသည်ကိုပါ မြင်နေရသည်။

ဝေလ အခြေအနေကို သဘောပေါက်သွားခဲ့ပေပြီ။

ထို့ကြောင့် အိပ်ရာမှထကာ အပေါ်မှ ပတ်ထားသော အဝတ်စကို ဖယ်ပစ်လိုက်သည်။

"ငါက သေလူတစ်ယောက်ပဲ၊ ငါသေသွားလို့လည်း ဘာမှ အကြောင်းမထူးတော့ဘူး၊

ငါ့အမေနဲ့မိသားစုတွေ ဒီအန္တရာယ်က လွတ်အောင် လုပ်မှ ဖြစ်တော့မယ်"

ဟု တစ်ယောက်တည်း ရေရွတ်ပြီးနောက် ခုတင်နံဘေးမှာ အဆင်သင့် ချထားသော ရဲတင်းကြီးကို ကောက်ယူကာ အိမ်အပေါ်သို့ တက်သွားလေသည်။

အောက်ဘက်မှာတော့ အသံများက ပိုမိုဆူညံလာနေပြီ။

အိမ်အပေါ်ထပ် ရောက်သောအခါ အမေ့အခန်းကို အရင် ပုတ်နိုးသည်။

"ဒုန်း . . . ဒုန်း . . . ဒုန်း"

တံခါးပုတ်သံကြောင့် ဒေါ်ခေမာက တံခါးဖွင့်ပေးလိုက်သည်။ တံခါးပွင့်သွားသောအခါ တစ်ကိုယ်လုံး ဆေးမင်စာများ၊ သွေးများ အထင်းသားနှင့် ရဲတင်းကြီး ကိုင်ထားသည့် ဝေလကို မြင်သောအခါ များစွာထိတ်လန့်တုန်လှုပ်သွားသည်။

"ဟဲ့ . . သား ဘယ်လိုဖြစ်လာတာလဲ၊ မေမေ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အမေတွေဘာတွေ မသိဘူး၊ အခုချက်ချင်း ဒီအိမ်က ထွက်သွားပါ၊ မထွက်ရင် ရဲတင်းနဲ့ ခုတ်သတ်မယ်"

ဟု ပြောနေရာ ဘယ်လိုမှ ဖျောင်းဖျပြောဆို၍ မရတော့သဖြင့် ကေသရီအခန်းကို သွားနိုးလေသည်။

ကေသရီကလည်း ရဲတင်းကြီး တပြင်ပြင်နှင့် ကြောက်စရာ ပုံပန်းသဏ္ဌာန်ဖြစ်နေသော ဝေလကို မြင်သောအခါ ထိတ်လန့်တုန်လှုပ်သွားသည်။

"မောင်လေး . . ဝေလ . . နင်ဘယ်လိုဖြစ်လာတာလဲ၊ မေမေနဲ့မမတို့လေ . . . ဘာလုပ်မလို့လဲ"

"အို . . . အဲဒါတွေ ကျုပ်မသိဘူး၊ ခင်ဗျားတို့ အခုချက်ချင်း ဒီအိမ်ထဲက ထွက်ပြေးကြ၊ မပြေးရင် ရဲတင်းနဲ့ ခုတ်သတ်မယ်"

"ဒုန်း . . ."

ဝေလက ပြောပြောဆိုဆိုနှင့် ရဲဒင်းဖြင့် နံရံကို ခုတ်လိုက်ရာ တုန်သွားလေသည်။

ကေသရီတို့သားအမိမှာလည်း ကြောက်ကြောက်လန့်လန့်နှင့် အိမ်ဖော်နှစ်ယောက်ကိုပါ ခေါ်ပြီး အပြင်သို့ ထွက်ပြေးကြရတော့သည်။

"နောက်တစ်ခါ အိမ်ထဲ ပြန်ဝင်လာရင်တော့ အသေသတ်ပစ်မယ်"

ဟု အော်ဟစ်ကြိမ်းမောင်းပြီး တံခါးချက်အားလုံးကို ပိတ်ကာ အတွင်းမှ ချက်ထိုးခြင်း၊ သော့ခတ်ခြင်း၊ ဆိုဖာကုလားထိုင်များ စားပွဲများနှင့် အတွင်းမှ ခံထားကာ အပြင်မှ လူများ မဝင်သာအောင် ပြုလုပ်လေသည်။

ထိုသို့ပြုလုပ်ပြီး ရေနံဆီသံပုံး၊ ဓါတ်ဆီထည့်သော သံပုံးများကို ယူလာပြီးနောက် တစ်အိမ်လုံးအနှံ့ လိုက်ဖျန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓါတ်ဆီပုံးအချို့ကိုလည်း မြေအောက်အခန်းအတွင်းသို့ ယူသွားပြီးနောက် နေရာအနှံ့ လိုက်ဖျန်းပြန်သည်။

ထိုအချိန်၌ မြေအောက်ခန်းထဲမှ အသံများက ပိုမိုဆူညံနေလေပြီ။

"ဒုန်း . . . ဒုန်း . . . ဒုန်း"

"ဗုန်း . . . ဗုန်း . . . ဗုန်း"

"ငါတို့ကို လွှတ်ပေးပါ"

"ငါတို့ကိုလည်း လွှတ်ပေးပါ"

ဟူသောအသံများက ပိုမိုဆူညံလာပြီး နံရံ၌ ကပ်ထားသော ကျွန်းသားဗီရိုကြီးများမှာလည်း ပိုမိုလှုပ်ရှားလာကြလေသည်။

"ငါတို့ကို လွှတ်ပေးပါ"

"အေး . . . လွှတ်ပေးမယ်၊ အခုချက်ချင်း လွှတ်ပေးမယ်"

ဟု ပြောပြီး မီးအိမ်ကို ဖြုတ်ကာ ကြမ်းပြင်ပေါ်သို့ ပစ်ပေါက်ချလိုက်လေသည်။

"ချွမ်"

မီးတောက်များက ရေနံဆီနှင့် ဓါတ်ဆီများ လောင်းထားသော ကြမ်းပြင်ပေါ်သို့ စွဲလောင်လေတော့သည်။

ထိုအချိန်ရောက်မှ အတွင်းမှ တဒုန်းဒုန်း ထုရိုက်နေသော ကြောင့် တလှုပ်လှုပ်ဖြစ်နေသော နံရံကပ် ဗီရိုကြီးများကို ရဲတင်းဖြင့် ပေါက်ခွဲပစ်လေတော့သည်။

"ဒုန်း . . . ဒုန်း . . . ဒုန်း"

အတန်ကြာတော့ ပျဉ်ချပ်များ ကွာကျလေရာ အတွင်းမှ အထပ်လိုက် ထည့်ထားသည့် ကျပ်စည်းထားသော မံမီအလောင်းများကို တွေ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

ပျဉ်ချပ်လန်သွားသောနေရာမှ မံမီအလောင်းများမှာ အောက်သို့ ပြုတ်ကျလာလေသည်။

ဝေလလည်း မထူးတော့ပြီမို့ မြေအောက်ခန်းထဲမှာ ရှိသမျှသော နံရံကပ်ဗီရိုမှ ပျဉ်ချပ်များကို ရဲတင်းဖြင့် ခုတ်၍ ခွာပစ်လေသည်။

"ကဲကွာ. . . ကဲကွာ"

နံရံ၌ ဗီရိုပုံသဏ္ဌာန် ပြုလုပ်ထားသောနေရာမှန်သမျှ အတွင်း၌ မံမီအလောင်းများ ရှိနေကြသည်။

တစ်လောင်းအပေါ်မှာ တစ်လောင်း ဆင့်ထပ်ထားသောကြောင့် ပျဉ်ချပ်ကွာသွားသည်နှင့် အောက်သို့ အထပ်လိုက် ပြုတ်ကျလာလေသည်။

အချို့လည်း ကြမ်းပြင်ပေါ် ရောက်တော့မှ အသက်ဝင်လာသည့်အလား ဒယိမ်းဒယိုင်နှင့် ပြန်ထလာကြလေသည်။

မီးတောက်များကလည်း တစ်အိမ်လုံး နေရာအနှံ့၌ အရှိန်ပြင်းစွာနှင့် တောက်လောင်နေလေပြီ။

ထိုအချိန်မှာ ဒယိမ်းဒယိုင်နှင့် ထလာသော မံမီအလောင်းများက ဝေလကို ပတ်ဝိုင်းကြလေသည်။

ဝေလမှာ လက်ထဲမှ ရဲတင်းနှင့် ခုတ်ရင်းယမ်းရင်းနှင့်ပင် လဲကျသွားလေတော့သည်။

ထိုအခါ မံမီအလောင်းများက လက်များဖြင့် သူ့ကိုယ်ပေါ်သို့ ခိုင်းဖိထားလိုက်ကြသည်။

ထိုသို့ဖိထားရင်းမှာပင် ဝေလမှာ သတိမေ့သွားပြီး ၎င်းကိုယ်ပေါ်မှာ ပေါ်နေသော နတ်ဆိုးကျိန်စာများမှာလည်း တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးတောက်ကြီးများက ထစ်အိမ်လုံး တောက်လောင်နေစဉ်မှာ ဒေါက်တာမင်းထင်ကျော်တို့ ပြန်ရောက်လာသည်။ မီးတောက်အရောင်များကို အဝေးမှ လှမ်းမြင်နေရကတည်းက မိမိတို့ နောက်ကျသွားပြီဟု သိလိုက်ကြသည်။

ထိုနေရာရောက်တော့ ကေသရီက ပြောသည်။

"သူ အထဲမှာ ရှိနေတယ်၊ မောင်လေး အထဲမှာ ရှိနေတယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အိမ်အတွင်းသို့ ဝင်ရန် ကြိုးစားသည်။

တံခါးများကို အတွင်းမှ ပိတ်ထားသောကြောင့် အလွယ်တကူ ဖွင့်မရပေ။

နောက်မှ လူအင်အားနှင့် တွန်းဖွင့်တော့မှ ပြတင်းပေါက် တံခါးချက်ပြုတ်သွားပြီး အတွင်းဝင်နိုင်ကြသည်။

တစ်အိမ်လုံးကတော့ မီးတောက်များက အရှိန်ကောင်းစွာဖြင့် တောက်လောင်နေလေပြီ။ အိမ်အပေါ်ထပ်မှာ ရှာကြည့်တော့ မတွေ့ရ ပေ။

ထို့ကြောင့် ပိတ်ထားသောတံခါးကို ဖွင့်ပြီး မြေအောက်သို့ ဆင်းရလေသည်။

မြေအောက်ခန်းတွင်းမှာ မီးတောက်များက အရှိန်ကောင်းနေ ပြီဖြစ်သောကြောင့် မီးခိုးလုံးများ ပြည့်နေရာ အသက်ကိုပင် မနည်းရှူ နေရသည်။

ထိုအောက်သို့ ရောက်တော့မှ အံ့ဩဖွယ်ရာမြင်ကွင်းကို တွေ့ ကြရသည်။

ကြမ်းပြင်ပေါ်မှာ လဲနေသော မံမီအလောင်းများအပြင် နံရံ ပေါ်မှာလည်း အချို့က ရှိနေကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့မှာ မီးတောက်များက စွဲလောင်နေလေပြီ။

တစ်သက်နှင့်တစ်ကိုယ် တစ်နေရာထဲမှာ ထိုမျှလောက် များပြားသော မံမီရုပ်အလောင်းများကို မတွေ့ဖူးသောကြောင့် အံ့ဩနေလေသည်။

ကြမ်းပြင်တစ်နေရာမှာတော့ မံမီအလောင်းများအောက်မှာ ထဲနေသော ဝေလကို လှမ်းမြင်ရသည်။

ထို့ကြောင့် ထိုနေရာသို့ သွားပြီး မံမီအလောင်းများကို ဆွဲဖယ်ပြီး ဝေလကို ပွေ့ယူလိုက်သည်။

ဝေလမှာ အသက်မရှူတော့ပေ။

ထို့ပြင် သူ့ကိုယ်ပေါ်မှာ ပေါ်နေသော ကျိန်စာများလည်း မရှိတော့ဘဲ မူလအတိုင်းဖြစ်နေပေပြီ။

ဒေါက်တာမင်းထင်ကျော်က ဝေလကို ပွေ့ယူပြီး မီးတောက်များကြားမှ ခက်ခက်ခဲခဲ အပြင်သို့ ထွက်ရလေသည်။

သူတို့ အပြင်ရောက်သောအခါ အိမ်တစ်ခုလုံး မီးတောက်ကြီးများက ဝါးမျိုသွားခဲ့လေပြီ။

မီးခိုးငွေ့များက ကောင်းကင်သို့ အလိပ်လိုက် အလိပ်လိုက် တက်သွားလေရာ ထိုအထဲတွင် လူနှင့် ပုံသဏ္ဌာန်တူသော ဖြူဖြူ သဏ္ဌာန် ဝိညာဉ်ပုံရိပ်မြောက်များစွာကိုလည်း မြင်တွေ့ရလေသည်။

"အော်. . . သူတို့ရဲ့ဝိညာဉ်တွေ လွတ်မြောက်ခွင့် ရသွားကြပြီထင်"

ဟု ရေရွတ်လိုက်သည်။

အပြင်ဘက် မြက်ခင်းပေါ်မှာ ချထားသော ဝေလကတော့ ကိုယ်ပေါ်မှာ မင်စာများ ပျောက်သွားသလို အသက်လည်း မရှူတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခေမာနှင့် ကေသရီတို့ကတော့ ငိုကြွေးနေတော့သည်။

ထိုအခါ နတ်ဆရာ အဘီဂျာက အနားကပ်ပြီး ဝေလကို စမ်း ကြည့်လေသည်။

"သူ့ကိုယ်ထဲမှာတော့ ဝိညာဉ်မရှိတော့ဘူး၊ ဒါပေမယ့် သူ့ ဝိညာဉ်က ဝေးဝေးတော့ ရောက်ဦးမှာ မဟုတ်သေးပါဘူး. . . ပြန် ခေါ်ကြည့်ကြတာပေါ့"

ဟု ပြောကာ ဂါထာမန္တန်များ ရွတ်ဆိုကာ ဝိညာဉ်ခေါ်မှု ပြု လုပ်လေတော့သည်။

ထိုအချိန်တွင် သူတို့နှင့် မနီးမဝေးတောစပ်၌ လူသုံးယောက် ရပ်နေကြသည်။

မိုဟန်၊ ဝေလနှင့် မေရီတို့ သုံးယောက်ပင်ဖြစ်သည်။

ထူးဆန်းသောအချက်မှာ. . .

မိုဟန်ကိုယ်ပေါ်မှာ ပေါ်နေသည့် မီးလောင်ဒဏ်ရာများ မရှိတော့ပေ။

ထို့အတူ မေရီကိုယ်ပေါ်မှာ ရှိနေသည့် နတ်ဆိုးကျိန်စာ ခေါ်သော မင်စာများလည်း မရှိတော့ဘဲ တစ်ကိုယ်လုံး ချောမောနေ လေပြီ။

ဝေလကိုယ်ပေါ်မှ မီးလောင်ဒဏ်ရာများလည်း မရှိပေ။

"သူတို့ ဘာလုပ်နေကြတာလဲ"

"မင်းသေသွားလို့ ငိုနေကြတာ"

"ဘာဖြစ်လို့ ငိုနေကြတာလဲ"

"ငိုနေတဲ့ နှစ်ယောက်က မင်းအမေနဲ့အစ်မလေ၊ မင်း မမှတ် တော့ဘူးလား"

"ဟိုလူကရော ဘာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူက နတ်ဆရာတစ်ယောက်ပဲ၊ မင်းရဲ့ဝိညာဉ်ကို ပြန်ခေါ်နေတာ"

ထိုစကားကြောင့် ဝေလက စိတ်ဝင်စားသွားသဖြင့် ထိုနေရာသို့ လျှောက်သွားလေသည်။

မိုဟန်နှင့်မေရီတို့ကလည်း နောက်မှ လိုက်လာကြလေသည်။ အနားရောက်ပြီး ကြည့်လိုက်တော့ မြက်ခင်းပေါ်မှာ လဲနေသော သူ့ခန္ဓာကိုယ်ကို မြင်ရသည်။

"ဟင်. . . ဟိုမှာလဲနေတာ ငါပါလား"

"ဟုတ်တယ်လေ. . . ဟိုမှာ လဲနေတာ ရုပ်ခန္ဓာလို့ ခေါ်တယ်၊ အခု ဒီမှာရှိနေတာက ဝိညာဉ်ခန္ဓာလို့ ခေါ်တယ်၊ မင်းပြန်သွားပါလား၊ သူတစ်ယောက် အသက်ရှင်ဖို့ဆိုတာ မလွယ်ဘူး"

"သူတို့နှစ်ယောက် ငိုနေတာ ကြည့်ပြီး စိတ်ထဲက သနားလာသလိုပဲ"

"အဲ့ဒါ မင်းအမေပဲလေ၊ မင်းအသက်ပြန်ရှင်လာမယ်ဆိုရင် သူတို့ သိပ်ပြီးဝမ်းသာမှာပေါ့"

"ဒီလိုဆိုရင် ငါပြန်သွားရမှာလား"

"မင်းပြန်သွားချင်ရင် သွားလေ"

"ဒီလိုပြန်သွားရင် မင်းတို့နဲ့ အတူတူ လိုက်ခဲ့လို့ မရတော့ဘူးပေါ့နော်"

"မလိုက်ချင်ပါနဲ့ကွာ. . . ငါတို့က မင်းလို ခန္ဓာကိုယ် မရှိတော့သူတွေပါ၊ ဒါ့ကြောင့် နောက်ထပ်ဝင်ရမယ့် ခန္ဓာကိုယ်အသစ် ရှာဖို့ သွားရမှာပါ၊

မင်းကတော့ ဒီမှာ ခန္ဓာကိုယ် ရှိနေတာပဲ၊ ဒီမှာပဲ နေပေါ့"

"ငါဘယ်လိုလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ်ခန္ဓာထဲကိုသာ ပြန်ဝင်လိုက်ရုံပါပဲ၊ ငါတို့ မင်းတို့ နှုတ်ဆက်ခဲ့ပါတယ်. . . သွားတော့မယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ မေရီနှင့်မိုဟန်တို့ မောင်နှမနှစ် ယောက်တို့၏ဝိညာဉ်က ထိုနေရာမှ တရွေ့ရွေ့ ထွက်ခွာသွားကြရာ အတန်ကြာတော့ မြူနှင်းများကြားမှာ ဝေ့ဝါးပျောက်ကွယ်သွားလေ တော့သည်။

ထိုအခါမှ ဝေလလည်း ၎င်း၏ကိုယ်ခန္ဓာအတွင်းသို့ ပြန်ဝင် လိုက်လေတော့သည်။

မမျှော်လင့်ဘဲ ဝေလ အသက်ပြန်ရှင်လာသောကြောင့် ဒေါ်ခေမာနှင့်ကေသရီတို့မှာ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရလေ သည်။

ထို့ထက်ပို၍ ဝမ်းသာစရာကောင်းသောအချက်မှာ ဝေလ ကိုယ်မှာ စွဲကပ်နေသော သွေးကင်ဆာရောဂါမှာ ပျောက်ကင်းချမ်းသာ သွားပြီး ပကတိ လူကောင်းဘဝသို့ ပြန်လည်ရောက်ရှိသွားခြင်းပင် ဖြစ်တော့သည်။

ထိုအခြေအနေကို မြင်တော့မှ နတ်ဆရာအဘီဂျာလည်း စိတ်သက်သာရာ ရသွားသလို ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇ ကောင်းတို့နှစ်ယောက်မှာလည်း သက်ပြင်းချနိုင်ကြတော့သည်။

အပျော်ရွှင်ဆုံးကတော့ ကာယကံရှင်များဖြစ်ကြသော ဒေါ် ခေမာနှင့် ကေသရီတို့ဖြစ်ကြသည်။

ထိုနေရာမှာ မီးလောင်သည်ဟု သတင်းကြားသဖြင့် ဖခင်ဖြ သူ ဦးသုဂါလလည်း ရောက်လာသောကြောင့် အဆင်ပြေသွားတော့ သည်။

အချိန်ကလည်း အမှောင်ရိပ်များ ကင်းစင်စပြုပြီး အရုဏ်



www.burmeseclassic.com

www.burmeseclassic.com



တက်ချိန်သို့ ရောက်လာချေပြီ။

ပတ်ဝန်းကျင်မှာ အရုဏ်ဦး အလင်းရောင်များ ပြန့်နှံ့လာချေပြီ။

မီးတောက်များ ဝါးမျိုခြင်း ခံခဲ့ရသော ဒေါက်တာဆင်းနား၏ နေအိမ်မှာလည်း ယခုတော့ ပြာပုံဘဝသို့ ရောက်ကာ မီးငြိမ်းသွားခဲ့ပေပြီ။

ထို့အတူ သူတို့အားလုံး၏ရင်ထဲမှ အပူများလည်း ပျောက်ကွယ်ကာ အေးချမ်းသော အခြေအနေသို့ ရောက်ခဲ့ကြရလေပြီ။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၃)

# တားဆွဲ၍မသောသော ဘာဝအခြေအနေ

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက် ဒေါက်တာ အောင်ကျော်တို့နှစ်ယောက်ကို ကေသရီက ၎င်းတို့နေအိမ်သို့ ခေါ်သွားပြီးနောက် ကောင်းမွန်စွာ ကျွေးမွေးဧည့်ခံကြလေသည်။

မျှော်လင့်ချက် ကင်းမဲ့နေသော ဝေလတစ်ယောက် မမျှော်လင့်ဘဲ လူကောင်းဘဝသို့ ပြန်လည်ရောက်ရှိခဲ့သည်မှာ ဒေါက်တာ အောင်ကျော်တို့ ကျေးဇူးမကင်းဟုလည်း ခံယူထားကြလေသည်။

သို့ကြောင့် သူတို့၏အိမ်မှာပဲ တည်းစေပြီး ဘူတန်နိုင်ငံ နေရာအနှံ့အပြားသို့ လိုက်လံပို့ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခါနီးတော့ ကေသရီက မျက်နှာမကောင်းပေ။

"ဆရာတို့ ဒီကနေ ဘယ်ကိုသွားကြမှာလဲဟင်"

"ဒီကနေ အိန္ဒိယဘက်ကို သွားမှာပါ။ ဟိမဝန္တာကို ခရီးဝင်ပြီး မြန်မာပြည်ကို ပြန်ကြမှာပါ"

"ကျွန်တော်တို့ကို အခုလို ခေါ်ပြီး ပြုစုပေးတာ ကေသရီတို့ မိသားစုကို အထူးပဲ ကျေးဇူးတင်ပါတယ်"

"ဆရာတို့ကို အကူအညီပေးရတာ မပြောပလောက်ပါဘူး ဆရာရယ်၊ ကျွန်မမောင်လေးရဲ့အသက်ကို ကယ်ပေးခဲ့တဲ့ကျေးဇူး ကျွန်မတို့မိသားစုတွေက အမြဲတမ်း သတိရနေကြမှာပါ၊ နောက်တစ်ခါ ဘူတန်ရောက်ခဲ့ရင် ကျွန်မတို့ဆီကို လာဖြစ်အောင် လာခဲ့ပါ ဆရာ ကျွန်မတို့ မျှော်နေပါ့မယ်"

"ကောင်းပါပြီ. . . နောက်တစ်ခါ ရောက်အောင်လာခဲ့ပါ့မယ်၊ ကေသရီတို့လည်း မြန်မာပြည်ကို လာခဲ့ပါဦး၊

ဘူတန်နှင့်မြန်မာပြည်က မဝေးလှပါဘူး၊ မြန်မာပြည် ရောက်တဲ့အခါ ကျွန်တော်တို့က တစ်လှည့်ပြုစုချင်ပါသေးတယ်"

"ကောင်းပါပြီ. . . ကျွန်မတို့ တစ်ခေါက်တော့ ရောက်အောင် လာခဲ့ပါမယ်"

ထို့နောက် ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ ခရီးသည် ပို့ဆောင်သောကားပေါ် သို့ တက်ခါနီးတွင် ၎င်းတို့ မိသားစုကို နှုတ်ဆက်သောအခါ ကေသရီက မျက်ရည်အဝိုင်းသားနှင့် ပြန်လည် နှုတ်ဆက်လေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကို တင်ဆောင်သွားသော ခရီး သည်တင်ကား ထွက်သွားသောအခါ တိုးတိုးလေး ရေရွတ်လိုက်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"သွားပေဦးတော့ ရွှေညော့်သည်ရေ၊ ကံမကုန်သေးရင်တော့ ပြန်ဆုံမယ့်ရက်ကို ကျွန်မ စောင့်မျှော်နေပါမယ့်ရှင်"

ထွက်သွားသောကားက မြင်ကွင်းမှ တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။

ကားပေါ်မှာ ပါသွားသော ဒေါက်တာမင်းထင်ကျော်မှာလဲ မျက်နှာမကောင်းလှပေ။

ထိုအခြေအနေကို ရိပ်မိသော ဦးဗန်ကောင်းက တိုးတိုးမေးလိုက်သည်။

"ဘယ်လိုလဲ မောင်ထင်ကျော်၊ လူကသာ ကားပေါ် ပါလာပေမယ့် အသည်းနှလုံးက ဟိုမှာကျန်ခဲ့ပြီ မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ထွေထွေထူးထူး ဘာမှပြန်မပြောဘဲ မချိပြုံးသာ ပြုံးလိုက်လေသည်။

"မောင်ရင်ကသာ အသည်းနှလုံး ဟိုမှာကျန်နေခဲ့ပေမယ့် ကျုပ်ကတော့ အဖိုးတန်တာတွေ ပါလာခဲ့တယ်"

"ဘာတွေလဲ အဘရဲ့"

"ဒေါက်တာဆင်းနားရဲ့တစ်အိမ်လုံး မီးလောင်နေတဲ့အချိန်မှာ သူ့ရဲ့စာကြည့်တိုက်ထဲက ရှေးဟောင်းဆေးကျမ်းတွေ မှန်သမျှ ထည့်ယူလာတယ်"

ဟု ပြောကာ သူယူလာသောအိတ်ကြီးကို လက်ဖြင့် ပုတ်ပြလေသည်။

"ကောင်းတာပေါ့ အဘရယ်"

"ဒါကြောင့် ဒီတစ်ခါတော့ မောင်ရင်အနေနှင့် ပူစပ်ပူလောင် ခံနေရပေမယ့် ကျုပ်ကတော့ အမြတ်ရလာတယ်လို့ ဆိုရမှာပဲ၊ ဟား ဟား. . . ဟား. . . ဟား"

☺ အောင်မြင်စွာပြီး ☺

www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်း၏သဘောကျစွာ ရယ်မောသံက ကားထဲမှာ ပေါ်ထွက်လာလေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(ပုဏ္ဏကကျိန်စာ)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုသည်လည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

# တြိစကြ

စာပြီးချိန်။ ။(၂၀၁၁)ခုနှစ်၊ဩဂုတ်လ(၃၀)ရက်၊အင်္ဂါနေ့၊နံနက်(၉)နာရီအချိန်။

www.burmeseclassic.com